www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၆၄၉၀၆၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၁၀၄၀၉၁၀

ထုတ်ဝေသူ ♦ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ ♦ ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း ♦ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ။

အုပ်ရေ ♦ ၅၀၀ အုပ်

တန်ဖိုး ♦ ၁၀၀ ကျပ်

ဖြန့်ချိရေး ♦ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
တန်ခူးလေပြေ
အချစ်တစ်ပဲ အလွဲတစ်ပိဿာ / တန်ခူးလေပြေ။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၀၉။
၁၅၉ စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) အချစ်တစ်ပဲ အလွဲတစ်ပိဿာ


BURMESE CLASSIC

# အခန်း(၁)

မြို့ထဲဆင်းရမှာလည်း ပျင်းရိစရာကောင်းလှသည်။ ကားခ အသွားအပြန်မှလွဲ၍ အနည်းအကျဉ်းသာရှိလှူံသော အိတ်ကပ်ထဲကိုလည်း စမ်းစမ်းကြည့်ရတာ အားနာစရာကောင်း၏။ စာမူကိစ္စရှိလို့သာ မလွဲသာ မရှောင်သာ မြို့ထဲဆင်းလာခဲ့ရသည်။ မြို့ထဲတစ်ခေါက်ဆင်းရင် ငွေပိုငွေလျှံကလေးပါနေမှ တော်ကာကျမည်။

ရဲဟိန်းသူက ရုပ်ရှင်ကလေးကလည်း ကြည့်ချင်သေး၏။ စားချင်တာလေးတွေလည်း ရွေးစားချင်နေမိ၏။ စာအုပ်အဟောင်းတန်းလေးမှာလည်း ဝင်မွှေနှောက်ချင်မိ၏။ လေထန်ကုန်းကိုလည်း ဝင်ထိုင်၍ စာပေသတင်းလေးတွေ နားစွင့်ချင်မိသေး၏။

သို့သော်လည်း စာမူကိစ္စလေးအဆင်ပြေရင် ကောင်းမည်အတွေးနဲ့။

မဂ္ဂဇင်းတိုက်က ၃၂ လမ်းအထက်ဘလောက်မှာ။ ရဲဟိန်းသူ ဝတ္ထုတိုကလေးကို ရှေ့လသုံးမည်ပြောထားသဖြင့် စာမူခလေးများ



www.burmeseclassic.com

www.burmeseclassic.com

ကြို့တင်ရလေမလားပေါ့။ ရဲဟိန်းသူသည် နယ်မှရန်ကုန်ရှိ ဒဂုံတက္ကသိုလ်သို့ ကျောင်းလာတက်သော ပထမနှစ်သမိုင်းအထူးပြု ကျောင်းသားဖြစ်သည်။ ကျောင်းချိန်အားလျှင် ဝါသနာပါရာ စာတိုပေစလေးတွေ ရေး၍ မဂ္ဂဇင်းတိုက်သို့ ပို့လေ့ရှိ၏။ ကလောင်အမည်မှာ 'ဦးရာလူ' ဖြစ်ပြီး အချစ်သဘာဝအဖွဲ့အနွဲ့ဝတ္ထုကလေးတွေကို ခံစားချက်ကောင်းကောင်းကလေးဖြင့် ရေးဖွဲ့နိုင်သူဖြစ်၏။

ရဲဟိန်းသူကိုယ်တိုင်ကတော့ ဘဝတစ်လျှောက် ရည်းစားသနာ တစ်ယောက်မှ ထားရှိခြင်းမရှိသေးပေ။ စိတ်ဝင်စားသော မိန်းကလေး မတွေ့သေးတာတစ်ကြောင်း၊ ကိုယ်တိုင်က လှဲချော်ခြင်းများနှင့် အထင်အမြင်လွဲအောင်ဖြစ်တတ်သော အကျင့်ညဥ်တို့ကြောင့် ရည်းစားထားရမှာကို သေမတတ် ထိတ်လန့်ခဲ့၏။

ရဲဟိန်းသူကို သူငယ်ချင်းတွေက 'ပဲလှော်ကြားကဆား'ဟု ချစ်စနိုးဖြင့် နောက်ပြောင်ခေါ်ကြသည်။

ရဲဟိန်းသူက ပုံဆွဲကောင်းသဖြင့် အခြားမေဂျာကသူတွေက Bio ပုံတွေ လာလာဆွဲခိုင်းရာမှ ကျောင်းထဲတွင် လူသိများသည်။ ရဲဟိန်းသူက သူများကိစ္စတိုင်းကို ဝင်ကူညီပေမဲ့ တစ်ဘက်အမြင်တွေက တိမ်းစောင်းသွားပြီး အထင်အမြင်လွဲကာ အမဲခံရ၏။ ကိစ္စရပ်တစ်ခုမှာ ရဲဟိန်းသူ ဝင်လာလျှင် ကမောက်ကမ အနည်းအကျဉ်းဖြစ်သွားတတ်သည်။ ရဲဟိန်းသူ အနေအထိုင်မတတ်လို့မဟုတ်။ သူ့ကံဇာတာကိုက အဲဒီလိုပါလာခြင်း ဖြစ်၏။

ရဲဟိန်းသူ တတ်နိုင်သမျှ သူ့ တစ်ပါးကို ကူညီရမဲ့ကိစ္စမျိုးကို လက်ရှောင်သည်။ မလွှဲသာမရှောင်သာ ဒွိုဒိုးတွေ့မှသာ…





ရည်းစားမထားတာကလည်း အဲဒီအချက်တွေ ဇာတာတွေ ကြောင့်လည်းပါသည်။

ရဲဟိန်းသူ စာမူခလေးရရင် ပထမဦးဆုံး ရုပ်ရှင်ဝင်ကြည့်မယ် စိတ်ကူးထား၏။ နေပြည်တော်မှာ ရုံတင်နေသော ရုပ်ရှင်ကားကောင်းသည်။

မဂ္ဂဇင်းတိုက်ပေါ် တက်သွားတော့ ထုံးစံအတိုင်း အယ်ဒီတာ စားပွဲတွင် ငုငုကြီးထိုင်နေသော တာဝန်ခံအယ်ဒီတာကို တွေ့လိုက်ရသည်။

'ဟာ… ဆရာ… လာ၊ ထိုင်'

ရဲဟိန်းသူလည်း ကုလားထိုင်တစ်လုံးဆွဲပြီး ဝင်ထိုင်သည်။

'ဆရာ… ကျွန်တော် စာမူလာပို့တာပါ၊ အရင်တစ်ခါပေးထားတဲ့ ဝတ္ထုလေးကို ဆရာတို့ ရွေးလည်းမယ်ဆိုရင် စာမူခလေး ကြို့ထုတ်ပေးပါလား'

ရဲဟိန်းသူ အရဲစွန့်၍ ပြောသည်။ သို့သော် အချည်းနှီးသာ…

'ဆရာရယ်… အားတော့နာပါတယ်၊ ရွေးလနားဖို့ စီစဉ်ထားတယ်၊ ဆရာသိတဲ့အတိုင်းပဲ စက္ကူဈေးတွေကဖိတက်၊ ကြော်ငြာကမရ ပုံနှိပ်ခတွေက ဈေးကြီးနဲ့ ပရိဂျူဆာလည်း တော်တော်လေး အရှုံးပေါ်နေတယ် ဆရာရယ်၊ နောက်လရောက်ခါနီးမှပဲ တစ်ခေါက်လာခဲ့နော်၊ အားနာပါတယ်'

ရဲဟိန်းသူ ဘာဆက်ပြောရမှန်းမသိတော့။ ကိုယ့်ထိုက်နဲ့ကိုယ့် ကံသာ ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ကလင်… ကလင်… ကလင်…'

အယ်ဒီတာ ဖုန်းကို ပြေးကိုင်၏။

'ဘာ… မင်းတို့ကလည်းကွာ၊ ဆက်လိုက်လေ၊ အဆိုတော်လေးက ဝတ္ထုတစ်ပုဒ်ရဖို့အချိန်တွေ သိပ်ကြာတာပဲ၊ သူ့ရိုက်ကွင်းရှိတဲ့နေရာကို ဆက်လိုက်'

ရဲဟိန်းသူ ရင်ထဲနင့်သွား၏။ သြော်… အဆိုတော်ဆီက ဝတ္ထုရဖို့ သမင်နောက်လိုက်တဲ့ မုဆိုးလိုဖြစ်နေပြီ။ မတတ်နိုင်။ ပြန်ရုံမှတစ်ပါး အခြားမှ မရှိပြီ။

'ဆရာ… ကျွန်တော့်ကို ခွင့်ပြုပါဦး'

'အေး… အေး'

ရဲဟိန်းသူ စိတ်ဓာတ်တွေ အပုံကြီးကျကာ ခေါင်းငိုက်စိုက်နဲ့ တိုက်ပေါ်မှ ဆင်းလာ၏။ အားခဲထားသော ရုပ်ရှင်ကားလေးလည်း ကြည့်ခွင့်မကြုံတော့။ မကြည့်ရမဲ့အတူတူ နေပြည်တော်ရုံရှေ့ ပိုစတာတွေကို အာသာငမ်းငမ်း သွားကြည့်တာကောင်းမည်။ ငါးမရတော့ ရေချိုးပြန်ရမပေါ့။

နေပြည်တော်ရုံရှေ့တွင် လက်မှတ်ကိုယ်စီနဲ့ တန်းစီနေကြသော လူတွေကို မြင်ရတော့ ကိုယ်လည်း သူတို့လို ကြည့်ချင်လှသပေါ့။ ရဲဟိန်းသူလည်း ယောင်ပေပေနဲ့ ပိုစတာတွေကို လိုက်ကြည့်နေ၏။ မှောင်ခိုငနဲတွေက လာလာမေးသည်။

'ဟာ… ဟိန်းသူ အတော်ပဲဟာ'

ရဲဟိန်းသူ လက်မောင်းကို လာ၍ဆုပ်ကိုင်သူကို ပြန်ကြည့်မိ





တော့ Zoo မေဂျာက သဉ္ဇာနွေးဖြစ်နေသည်။ သိပ်အရင်းအနှီးတော့ မဟုတ်။

'နင် ဘာလာလုပ်တာလဲ'

'ငါ… ရုပ်ရှင်'

သဉ္ဇာနွေးက စကားကိုဖြတ်ပြော၏။

'နင် လက်မှတ်ဝယ်ပြီးပြီလား'

'ဟို မဝယ်ရသေးဘူး'

'အတော်ပဲဟာ၊ ငါ လက်မှတ်နှစ်စောင်ဝယ်ထားတာ၊ တစ်စောင်ပိုနေတယ်ဟာ၊ နင် ငါနဲ့အတူ ဝင်ကြည့်ဟာ၊ ငါ့အကောင်က ခုချိန်ထိ ရောက်မလာသေးဘူး၊ လာမှာလည်း မဟုတ်တော့ဘူး'

ရဲဟိန်းသူ မျက်လုံးပြူးသွားသည်။ သဉ္ဇာနွေးက သူ့ရည်းစားနဲ့ ကြည့်မည့်ရုပ်ရှင် သူဝင်ကြည့်ရင် ပြဿနာ တက်မပေါ့။

'ဟ… ကောင်မလေး ပြဿနာတော့ မရှာနဲ့နော်၊ နင့်ဘာသာ နင့်ရည်းစားကိုစောင့်၊ ငါ မကြည့်တော့ဘူး'

ရဲဟိန်းသူ ပျာပျာသလဲငြင်း၏။ ဒါမျိုးတွေက နိမိတ်မလှပဘူး။

'လုပ်ပါဟာ၊ သဉ္ဇာလည်း ဒီကားကို တစ်ယောက်တည်း မကြည့်ချင်လို့ ငါ့ကောင်ကလာမှာ မဟုတ်တော့ဘူး၊ နင်ကလည်းဟာ ရုပ်ရှင်လည်းပြရသေး၊ ငြင်းလည်းငြင်းနေသေး၊ ဘာမှန်းလည်း မသိဘူး၊ ငါ့စေတနာကို အသိအမှတ်မပြုဘူး'

သဉ္ဇာနွေးက ရဲဟိန်းသူ လက်မောင်းကိုဆွဲ၍ ပျစ်ချွဲချွဲပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'ပြဿနာပဲ၊ ငါကလည်း ဒီလိုပုံစံတွေနဲ့ ကြုံလာရင် ပြဿနာ တက်တတ်တယ်၊ ကဲကွာ၊ ဖြစ်ချင်တာဖြစ်၊ နောက်ဖြစ်မှနောင်ရှင်း၊ ငါ လည်း ဒီကားကြည့်ချင်နေတာနဲ့ အတော်ပဲ'

ရဲဟိန်းသူ စိတ်ဒုံးဒုံးချ၊ ယတိပြတ်ဆုံးဖြတ်၍ သဥ္ဇာနွေးနဲ့ အတူ ရုပ်ရှင်ဝင်ကြည့်မိတော့သည်။ သဥ္ဇာနွေးက နဂိုကမှ ဆပ်ကော့ လပ်ကော့ ခပ်ဆော့ဆော့ ကောင်မလေး။ ရဲဟိန်းသူ ရုံထဲ မှောင်မှောင် မည်းမည်း သတိဝီရိယကြီးစွာ နိုးကြားနေရ၏။

ရုပ်ရှင်က စပြချေပြီ။ အင်္ဂလိပ်ဇာတ်ကြမ်းအက်ရှင်ကား။ အမေရိကန်မှာ ထိပ်ဆုံးပြေးနေတဲ့ ကားတစ်ကား။ ရဲဟိန်းသူလည်း သူကြည့်ချင်သော ကားကိုကြည့်ရသဖြင့် ဝမ်းသာမိပါသည်။ ဇာတ် ကားကလည်း စိတ်ဝင်စားစရာကောင်းလှပါ၏။

'ဒီကောင်… ခြေလှမ်းတွေ ပျက်နေပြီ'

သဥ္ဇာနွေးက အဆက်အစပ်မရှိ ပြောနေတော့ ရဲဟိန်းသူက ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းကို ပြောသည်ထင်၍ သံယောင်လိုက်ပေး သည်။

'လူဆိုးကတော့ ဒီလိုပဲပေါ့'

'လူဆိုးမဟုတ်ဘူး၊ အယုတ်တမာကောင်'

'ဟာ… သဥ္ဇာရဲ့ ဒီလူက မယုတ်မာဘူး၊ ဘဝတစ်လျှောက် လုံး ဆိုးလို့ ဆိုးလာရတာ'

'မဟုတ်ဘူး၊ သဥ္ဇာ့အပေါ်မှာ ဆိုးကိုဆိုးတာ'

တလွဲတချော်ဖြစ်ပြီ။ စလစ်ဖြစ်ပြီ။ သဥ္ဇာနွေးပြောနေတာက





သူ့အကောင်ကို။ ရဲဟိန်းသူ သံယောင်လိုက်နေတာက ရုပ်ရှင်ထဲက လူဆိုးကို။ ခရီးတော်တော်ရောက်ခါမှ ရှန်တိန်ဖြစ်သွားရလေခြင်း။

'ဟင့်… ဟင့်… ဟင့်…'

ရဲဟိန်းသူ ခြေဖျားလက်ဖျားတွေ အေးစက်သွား၏။ သဥ္ဇာ နွေးက အသံထွက်ရုံကလေး တဟင့်ဟင့်ငိုနေပြီး ရဲဟိန်းသူလက်မောင်း ကို ဖက်ကာ ခေါင်းမှီထားသည်။ ရဲဟိန်းသူ မနေတတ်။ ဇာတ်ကားထဲ လည်း စိတ်ဝင်စားလို့ မရတော့။

'သဥ္ဇာ… ဟဲ့… နင်ပြောစရာရှိရင် အပြင်ရောက်မှပြော၊ ဒီမှာ လူတွေနဲ့လေ'

'နင်ကလည်း တုံးလိုက်တာဟာ'

သဥ္ဇာနွေးက မျက်ရည်တွေကို လက်နဲ့သုတ်ပစ်နေ၏။

'သဥ္ဇာ နင့်လူက ဘာဖြစ်လို့လဲဟ'

'သူ အခြားကောင်မလေးတစ်ယောက်နဲ့ တွဲခုတ်နေပြီဟ'

'ဟာ… နင် မျက်မြင်သက်သေ အထောက်အထားရှိလို့လား'

'ငါကိုယ်တိုင် မြင်တာ'

'သေသေချာချာလည်း မေးကြည့်ပါဦး'

'အခု ငါချိန်းတာမလာတာဘဲ၊ ဘာမှမေးစရာမလိုတော့ဘူး၊ ဟင့်… အခု ငါ ရုပ်ရှင်ကြည့်တာ အဖော်ရမလားလို့ နင့်ကိုခေါ်တာ ကလည်း အလကားပဲ၊ ဟွန်း… နည်းနည်းလေးတောင် ငိုလို့မရဘူး၊ တော်ပြီ'

'ဟဲ… ဟဲ… ငါကလည်း မြန်းခနဲဆိုတော့ လန့်သွားလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ နောက်ပြီး ဓာတ်ကားထဲလည်း ငါ့စိတ်တွေက ရှာန်ဝင်နေလို့ပါ၊ အပြင်ရောက်မှ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့ဟာ၊ နော်'

ရဲဟိန်းသူက အချိုသပ်ထားရသည်။ သဉ္ဇာနွေးက မလွှယ်ရေးချ မလွယ်။ ကောင်းကောင်းနွယ်လာမယ့်သဘောရှိ၏။ ထွက်ပြေးဖို့ စိုင်းပြင်းရပေတော့မည်။

ရုပ်ရှင်ပြီးသောအခါ သဉ္ဇာနွေးက အလိုအကျသော မျက်နှာကလေးနှင့် ငိုချင်သလို ရယ်ချင်သလိုလို။ ရဲဟိန်းသူကတော့ ဂယ်ပေါက်ကို ရှာနေသော ကြွက်စုတ်တစ်ကောင်အလား။ သို့တည်းမဟုတ် ဂက်စတာပိုတွေ လက်ထဲက ထွက်ပြေးမယ့် ဂျူးတစ်ယောက်ကဲ့သို့။

'ရဲဟိန်းသူ နင် အားသေးတယ် မဟုတ်လား'

သဉ္ဇာနွေးက သူ့ဖန်စီနာရီလေးကို ကြည့်သည်။

'ဟာ… ငါ မအားတော့ဘူးဟ၊ အိမ်မှာ လုပ်စရာလေးတွေ ရှိသေးတယ်'

'နင် မအားလို့ မရဘူးဟာ၊ ငါနဲ့ ကန်တော်ကြီးဘက် ခဏ လိုက်ခဲ့'

ဗုဒ္ဓေါ။ ရဲဟိန်းသူ အကြောအချဉ်တွေ တုံ့ဆိုင်းသွား၏။

'ဟာ… သဉ္ဇာ ငါမလိုက်ဘူး'

'လိုက်ခဲ့ပါဟာ၊ နင်ကလည်း၊ နင့်ကို ငါ ကိုက်မစားပါဘူး'

ကိုက်စားခံရတာမှ တော်ဦးမည်။ အခုဟာက မလွယ်ကြော။

'အေးဟာ၊ နင့်သဘောပဲ'





ရဲဟိန်းသူ သက်ပြင်းချလိုက်သည်။ ခုခေတ်ကောင်မလေးတွေများ မလွယ်ပါလား။ ကားလမ်းမကို ဖြတ်ကူးချိန်တွင် ရဲဟိန်းသူ အကြံတစ်ချက်ရသွားသည်။ မီးပွိုင့်ကို ကြည့်တော့ မီးစိမ်းခါနီး (၃) စက္ကန့်အလို။ ရဲဟိန်းသူ သွက်လက်စွာ လှုပ်ရှားလိုက်ပြီ။ ထွက်စပြုနေသော ဘီအမ်တစ်စီးအပေါ် ပြေးတက်သွားသည်။ ဖြုန်းခနဲဆိုတော့ သဉ္ဇာနွေးလည်း လိုက်မတက်နိုင်။

ဒါပေမဲ့ ကံကြမ္မာက ကဂျိုးကကျောင်။ ကားပေါ်မှ လူနည်းနေသဖြင့် စပယ်ယာက မီးစိမ်းတာတောင် သဉ္ဇာနွေးကိုလက်ယပ်ခေါ်၏။

'ညီမလေး လာ… လာ… မြန်မြန်လေး'

စပယ်ယာကလည်း သွက်လက်စွာ သဉ္ဇာနွေးလက်ကို ဖျတ်ခနဲ ဆွဲ၍ ကားပေါ်သို့ ဗွေ့ခနဲ တင်သည်။ ကျက်သရေတုံးသော စပယ်ယာပါလား။ သဉ္ဇာနွေးက မုဆိုးတစ်ယောက်လို ပြုံးလိုက်၏။ ရဲဟိန်းသူလည်း ကားပေါ်က ချက်ချင်းပြေးဆင်းသွားချင်သည်။ သဉ္ဇာနွေးက စပယ်ယာကို ကားခနှစ်ယောက်စာ ပေးလိုက်သေး၏။

ဗဟန်း (၃)လမ်းရောက်တော့ သဉ္ဇာနွေးက အရင်ဆင်းသွားပြီး ရဲဟိန်းသူက မတတ်သာဘဲ နောက်ကလိုက်ဆင်းရသည်။

'နင်က ငါနဲ့သွားရမှာ ဘာလို့တစ္ဆေတစ်ကောင်လို ကြောက်နေရတာလဲ'

'မဟုတ်ပါဘူးဟ၊ ငါ အိမ်မှာအလုပ်တွေ လုပ်စရာရှိသေးတယ်၊ အချိန်မရဘူးဟာ၊ နောက်နေ့မှ အေးအေးဆေးဆေး တွေ့ကြမယ် နော်'



www.burmeseclassic.com

www.burmeseclassic.com



'မတွေ့ဘူးဟာ၊ ငါ နင့်ကို ရင်ဖွင့်ပြစရာတွေရှိတယ်'

'လူလယ်ခေါင်းကြီးမှာဟာ'

'ကန်တော်ကြီးထဲ ဝင်ပြောမှာပေါ့'

'ဟာ… ငါ… ငါ… အချိန်မရတော့ဘူး၊ သွားမယ်ဟာ'

'မသွားရဘူး'

သဉ္ဇာနွေးက ရဲဟိန်းသူ လက်ကိုဆောင့်ဆွဲထားသည်။ ရဲဟိန်းသူက မသိမသာ ရုန်းနေသည်။ သဉ္ဇာနွေးက လက်ကိုဆွဲပြီး ကန်တော်ကြီးထဲ ခြေဦးလှည့်လိုက်၏။

ရဲဟိန်းသူမှာ လက်လိမ်ပြီး တစ်ပတ်လည်သွားသည်။ သဉ္ဇာနွေးက လက်ကိုဆွဲထားလျက်နဲ့ ရဲဟိန်းသူ နာသွားမှာစိုး၍ လွှတ်လိုက်၏။ ရဲဟိန်းသူမှာ နဂိုကမှ လူပျော့ဆိုတော့ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ ရေခဲရေဆိုင်ကို ကိုယ်တစောင်းဖြင့် ဝင်တိုက်မိရာ ရေခဲတုံးနှင့်ပုံးတွေ တစ်စစီလွင့်စင်ကုန်သည်။

'ဟာ… သွားပြီ'

'ဟေ့လူ… ခင်ဗျား… ခင်ဗျားလုပ်လို့ ရေခဲရေတွေ မှောက်ကုန်ပြီ၊ လျော်… ခင်ဗျား လျော်'

သဉ္ဇာနွေးက ခပ်လှမ်းလှမ်းမှ ပါးစပ်အဟောင်းသားလေးနဲ့ ပြူးကြောင်ကြောင်ကြည့်နေသည်။ ရဲဟိန်းသူ လျော်စရာလည်း တစ်ပြားမှမပါ။ မထူးတော့ပေ။ သဉ္ဇာနွေးလက်ထဲက လွှတ်ဖို့ကလည်း ဒီတစ်လမ်းပဲ ရှိသည်။ ရေခဲရေဖိုးကလည်း မလျော်ပေးနိုင်။ ဒီတော့ကာ ထွက်ပြေးဖို့သာ ရှိတော့၏။





ရဲဟိန်းသူ မာရသွန်သမား ခြေလှမ်းမျိုးဖြင့် ထွက်ပြေးလေတော့သည်။

နောက်ကလူတွေ မျက်ခြေပြတ်ကျန်ရစ်ခဲ့သောက်အောင်ပြေးလေသည်။ ပြေးလိုက်တာ ကန်တော်ကြီးတစ်ပတ် ပြည့်တော့မည်။ ပလက်ဖောင်းမှာ ထိုင်ချလိုက်မှ တော်တော်မောနေမှန်းသိရ၏။ ကြည့်ထားတဲ့ ရုပ်ရှင်ကားထဲက လူဆိုးတွေလိုက်လို့ ထွက်ပြေးရတဲ့ မင်းသားလိုဖြစ်နေသည်။

'တောက်… သဉ္ဇာနွေး တော်တော်ဒုက္ခပေးတဲ့ ကောင်မလေးပဲ၊ သူ့ကိစ္စ ငါ့တိုင်ပင်ရအောင် သူ့ပတွေးကျနေတာပဲ၊ မိန်းမတွေ၊ မိန်းမတွေ၊ တစ်ယောက်မှမကောင်းဘူး၊ သူတို့ဖြစ်စေချင်ရင် လက်ပံပင်ပျိုကိုတောင် လင်အမှတ်နဲ့ ဖက်နေမှာ၊ သူတို့များ မုန်းပြီဆိုရင် လီယိုနာဒိုကိုတောင် ဓားနဲ့မွှန်းကြမှာ၊ တကယ့်မာယာ အနန္တတွေပဲ၊ မိန်းမရယ်… မြစ်ရယ် ကွေ့ကောက်တတ်တယ်တဲ့။ ဒါကြောင့် ငါလည်း ချစ်သူမရှာတာ'

ရဲဟိန်းသူလည်း ဒေါသဖြစ်ဖြစ်နဲ့ လျှောက်တွေးနေသည်။ အခု အိမ်ပြန်ချိန်လည်း နောက်ကျခဲ့ပြီ။ ဦးလေးတော်က အပြစ်ဖို့ဦးမည်။

မနက်ဖြန် ကျောင်းတက်ရင် ဟိုကောင်တွေကို ပြောပြရဦးမည်။ ဒါပေမဲ့ သဉ္ဇာနွေးကိုတော့ ဝေးဝေးရှောင်မှဖြစ်မည်။ သဉ္ဇာနွေးနှင့် ရဲဟိန်းသူ ဖြစ်ပျက်ခဲ့ပုံတွေကို သဉ္ဇာနွေး ရည်းစားမမြင်ပါစေနဲ့လို့ ဆုတောင်းရပေဦးမည်။ သမ္မာဒေဝနတ်မြတ်နတ်ကောင်းတို့ သဉ္ဇာနွေး



www.burmeseclassic.com

www.burmeseclassic.com

ဆွယ်လို့ ရုပ်ရှင်ကြည့်ရပြီး သူမပဲ နှယ်လို့ ဗဟန်း(၃)လမ်းမှာ ပြဿနာတွေတက်ခဲ့ရတာ ကျွန်တော့်ပယောဂမပါပါ။

ရဲဟိန်းသူက ပကတိ ရိုးသားသူတစ်ဦးပါ ခင်ဗျာ...။

❖ ❖ ❖



## အခန်း(၂)

'သူငယ်ချင်းရာ ငါ့မှာ ရေခဲရေသည်ကို ဝင်တိုက်မိတာ ကံကောင်းတယ်ဆိုရမှာပဲ၊ ဘယ်လိုမှကို ခံစားလို့မရတာ'

ရဲဟိန်းသူက အချစ်ဆုံးသူငယ်ချင်းနှစ်ဦးဖြစ်သော ကျော်ဇင်ဝိုင်းနှင့် နှင်းနှင်းငြိမ်းကို မနေ့ကကိစ္စအကြောင်း ပြောပြသည်။ ကျော်ဇင်ဝိုင်းက ခွက်ထိုးခွက်လန်ရယ်ပေမဲ့ နှင်းနှင်းငြိမ်းကတော့ မချိုတရိုသာ ပြုံးသည်။

'မင်းကွာ၊ သေချ ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းအစင်းရာနဲ့အထင်းသားပဲဟေ့'

'ငါလည်း တစ်ခါသေဖူး ပျဉ်ဖိုးနားလည်နေပြီကွာ၊ ဒါပေမဲ့ ငါ့ကံဇာတာကိုက ဒီလို ပဲလော်ကြားဆားညပ်ဖို့ပါလာသလားမသိဘူး'

'ဟိုအရင်ဖြစ်ခဲ့တဲ့ ကိစ္စတွေကို မစဉ်းစားနေပါနဲ့ဟာ'

နှင်းနှင်းငြိမ်းက တစ်ရှုးပေပါဖြင့် နှုတ်ခမ်းလေးကို သုတ်ရင်းပြောၕ်။ ရဲဟိန်းသူလည်း အစဖော်လိုက်မိသလိုဖြစ်ပြီး ရင်ထဲမချိုဖြင့်သွားသည်။ အရင်တစ်ခါကိစ္စက ရဲဟိန်းသူကို နာမည်ကြီးစေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို အသည်းအသန် ချစ်မိပြီး ကောင်မလေးရဲ့အချစ်ကို အချိန်ကြာမြင့်စွာ စောင့်ဆိုင်းပြီးမှ ရရှိခဲ့သည်။ သမီးရည်းစားသက်တမ်း သိပ်မကြာခင် ကောင်မလေးက နောက်ထပ်ကောင်လေးတစ်ယောက်ကို တွဲခုတ်ပြီး ပြိုင်တူ လုပ်လာသည်။ ဖြစ်ချင်တော့ ရဲဟိန်းသူနဲ့ ကောင်မလေးက အမှတ်မထင် ဆုံတွေ့ကြပြီး ကောင်မလေးက ရဲဟိန်းသူကို ခုတုံးလုပ်ကာ နောက်ထပ်ကောင်လေးနဲ့ ပါသွားသည်။

အရင်ကောင်လေးက ရဲဟိန်းသူကိုသာ ထင်မြင်မိပြီး အတော် ခံစားလိုက်ရသည်။ ကောင်မလေးကို ဖြေရှင်းဖို့အသွား ဓားတွေနဲ့မို့ လမ်းမှာကားတိုက်ခံရ၏။ ခုထိ ခြေထောက်ပြန်မကောင်းတော့ဘဲ ဂိုးချိုလေးနဲ့ သွားရနေရပြီး ကျောင်းမှလည်းထွက်ကာ ကောင်မလေးကို အရမ်းနာကျည်းသွား၏။

ရဲဟိန်းသူနဲ့ ဘာမှမပတ်သက်ပေမဲ့ ပက်ဝန်းကျင်ရဲ့ ထင်မြင် သက်ရောက်မှုအရ သူတစ်ပါးချစ်ခြင်းကို ခွဲလိုက်သလို ဖြစ်သွားရလေ သည်။ ရဲဟိန်းသူ ကောင်လေးကို သွားတောင်းပန်တဲ့ အချိန်မှာလည်း ကောင်လေးအသိုင်း အဝိုင်းတွေက ကောင်လေးနဲ့ တွေ့ခွင့်မပေးတော့ဘဲ နိုင်ငံခြားကိုပို့ လိုက်၏။

အခု ကောင်မလေးက ကျောင်းမပြီးခင် အိမ်ထောင်ကျကာ ကိုယ်ဝန်ပါ ခြောက်လရှိနေပြီ။ ရဲဟိန်းသူ ပယောဂမပါပေမဲ့ ကြားမှနေ၍ တော်တော်စိတ်မကောင်းဖြစ်မိသည်။ ကောင်မလေးရဲ့ အချိန်သေး သေးလေးတစ်ခုအပေါ် အသုံးချခဲ့ခြင်းကြောင့် မလိုလားအပ်သော





ပြဿနာတွေသည် ရဲဟိန်းသူက စတင်၍ တည်ကြက်သဘောမျိုးဖြစ် သွားခဲ့သည်။ ကိုယ်နဲ့မဆိုင်ပေမဲ့ ကိုယ့်ကြောင့်ဖြစ်ရတာမို့ ရဲဟိန်းသူ လည်း ရင်ထဲမကောင်းဖြစ်ခဲ့ရသည်။

ဒါကြောင့် ရဲဟိန်းသူကို ဓာတ်သိတွေနှင့် အချို့သောသူတွေ က ပဲလှော်ကြားက ဆားဟုခေါ် ဆိုခဲ့ကြသည်။ ရဲဟိန်းသူ စိတ်မဆိုးပေ မဲ့ တော်တော်လေးတော့ ခံပြင်းခဲ့သည်။ ကောင်မလေးနဲ့ ဘာမှမဟုတ် ဘဲ သိကျွမ်းခဲ့ခြင်းကြောင့် အမှိုက်စ ပြဿဒ်မီးလောင်၊ ဂါယာကြီး လေးပြတ်တာနဲ့ တစ်မြို့လုံးမီးပျက်ဆိုသလို ဖြစ်ခဲ့ရသည်။

ရဲဟိန်းသူ ခေတ္တ တွေဝေသွားသဖြင့် နှင်းနှင်းငြိမ်းက ကျော် ဇင်ဝိုင်းကို လက်နဲ့တို့ကာ သတိပေးသည်။ ကျော်ဇင်ဝိုင်းလည်း ဘာ ပြန်ပြောရမှန်းမသိ။ သုံးယောက်စလုံး ခဏမျှ ငြိမ်သက်သွားသည်။

'အရင်ကိစ္စတွေကို မေ့ပစ်လိုက်ပါကွာ၊ ဒါတွေဟာ တိုက်ဆိုင် မှုတွေပဲ'

'ဟုတ်ပါတယ် ရဲဟိန်းသူရယ်၊ သူတို့လည်း ဖြစ်ချိန်တန်လို့ ဖြစ်ရတာပါ၊ ဘာမှတွေးမနေနဲ့'

သူငယ်ချင်းနှစ်ဦးက ဝိုင်းဝန်းဖျောင်းဖျ၏။ အချစ်ဆုံးသော်ဒါ တွေဆိုတော့...

'ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုပေမဲ့ တစ်စုံတစ်ရာသော ပယောဂကြောင့် အမှိုက်ကစ ပြဿဒ်မီးလောင်ခဲ့တာပေါ့'

ရဲဟိန်းသူက တွေးတွေးဆဆ မှိုင်မှိုင်တွေတွေနဲ့။ လက်ဖက် ရည်ဝိုင်းလေးလည်း ဘယ်ကစ၍ အသက်ပြန်ဝင်ရမလဲမသိ။ အသက်



www.burmeseclassic.com

www.burmeseclassic.com



ဝင်အောင် လုပ်မဲ့သူတစ်ဦး ပေါ်လာ၏။ မိတ်ဆွေတော့ မဟုတ်။ ရန်သူပင်။

'ညီလေး… မင်းက ရဲဟိန်းသူလား'

'ဟုတ်ပါတယ် အစ်ကို၊ ဘာကိစ္စရှိလို့လဲ မသိဘူး'

'ညီလေးနဲ့ ကိုယ်နဲ့ နှစ်ယောက်တည်းအေးအေးဆေးဆေး ဆွေးနွေးချင်လို့'

မျက်ခုံးမွေးကောင်းကောင်း၊ နှာတံစင်းစင်းနဲ့ ရုပ်ဖြောင့်သူ တစ်ယောက်က ဘာကြောင့်ဆွေးနွေးချင်ရတာလဲ။ ကျော်ဇင်ဝိုင်းနဲ့ နှင်းနှင်းငြိမ်းလည်း စိတ်ဝင်စားသွားသည်။ ဤလူက ကျောင်းသား တော့မဟုတ်လောက်ပေ။

'ရပါတယ်၊ ကျွန်တော့်သူငယ်ချင်းတွေက အခင်မင်ဆုံးတွေပါ၊ အစ်ကိုဆွေးနွေးချင်တာသာ ဆွေးနွေးပါ၊ သူတို့ဘာမှဝင်မစွက်ဖက်ပါဘူး'

'ဒီလိုပါ၊ ကိုယ်က သဉ္ဇာနွေးရဲ့ ချစ်သူပါ'

ရဲဟိန်းသူ အတော်စိတ်ပျက်သွားသည်။ ကျော်ဇင်ဝိုင်းတို့ လည်း နားထောင်ချင်စိတ်တောင် ကုန်ခမ်းသွား၏။

'ညီလေး သဉ္ဇာနွေးကို တကယ်စိတ်ဝင်စားနေလား'

'ဟာဗျာ မဟုတ်တာ၊ ကျွန်တော်နဲ့ သဉ္ဇာနွေးက မျက်မှန်း တန်းမိရုံလောက်ပဲ ခင်မင်တာ၊ အခြားဘာမှမပတ်သက်ဘူး'

ရဲဟိန်းသူက အသည်းအသန် ငြင်းဆန်သည်။

'ညီလေးရာ အချင်းချင်းတွေပဲ ပွင့်ပွင့်လင်းလင်းပေါ့၊ ညီလေး





သဉ္ဇာနွေးကို တကယ်စိတ်ဝင်စားနေရင် ညီလေးကို ကိုယ်ပြဿနာ မရှာပါဘူး၊ ကိုယ်ဘက်က ချစ်ဦးသူဆိုပေမဲ့ နောက်ဆုတ်ပေးမှာပါ၊ ညီလေး ရင်ထဲက ပြောမပြနိုင်တဲ့ ခံစားချက်တွေကို ကိုယ်နားလည် ပါတယ်'

'ဟာ… ပြောကာမှ ပိုရှုပ်ကုန်ပြီ၊ ဘုရားစူးရပါစေရဲ့၊ သဉ္ဇာ နွေးကို ကျွန်တော် တကယ်စိတ်မဝင်စားပါဘူး၊ အစ်ကိုကြီး တစ်ခုခု လွဲနေပြီထင်တယ်'

'ညီလေးက ကိုယ်နောက်ဆုတ်ပေးမယ်ဆိုတာ မယုံဘူးထင် တယ်၊ တကယ်ပါ ညီလေးရယ်၊ ကိုယ်က မိဘပေးစားတဲ့သူနဲ့ယူပြီး ကနေ့ဒါကို ဒိုးရတော့မှာ၊ သဉ္ဇာနွေးကို ညီလေးတကယ်ချစ်ရင် အစ်ကို ကြီးက သဘောထားကြည်ဖြူစွာနဲ့ လွှဲပြောင်းပေးခဲ့မှာပါ'

အရေးထဲ အိမ်ခြံမြေရောင်းဝယ်ရေးစာချုပ် ချုပ်တာ ကျနေ သည်။

'မဖြစ်နိုင်ပါဘူး အစ်ကိုကြီးရယ်'

'ဟာ… ဒါတော့ စိတ်ချ၊ ကိုကြီးက ခုထိ သဉ္ဇာနွေးကို မှဲ့တစ်ပေါက်မစွန်းသေးဘူး၊ ရိုးရိုးသားသား သမီးရည်းစားဘဝပဲရှိသေး တယ်၊ ညီလေးကို နစ်နာသွားအောင် ကိုကြီး မလုပ်ပါဘူး'

'အာ… ပိုရှုပ်ကုန်ပြီ၊ ကျွန်တော်နဲ့ သဉ္ဇာနွေး ဘာမှမဆိုင် ဘူး၊ ကျွန်တော်လည်း စိတ်မဝင်စားဘူး'

ရဲဟိန်းသူ စိတ်ပေါက်ပေါက်နဲ့ ညစ်ကျယ်ကျယ်အော်လိုက် ၏။



www.burmeseclassic.com

www.burmeseclassic.com

'ညီလေးရယ်… ဒါဆိုရင် ညီလေးနဲ့ သဥ္စာနွေး ရုပ်ရှင်အတူတူသွားကြည့်တာ ဖန်ခြံသွားတာတွေက ဘာသဘောတွေလဲ'

ဘုန်းကြီးအမူ ရှာပတ်ချေပြီ။ ရှင်းလေ ရှုပ်လေ သပွတ်အူပင် ပေါက်လေပဲ။

'အဲဒါတွေက အစ်ကိုကြီး စွပ်စွဲနေတာ၊ တစ်ခုမဟုတ်ဘူး'

'ဟာ… ငါက မျက်မြင်သက်သေ အထောက်အထားနဲ့ ပြောတာ'

'ဒီမှာ အစ်ကိုကြီး ခင်ဗျားဘာသာ ခင်ဗျား သဥ္စာနွေးကို မကြိုက်ချင်တော့တာနဲ့ ကျုပ်ကို ပိုက်ဘောလာမထည့်နဲ့၊ ဘယ်နှယ် ဒီဆပ်ကော့လပ်ကော့ ကောင်မလေးနဲ့ ကျုပ်နဲ့ ဘာမှမပတ်သက်ဘူး၊ အစ်ကိုကြီးကို တစ်ယောက်ယောက်က ရောက်တွန်းလိုက်သလား မသိဘူး'

ရဲဟိန်းသူက အသံမာမာနဲ့ ပြောတော့ ငနဲမှာ ငြိမ်ကျသွား၏။ ဘေးမှ ကျော်ဇင်ပိုင်းကလည်း စစ်ကူပေး၏။

'သေချာစဉ်းစားပါဦး အစ်ကိုကြီး၊ ကျွန်တော့်သူငယ်ချင်း အကြောင်း ကျွန်တော်သိပါတယ်၊ ဒီကောင်က မိန်းမတွေနဲ့ပတ်သက်ရမှာကို သေမလောက်ကြောက်တဲ့ကောင်၊ ကိုကြီးကို အကောင်းဆုံးတစ်ခု အကြံပေးမယ်၊ ကိုကြီး သဥ္စာနွေးနဲ့ မျက်နှာချင်းဆိုင်ဖြေရှင်းပြီး အဖြေတစ်ခုရအောင်ယူပါ'

'သူ ငါ့ကိုရှောင်နေတယ်'

ငနဲက ဒေါသသံပါပါလေးနဲ့ ဆိုသည်။





'ပြဿနာတစ်ခုကို ခေါင်းအေးအေးထားပြီး စဉ်းစားပါ၊ ကျွန်မတို့လည်း ကိုယ့်သူငယ်ချင်းဘက်ကနေပြီး လိုက်ပြောပေးတာ မဟုတ်ပါဘူး၊ နောက်ပြီး ဟောဒီက အစ်ကိုကြီး အဆင်ပြေမဲ့ နည်းလမ်းလေးတွေကို ညွှန်ပြပေးတာပါ'

သုံးယောက်သား စကားထိုးစစ်နဲ့ ပတ်လည်ဝိုင်းလေရာ ဘိုးတော်ကြီးမှာ တွေဝေမိန်းမောသွားသည်။ အူချာလည်ဖြစ်သွားပုံပဲ။

'အင်း… ငါလည်း အလောတကြီးနဲ့ မင်းကိုလာစွပ်စွဲသလို ဖြစ်နေပြီ၊ အကောင်းဆုံးကတော့ သဥ္စာနဲ့ သွားဆွေးနွေးတာ အကောင်းဆုံးပဲ၊ ဒါမှအဖြူအမည်း သဲသဲကွဲကွဲသိရမှာ'

'ကျွန်တော်တို့လည်း ဒီအတိုင်းပဲ ဖြစ်စေချင်တယ်ဗျာ'

ဘိုးတော်လည်း ပေစောင်းစောင်း ငိုက်စိုက်စိုက်နဲ့ ထွက်သွားသည်။ သူငယ်ချင်းသုံးယောက်လည်း သက်ပြင်းတွေ ကိုယ်စီချမိလေ၏။

'နေရင်းထိုင်ရင်း အရှုပ်ထုတ်က ကိုယ့်ရှေ့မှလာပြုတ်ကျရတယ်လို့'

ရဲဟိန်းသူက ခေါင်းကုတ်၍ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ရဲဟိန်းသူတို့ သူငယ်ချင်းတွေထဲတွင် ဘဝင်ခပ်ထူထူ မာနစွင့်စွင့်ကောင်မလေးတစ်ယောက်ရှိသည်။ ရုပ်ရည်ကလည်း ချောမောလှပသူဖြစ်ပြီး မိဘတို့ ဝတ္တရားအရ သားသမီးတွေကို သုံးဖြုန်းဖို့ ဘဏ်တိုက်တစ်ခုဖွင့်ပေးထားသကဲ့သို့ ငွေကို ရေလိုသုံးစွဲနိုင်သော ကောင်မလေးလည်းဖြစ်သည်။ အဝတ်အစားကို တစ်နေ့ထက်တစ်နေ့ မရိုးနိုင်အောင် ဝတ်ဆင်၏။

နာမည်က မျိုးပပမောင်။ ကျောင်းထဲမှာက သူ့အချစ်ကိုရဖို့ သမဝါယမတန်းစီသလို ရှိသော်လည်း မည်သူ့ တစ်ယောက်ကိုမျှ စိတ်မဝင်စားပေ။ လမ်းသွားရင် တစ်လောကလုံး ထီမထင်တဲ့ ဒီဖိုင်းနဲ့ မြောက်ကြွကြွ မော်ကြွားကြွားနိုင်လှ၏။

အခု သူ ကောင်လေးတစ်ယောက်နဲ့ တွဲနေပြီ။ ကောင်လေးကလည်း ကျိုကျိုတက်ချမ်းသာတဲ့ မျိုးရိုးက။ သူ့အပြောအရ မင်းသားလုပ်ဖို့ ကုမ္ပဏီနဲ့ စာချုပ်ချုပ်ပြီးသွားပြီ။ မော်ဒယ်သင်တန်းတွေတက်





ပြီးလို့ မော်ဒယ်ဘွဲ့ငြင်းစစ်စစ်တစ်ယောက်လည်းဖြစ်သည်။ ရဲဟိန်းသူတို့လည်း အဲဒီကောင်လေးကို တွေ့ဖူးပါသည်။ ရည်ရည်မွန်မွန်ရှိသလို ရုပ်ရည်ကလည်း ကောင်မလေးတွေကြွေလောက်သော ရုပ်ရည်မျိုး။ ကိုရီးယားမင်းသားတစ်ယောက်လို စတိုင်ရောမလိုင်ရောရှိ၏။ သူတို့နှစ်ယောက် တွဲသွားတွဲလာကိုတွေ့သော သူတိုင်း ကောင်လေးတွေဆို မျိုးပပမောင်ကို ငမ်း၊ ကောင်မလေးတွေဆို ကောင်လေးကိုငမ်း ရှိကြကုန်၏။

ရဲဟိန်းသူတို့ မြင်ပြင်းကတ်နေတာလည်း ကြာပါပြီ။ ကင်တင်းတွင် ရဲဟိန်းသူ၊ ကျော်ဇင်ဝိုင်းနဲ့ နှင်းနှင်းငြိမ်းတို့ ထိုင်နေကြသည်။ မျိုးပပမောင်လည်း ရောက်လာသည်။ နှင်းနှင်းငြိမ်းက…

'ဒီကောင်မ ဘာတွေလာကြွားဦးမလဲ မသိဘူး'

'မသိပါဘူးဟာ၊ သူ့ကောင်အကြောင်းပဲ နေမှာပေါ့'

မျိုးပပမောင်က လွန်စွာမှ ပျော်မြူးနေသော မျက်နှာနှင့် ဝိုင်းထဲဝင်ထိုင်၏။ တစ်ခုခုကို ကရားရေလွှတ်ကြွားဝါဖို့ စိုင်းပြင်းအားခဲထားပုံပင်။

'ဟဲ့… နင်တို့ကို ပြောရဦးမယ်'

'အာဖဂန်မှာ ကားဗုံးခွဲခံရတဲ့ကိစ္စတွေ မကြားချင်မှအဆုံး၊ မပြောပါနဲ့တော့ဟာ'

'ဟာ… ဒါတွေ ငါပြောမှာမဟုတ်ဘူး'

'မြောက်ဝင်ရိုးစွန်းက ရေခဲတောင်တွေ ပျော်ကျကုန်တဲ့ အကြောင်းလား၊ ကမ္ဘာကြီး ပူနွေးလာပြီလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ··· ဒါလည်း မဟုတ်ပါဘူး'

ရဲဟိန်းသူနှင့် ကျော်ခင်ဝိုင်း သိသိလျက်နဲ့ လျှောက်ပြောနေသည်။

'သိပြီ၊ သိပြီ၊ မိုက်ကယ်ဂျက်ဆင် အသားဖြူကရင်နဲ့ထုံးမှားလိမ်းပြီး သေသွားတဲ့ကိစ္စလား'

'အဲဒါ ကောလဟာလတွေပါ၊ တကယ်တော့ မိုက်ကယ်ဂျက်ဆင်က ဆီးဝမ်းသွေးလေ မညီညွတ်ဘဲ ဓာတ်ကြီးလေးပါး ဖောက်ပြန်သွားတာလေ၊ ကျန်းမာရေးမှ မလိုက်စားတာ'

'နွယ်မြက်သစ်ပင် ဆေးဖက်ဝင်တာတွေ သူမသိဘူး'

နှင်းနှင်းငြိမ်းက ပြုံးစိစိနဲ့ နားထောင်နေသည်။

'နင်တို့ကလည်း ဘာတွေလျှောက်ပြောနေတာလဲ'

မျိုးပပမောင်က စိတ်မရှည်တော့ပေ။ ရဲဟိန်းသူတို့လည်း သူကြွားချင်တာလေးကို အခွင့်ပေးလိုက်ရတော့၏။

'ဟဲ့··· ငါ့ကို ငါ့ကိုကိုက သူနဲ့အတူတူ မင်းသမီးလုပ်မလား တဲ့'

'ဟင်··· နင့်ကိုကိုက မာမရှိန်းကြီးပေါ့၊ မင်းသားမလုပ်ဘဲ မင်းသမီးလုပ်မှာ'

'ဆောရီးဟာ၊ ငါစကားပြော လောသွားလို့၊ သူက မင်းသားလုပ်၊ ငါက မင်းသမီးလုပ်မယ်၊ ဒါကိုပြောတာ'

'ဟာ··· နင်ကလည်း မင်းသားရဲ့ရည်းစားပဲလုပ်ပါဟာ၊ မင်းသမီးကြီးတော့ မလုပ်ပါနဲ့၊ အဲဒါကမှ မင်းသမီးတွေ နင့်ကိုကိုနားကပ်





ရင် ကော်တုတ်လို့ရမှာ၊ နင်ကိုယ်တိုင် မင်းသမီးလုပ်တာတော့ အားမပေးဘူး'

ကျော်ခင်ဝိုင်းက ပျာပျာသလဲပြောသည်။ မျိုးပပမောင်လည်း စဉ်းစားသွား၏။

'ငါ့ကိုကိုက ဒါရိုက်တာ တချို့ကို ပြောပြီးသွားပြီဟ'

'ပြောမရလည်းလုပ်ဟာ၊ မျိုးပပ၊ နင်ကလေ ဟိုပုံပြင်ထဲက လိုဖြစ်နေပြီ'

ဥပမာ ဥပမေယျတွေကို အမြင်ကတ်ရင် ထုတ်သုံးတတ်သူ ရဲဟိန်းသူက မျိုးပပမောင်ကို ဥပမာပေးရန်အလို့ငှာ ပုံပြင်တစ်ပုဒ်ကို ပြောပြသည်။ ခေတ်ပေါ်အသစ်အဆန်းပုံပြင်ပေါ့။

'ပြောပါဦး'

'တစ်ခါက ဆေးကုမ္ပဏီတစ်ခုမှာ စာရေးမတစ်ဦးဖြစ်တဲ့ အေမီဟာ လုပ်သက်ငါးနှစ်လောက်ရှိနေတယ်၊ တစ်နေ့ သူဌေးလုပ်သူက အေမီကို သူ့အခန်းထဲခေါ်ပြီး သူ့စက္ကူတောရီ အတွင်းရေးမှူးမ အလုပ်ထွက်သွားလို့ စက္ကူတောရီနေရာကို အေမီ ဒီလကုန် စဝင်ဖို့နဲ့ အလုပ်တွေကို သေသေချာချာလုပ်ဖို့ မှာကြားတယ်၊ အေမီလည်း မိမိကိုယ်ကို အံ့အားသင့်သွားတာပေါ့၊ သူဌေးအခန်းထဲက ထွက်မိတာနဲ့ မျက်နှာတင်းလိုက်တယ်၊ ရင်ကိုလည်းကော့လိုက်တယ်၊ သူ့နေရာမှာ သူထိုင်ပြီး စဉ်းစားနေတော့လည်း သူမပုံစံက ဘယ်သူမှ ထိမထင်တဲ့ ဒီနိုင်း'

'ရုံးဆင်းတော့ အေမီတစ်ယောက် ပလာဇာကို သွားပြီး ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ငွေကလေးနဲ့ ဒေါက်မြင့်ဖိနပ်တစ်ရံ ဝယ်တယ်၊ စလင်းဘတ်အိတ် အသစ်တစ်လုံးဝယ်တယ်၊ ဆံပင်ကို အကြောကောက်လုပ်ပစ်လိုက် တယ်၊ အိမ်ကိုပြန်လာရင် အရင်လို လိုင်းကားတိုးမစီးဘဲ တက္ကစီတစ်စီး ငှားစီးတယ်၊ တက္ကစီကိုတောင် ဈေးမဆစ်ဘဲ တက္ကစီပေါ်တွင်ခြေချိတ် ၍ လိုက်ပါလာတယ်၊ ဒရိုင်ဘာကိုလည်း ဆရာလုပ်နေသေးတယ်၊ အေမို့မျက်နှာထားကိုကြည့်ရတာ စိတ်ဆိုးလာသူနဲ့ ပိုတူနေတယ်'

အိမ်ထဲဝင်လာသော အေမီကို အဖေလုပ်သူနဲ့ ညီမလေးက ကြည့်ပြီး ကြောင်နေမိသည်။ အံ့အားလည်း သင့်နေ၏။ အေမီသည် မထိုင်ခင်ကပင် ညီမလေးဖြစ်သူအား…

'ဟဲ့… သူဇာ ထမင်းပြင်ထားစမ်း'

ညီမဖြစ်သူမှာ စဉ်းစားရကြပ်သွားသည်။ ယခင်က သူ့ဘာသာသူ ခူးစားပါလျက် ယခု ခူးခိုင်းရုံတင်သာမက အသံကလည်း ပြင်းလှပြတ်လှသည်။ ကုမ္ပဏီမှာ ဘာတွေများ ပြဿနာတက်ခဲ့ပါလိမ့်။

ထမင်းစားသောက်ပြီးသည့်တိုင်အောင် စကားမပြော။ အဖေဖြစ်သူကမူ သမီးရဲ့ ပြောင်းလဲမှုကို အံ့အားသင့်နေသည်။ အေမီသည် တစ်စုံတစ်ရာ စကားမပြောဘဲ လက်ကိုနောက်ပစ်လျက် အခေါက်ခေါက်အပြန်ပြန် လမ်းလျှောက်နေ၏။

တဖြည်းဖြည်းနဲ့ မျက်ရည်များ တစိမ့်စိမ့်ကျလာ၏။ အဖေဖြစ်သူက တစ်ခုခုပြဿနာတက်သည်ထင်ပြီး…

'သမီး ဘယ်သူနဲ့ ဘာပြဿနာတက်ခဲ့သလဲ၊ အဖေ့ကိုပြောစမ်း'





'မဟုတ်ပါဘူး အဖေရယ်'

'ဒါဖြင့် ခုဘာဖြစ်လို့ မျက်ရည်တွေ ကျနေရတာလဲဟ'

'သမီး ကောင်းစားလာတာ အမေများ မြင်မသွားရရှာလို့၊ အမေ့ကို သတိရပြီး ဝမ်းနည်းနေတာပါ'

'ဘာ… သမီးကောင်းစားလာတယ် ဟုတ်လား၊ ဘာရာထူး များ ရလို့လဲ'

'စက္ကတေရီ အတွင်းရေးမှူး'

'မြတ်စွာဘုရား၊ ကယ်တော်မူပါ၊ ဖြစ်မှဖြစ်ရလေ သမီးရယ်၊ အဲဒီစက္ကတေရီဆိုတာ သူဌေးရဲ့မယားငယ်ရာထူးဟ၊ မယားငယ် ရာထူး'

'အခုလည်း မျိုးပပမောင် နင်လည်း မင်းသမီးလေးဖြစ်ချင်ရ 'တာနဲ့ ကိုယ့်ကိုယ့်ကို ဂိုက်ပေးကြမ်းမနေနဲ့'

ကျော်ဇင်ဝိုင်းနှင့် နှင်းနှင်းငြိမ်းတို့က ခွက်ထိုးခွက်လန်ရယ် မောကြသည်။ မျိုးပပမောင် ဒေါသလည်းဖြစ်၊ အရှက်လည်းကွဲ၊ ဘာမှလည်းပြန်မတုံ့ပြန် မပြောဆိုတတ်။ ရေတ်ဆီလိုနီရဲနေသော မျက်နှာကြီးနဲ့ နှုတ်ခမ်းကြီးစူနေ၏။ ကျော်ဇင်ဝိုင်းက တမင်တကာကို လုပ်ရယ်နေ၏။

'ရဲဟိန်းသူ နင် ငါ့ကို စော်ကားတယ် ဟုတ်လား'

'ဟာ… မဟုတ်ရပါဘူး၊ ကြားဖူးနားဝပုံပြင်လးပြောပြတာ ပါဟယ်'

'နင် အူကြောင်ကြောင်လုပ်မနေနဲ့၊ နင်ဘာသာနင် [illegible]လိမ်မစေ့



www.burmeseclassic.com

www.burmeseclassic.com

ငြင်းဆင်ပြီး ငါ့ကိုနှိပ်ကွပ်တာ၊ ဒါ ဘာပုံပြင်မှမဟုတ်ဘူး'

'ဟုတ်ပါတယ်ဟာ၊ ရေမြေလိုက်ပြီး နည်းနည်းပြောင်းလဲထားတာပါ'

ရဲဟိန်းသူက ခေါင်းကုတ်၍ စပ်ဖြီးဖြီးလုပ်နေ၏။

'မျိုးကလည်း ရဲဟိန်းသူက တမင်ကျီစယ်တာပါ၊ စိတ်မဆိုးပါနဲ့'

နှင်းနှင်းငြိမ်းက ဝင်ရောက်မေတ္တာရပ်ခံသည်။

'နင်တို့ကို ငါ့ကိုကိုနဲ့ တိုင်ပြောမယ်'

'ဟာ… မလုပ်ပါနဲ့၊ ငါတို့က မင်းသားတွေကို ကြောက်လို့ပါ၊ သူတို့ကို ဒါရိုက်တာတွေတောင် ဖိန့်ဖိန့်တုန်အောင် ကြောက်ရတာ၊ မလုပ်ပါနဲ့ဟာ'

ကျော်ဇင်ဝိုင်းက ပြုံးပြုံးပြုံးနဲ့ ထိတ်လန့်ချင်ယောင်ဆောင်သည်။

သုံးယောက်သားရဲ့ ကစားကွက်မှာ မျိုးပပမောင် ယောင်တောင်တောင်ဖြစ်နေပြီ။ စိတ်ဆိုးရလည်းခက်၊ ရယ်ရလည်းခက်။ ရှက်ကိုးရှက်ကန်းနဲ့ ရေခွေးတစ်ခွက်ကောက်သောက်လိုက်ရာ…

'အောင်မလေး ပူလိုက်တာ'

မျိုးပပမောင် လျှာလေးအပြင်ထုတ်၍ မျက်နှာလေးနီရဲသွား၏။

*

ရဲဟိန်းသူလည်း မျိုးပပမောင်ကို ဥပမာပုံပြင်နဲ့ နှိပ်ကွပ်ပြီး သကာလ ကိုယ့်စကားအလွန်အကျူးတွေဖြစ်လေမလား စိုးရိမ်နေရဲ့။ အခု ကျောင်းထဲသွားရင်တောင် မျိုးပပမောင်တွေ့လေမလား တွေ့ရင်





ရှောင်ပြေးမဲ့သဘောနဲ့ ရဲဟိန်းသူ ရှောင်နေ၏။ ရဲဟိန်းသူ ကုတ်ချောင်းချောင်းနဲ့ ငိုက်စိုက်စိုက်သွားစဉ် မနီးမဝေးမှ ခေါ်သံကြားရသည်။

'ဟေ့… ဟေ့… ရဲဟိန်းသူ'

လှည့်ကြည့်မိတော့ မှတ်မိသည်ထင်ရသောသူတစ်ဦး။

'ခင်ဗျားကို ကျွန်တော် သိသလိုပဲ'

'သိတာကိုတော့ ဂုဏ်ယူပါတယ်၊ အကြောင်းကိစ္စတစ်ခုရှိလို့ ခင်ဗျားနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့ရတာပဲ'

'ဟ… ဘာကိစ္စများလဲ'

'ဒီနေရာမှာ ပွင့်ပွင့်လင်းလင်းပြောလို့မကောင်းဘူး'

ရဲဟိန်းသူလည်း ဇဝေဇဝါနဲ့ ဘာပြောရမှန်းမသိ။ ငိုင်သွား၏။ တစ်ဘက်ကောင်က ရဲဟိန်းသူလက်ကို အတင်းဆွဲ၍…

'ခင်ဗျားပြောစရာရှိရင် တိုးတိုးလေးသာ ပြောပါဗျာ၊ ကျွန်တော့်လက်ကို မဆွဲပါနဲ့'

'မင်းကလည်း မူနေသေး၊ ပြောရမှာချင့်ချိန်နေလို့ လိုရင်းမရောက်တာတွေဖြစ်မှာစိုးလို့၊ ပြောရရင်တော့ မင်းနဲ့ပတ်သက်လိမ့်မယ်'

'ပြောဗျာ၊ ပတ်သက်တာတွေဆိုရင် ပိုသိချင်တယ်'

'ပွင့်ပွင့်လင်းလင်းပဲ ပြောချင်တယ်၊ ကျွန်တော့်နာမည် ထက်အောင်ပါ၊ စိတ်ဝင်စားမိတဲ့အရာက ခင်ဗျားဘော်ဒါ နှင်းနှင်းငြိမ်းကို၊ သူ့မှာ ရည်းစားရှိသလား၊ ကျွန်တော် သိချင်တယ်'

'ဟာ… နှင်းနှင်းလား၊ ဒီကောင်မလေးကို ခင်ဗျားစိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com

စားတာ မမှားပါဘူးဗျာ၊ နှင်းနှင်းက အပျိုစစ်စစ်ဗျ၊ သူလည်း ဘယ်သူ့မှ ကြိုက်မဲ့သူမရှိသေးဘူး၊ ခင်ဗျား ကံကောင်းတယ်ဗျာ'

ရဲဟိန်းသူလည်း တစ်ဘက်မှမသိသောသူအား ဖြီးဖြန်းလေသည်။ တကယ်တော့ နှင်းနှင်းငြိမ်းရဲ့ ဥပမိရုပ်နှင့် ခင်မင်ဖွယ်ကောင်းပုံကို ရဲဟိန်းသူ အသိဆုံးပင်။ နှင်းနှင်းငြိမ်းသည် အနေအထိုင် ပကတိရိုးသားသလို မျက်ဝန်းလေးသည်လည်း နက်ရှိုင်းလှပပေ၏။ ပိန်ပိန်သွယ်သွယ်လေးနဲ့ အသားညိုစိမ့်စိမ့်လေးသည် သူမ အလှအပအား မထင်ရှားပေမယ့် သူမ၏ဖော်ရွေမှုအတိုင်းအတာသည် ကျော်စောပေါ်လွင်စေလှ၏။ တစ်ဘက်စိတ်ဝင်စားသူက ပြောလာသော ရဲဟိန်းသူ နှင်းနှင်းငြိမ်းကို ရှာဖွေကြံဖန်ချီးကျူး၍ရသည်။ သို့သော် သူမျှားရှေ့ ဘော်ဒါအချင်းချင်း ဂုဏ်မတင်ချင်ပေ။ နှင်းနှင်းငြိမ်း ချစ်စရာကောင်းသည်မှာ ရဲဟိန်းသူ သတ်မှတ်မှု အပြည့်အဝဆုံး ရှိပေလိမ့်မည်။

'ခင်ဗျား တစ်ခုခုတော့ သောက်ဗျာ၊ ကျွန်တော် ဒကာခံပါ့မယ်'

'ဟာ… မလုပ်ပါနဲ့ဗျာ၊ တော်ပါပြီ'

ရဲဟိန်းသူက ထက်အောင်ဆိုတဲ့သူကို အတင်းငြင်းသည်။

'လာပါဗျာ၊ ဘီယာသောက်မလား'

'ဟာ… ကျွန်တော် မသောက်တတ်ဘူး'

'ခင်ဗျားပုံစံကြည့်ရတာ နှင်းနှင်းကို ကျွန်တော် စိတ်ဝင်စားတာ အသိအမှတ်မပြုတဲ့ပုံပဲ'





ထက်အောင်က မျက်မှောင်ကြုတ်၍ တစ်ဘက်လှည့်မေးသည်။

'မဟုတ်ရပါဘူးဗျာ၊ ကဲ… ကဲ… ခင်ဗျားစိတ်ကျေနပ်အောင် ကျွန်တော် ကော်ဖီတစ်ခွက်တော့ သောက်မယ်ဗျာ'

'ကောင်းတာပေါ့ဗျာ'

ရဲဟိန်းသူလည်း မတတ်သာတဲ့အဆုံး ကော်ဖီတစ်ခွက်ကို လိုက်သောက်ရသည်။ ထက်အောင်ဆိုတဲ့ ငနဲကလည်း လိုချင်တာတွေ့တဲ့အခါ ရသ၍ သဲ့ယူမဲ့ပုံစံမျိုး။ ကော်ဖီသောက်ရတာတောင် အားနာလှလေသည်။

'နှင်းနှင်းကို ကျွန်တော် တကယ်ချစ်တာပါဗျာ၊ အဟုတ်ပါ'

'ခင်ဗျားက ဘယ်မေဂျာကလည်း'

'ကျွန်တော်က ရူပဗေဒကပါ၊ နှင်းနှင်းကို တစ်ခါလှည်းတန်းဘက်မှာ အမှတ်မထင် ပခုံးချင်းတိုက်မိရာက မြင်မြင်ချင်းစိတ်ဝင်စားသွားတာပဲ'

ထက်အောင်ကလည်း နှင်းနှင်းကကို ပါးစပ်ဖျားက မချတော့ပေ။

'ကောင်းပါတယ်၊ ကျွန်တော် ဘာကူညီပေးရမလဲ၊ ကျွန်တော့်သဘောပြောရရင် မိတ်ဆက်ပေးရုံလောက်ပဲ ရလိမ့်မယ်၊ ကျန်တာတွေကို ခင်ဗျားဘာသာ ခင်ဗျား ဆက်လုပ်ရှားပေတော့'

'အဆင်ပြေပါတယ်၊ ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော် နှင်းနှင်းကို သားမှတ်မှတ်မယားမှတ်မှတ် ပေါင်းမှာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ခင်ဗျားစကားက အဆင့်တော်တော်ကျော်သွားပြီ'

'ဆောရီး… ဆောရီး သေတပန်သက်တဆုံး ချစ်မယ်လို့ ပြောချင်တာ စကားပြော လောကြီးသွားလို့'

ထက်အောင်က သွားဖြီးပြသည်။ ရဲဟိန်းသူက နှင်းနှင်းနှင့် ဒီလူကို တွေ့ဆုံပေးရမည့်အရေးကို တွေး၍ထိတ်နေ၏။

'နှင်းနှင်းက ရည်းစားတွေ ဘာတွေကော ရှိသလား'

'မရှိပါဘူးဗျာ၊ နှင်းနှင်းက သာမန်မိန်းကလေးမဟုတ်ဘူး'

'ထူးထူးခြားခြား ဘာတွေဖြစ်နေလို့လဲ'

'ယောကျ်ားလေးတိုင်း စိတ်ဝင်စားတဲ့အချက်ကလေးရှိတယ်'

'ဟာ… ဘာလဲ၊ ဘာလဲ'

ထက်အောင်က အငမ်းမရမေးသည်။

'သူမ မျက်လုံးကလေးတွေက ဟန်ဆောင်မှု ကင်းမဲ့တယ်၊ နှုတ်ခမ်းလေးတွေက ရိုးသားမှုကို ပြဆိုတယ်၊ ဒါပေမဲ့ စကားမပီဘဲ ထစ်နေတယ်'

'ဟမ်'

'စကားထစ်တာလေးကတော့ မပြောပလောက်ပါဘူးဗျာ'

ရဲဟိန်းသူက အားတုံ့အားနာ အမှုအရာသုံးထားရသည်။

'ဒါကတော့ဗျာ အချစ်တစ်ခုအတွက် အပြစ်တစ်ခုမဟုတ်ပါဘူး'

'စကားထစ်တာက လူတောတိုးပါတယ်ဗျာ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'





ထက်အောင်လည်း အားပါးတရ ထောက်ခံ၏။

'ကဲ… ဒါဆို ခင်ဗျားမနက်ဖြန်ကျရင် ရွှေသဇင် လက်ဖက်ရည်ဆိုင်က စောင့်နေ၊ နှင်းနှင်းငြိမ်းကို ကျွန်တော် ခေါ်လာခဲ့မယ်'

'ကောင်းပါတယ်'

'စကားထစ်တာလေးတော့ နည်းနည်းသည်းခံနော်'

'ရပါတယ်၊ မပြောပလောက်ပါဘူး'

ရဲဟိန်းသူက သူဆင်ထားသော ဗွင်ထဲ ထက်အောင်မပင်ဝင်အောင် သိမ်းကျုံးထည့်သွင်းနေသည်။

'ရပါတယ်ဗျာ၊ ခင်ဗျားတစ်ခုခုထပ်စားဦးလေ'

'ဟာ… နေပါစေ၊ တော်ပါပြီဗျာ'

ထက်အောင်က ထပ်မံလောကွတ်ချော်နေသည်။

'ဒါဆိုရင် ကျွန်တော်တို့ သွားရအောင်ဗျာ'

'ကောင်းပါပြီ၊ ကျုပ် ရွှေသဇင်မှာ အစောကြီးကတည်းက လာစောင့်နေမယ်နော်၊ နှင်းနှင်းနဲ့တွေ့ရင် ဘာပြောရမှန်းတောင် မသိဘူး'

ထက်အောင်က ခေါင်းကုတ်၍ ပြောသည်။

'တစ်ခုခုတော့ ရှာကြံပြောဗျာ၊ ဟုတ်ဘူးလား၊ ကျွန်တော်ကလည်း ပရိယာယ်လေးသုံးပြီး တကူးတက ခေါ်ဆောင်လာရမှာဗျ၊ မနက်ဖြန်တော့ ငါးပါးသီလထဲက မုသာဝါဒကံကို အတိအလင်းချိုးဖောက်ရတော့မယ်ဗျာ'

ရဲဟိန်းသူက သာသာနဲ့နာနာပြောသည်။ ထက်အောင်လည်း



www.burmeseclassic.com

www.burmeseclassic.com

ရဲဟိန်းသူကို နှုတ်ဆက်၍ မြူးတူးပျော်ပါးစွာ ထွက်သွား၏။ ရဲဟိန်းသူလည်း မသိမသာ သက်ပြင်းမှျင်းမှျင်းလေးချမိသည်။

နှင်းနှင်းငြိမ်းကို သူ ဘယ်လိုပြောရမလဲ မသိ။ တစ်ခါမှလည်း ဒီလိုအဖြစ်အပျက်မျိုးမရှိသေး။ နှင်းနှင်းငြိမ်းသည် ကျောင်းသူသက်တမ်းတစ်လျှောက် ရည်းစားလုံးဝမထားသော ကောင်မလေးတစ်ယောက်။ ရဲဟိန်းသူ သိသလောက် နှင်းနှင်းငြိမ်းကို ပထမဆုံး ရည်းစားစကားပြော၍ မေတ္တာသက်ဝင် ချစ်ခင်သူသည် ထက်အောင်တစ်ယောက်သာရှိသည်။

အဲဒါသည်လည်း ထူးထူးဆန်းဆန်းပင်။ နှင်းနှင်းငြိမ်းအတွက် အချစ်ဆိုတာ ဖြူသည် မည်းသည် သည်းသည်းကွဲကွဲ မသိရှိသေးသလို နမူးတွေ့ဒူးတွေ့ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ခြင်း မရှိခဲ့သော ကောင်မလေးတစ်ယောက်အဖို့ အစချီအောင်သွယ်ပေးရမှာ အိုးနင်းခွက်နင်း ဖြစ်နိုင်ဖွယ် ရှိသည်။ မတတ်နိုင်။ ကိုယ်တိုင်ချိတ်ဆက်ခဲ့သောကိစ္စ ကိုယ် တိုင်နိုင်မြဲအောင်လုပ်ဖို့သာ ရှိ၏။

ရဲဟိန်းသူ ဇာတာအရ သူများနဲ့အထင်လွဲခံရသော ဇာတာမို့ ထက်အောင်ကို အစအဆုံး ကူညီပေးလို့မဖြစ်။ တစ်ဝက်တစ်ပျက်နဲ့ ဖြတ်ချမှသင့်တော်မည်။

နောက်တစ်ခုက နှင်းနှင်းငြိမ်းကို စကားထစ်တတ်အောင် သင်ပေးဖို့ပဲ။

ꩤ ꩤ ꩤ

## အခန်း(၄)

'မဖြစ်နိုင်ဘူးထင်တယ် ရဲဟိန်းသူ၊ နင် ဘာတွေလျှောက်လုပ်လာတာလဲဟာ'

နှင်းနှင်းငြိမ်းက စိတ်ညစ်ညူးနေဟန်ဖြင့် ပြောသည်။ ရဲဟိန်းသူက သူ့စကားနဲ့သူမို့

'ငါ ကော်ဖီတစ်ခွက်ကျွေးပြီး သောက်မိပြီဟ'

'နင်ကလည်းဟာ၊ ကော်ဖီတစ်ခွက်နဲ့ ကျေးဇူးတင်ခံရမှာစိုးရင် ရုံးတွေမှာဆို လူတွေနည်းမှာ မဟုတ်ဘူး'

'ငါ... ငါ ကတိခံပြီးသားဟ၊ အဲဒီလူကလည်း ပေါက်လွှတ်ပဲစား ကလေကချေမဟုတ်ဘူး၊ ရည်ရည်မွန်မွန်လေးပါ'

'ငါ ယောကျ်ားလေးတွေနဲ့ သိပ်မရောချင်ဘူးဟာ'

'ငါလည်းရှိနေမှာပဲဟာ၊ ဘာမှမစိုးရိမ်ပါနဲ့'

'နင်ရှိလို့ ဟိုဘက်ကလူက ရောင့်တက်မှာလည်း စိုးရသေးတယ်'


www.burmeseclassic.com

www.burmeseclassic.com



'နင်စကားမပီအောင်သာနေဟာ'

ရဲဟိန်းသူက စကားမပီအောင်နေဖို့သာ နှင်းနှင်းငြိမ်းကို မှာနေ၏။

'ကျော်ဇင်ဝိုင်းရှိရင် ကောင်းသား'

'အရေးဆို ဒီကောင်က နယ်ပြန်သွားပြီ'

ကျော်ဇင်ဝိုင်းက သူ့အမေ နေမကောင်း၍ နယ်သို့ ပြန်သွားသည်။ ဒီကောင်ရှိရင်တော့ ဂူးဂူးပါးဝါးနဲ့ ဖြေရှင်းပစ်မှာ အသေအချာ။ အဲဒီကောင်က ဟောဟောဒိုင်းဒိုင်းသမား။ နှင်းနှင်းငြိမ်းက ရဲဟိန်းသူ တစ်ယောက်တည်းဆိုတော့ တစ်ဘက်က သူနဲ့တွေ့ရင် ကမောက်ကမတွေဖြစ်ကုန်မှာ စိုးရိမ်ရသည်။

'စိတ်မပူပါနဲ့ နှင်းနှင်းရာ၊ အဲဒီပုဂ္ဂိုလ်က အေးတိအေးစက်ပါ၊ ရေခဲသေတ္တာလိုလူမျိုး၊ အေးဆေးပါ'

'ဟဲ့… ငါ သူ့ကိုပြန်ကြိုက်ရမှာလား'

နှင်းနှင်းငြိမ်းက မျက်လုံးလေးကလယ်ကလယ်နဲ့ မေးသည်။

'ဟာ… ဒါကတော့ နင့်သဘောလေ၊ နင့်အရေးကိစ္စကို ငါက တိုင်ပင်လို့ပဲရမယ်၊ ငါက ဝင်စွက်ဖက်ပိုင်ခွင့် တစိုးတစိမှ မရှိဘူး၊ အခုကိစ္စကလည်း ငါဆပ်ဆော့ပြီး ကော်ဖီတစ်ခွက်သွားသောက်မိလို့ပါ'

'ထားပါတော့ဟာ၊ ပြီးတဲ့ကိစ္စတွေ၊ နင်ဝင်စွက်ဖက်တာတော့ မဟုတ်ဘူး၊ နင်ဆပ်ဆော့လိုက်လို့ ငါတောင် ရင်ခုန်ချင်သလိုလိုတွေ ဖြစ်ကုန်ပြီ'





နှင်းနှင်းငြိမ်းက ပခုံးလေးတွန့်ပြီး ပြုံးပြုံးလေးလုပ်နေသည်။ သူလည်း ထက်အောင်ဘယ်လိုလဲ စိတ်ကူးပုံဖော်နေပုံရသည်။

'ဟဲ့… ရဲဟိန်းသူ ငါ သူ့ကိုချက်ချင်းအဖြေပေးရမှာလား၊ ဒါမှမဟုတ် ကြိုးရှည်ရှည်နဲ့ လှန်ထားရမှာလား၊ တစ်ခါတည်းငြင်းပစ်ရမှာလား၊ ငါလည်းမဆုံးဖြတ်တတ်ဘူးဟ'

'နင့်ဟာကလည်း လူပြက်တွေပြက်တဲ့ ပြက်လုံးထဲက ကလေးအမေလိုဖြစ်နေဦးမယ်'

'ဟဲ့… ဘာလဲဟ၊ ငါမသိဘူး'

'တစ်ခါက ရထားတစ်စီးပေါ်မှာ ကုလားကြီးတစ်ယောက်နဲ့ သားသည်အမေတစ်ဦး နို့စို့ကလေးနဲ့ မျက်နှာချင်းဆိုင်အတူပါလာတယ်၊ ကလေးလေးက အမေနို့တိုက်ပေမဲ့လည်း တအားငိုနေတယ်၊ ကလေးအမေက ကလေးကို နို့တိုက်လို့ကလေးငိုတိုင်း ဟဲ့ကောင်လေး နင်နို့စို့မလား မစို့ဘူးလား၊ နင်မစို့ရင် ရှေ့ကကုလားကြီးကို ငါတိုက်လိုက်မှာနော်၊ အဲဒီလိုမျိုးသုံးလေးခါလောက်ပြောနေလည်း ကလေးက အငိုမရပ်ဘူး၊ ကလေးအမေကလည်း အဲဒီလိုပြောတုန်း ကြာလာတော့ ကုလားကြီးက ကြားနေရပြီး စိတ်ကမရှည်ချင်တော့ဘူး၊ လှမ်းပြောတယ်၊ အစ်မကြီး ဆုံးဖြတ်ချက်ကို မြန်မြန်အကောင်အထည်ဖော်ရင်လည်းဖော်ပါ၊ ကျုပ်ဆင်းမဲ့ဘူတာ ကျော်လာတာ နှစ်ဘူတာရှိပြီတဲ့'

'ဟား… ဟား… ဟား'

နှင်းနှင်းငြိမ်းလည်း အတော်သဘောကျသွားပြီး ရယ်လေသည်။ ရဲဟိန်းသူက အဲဒီလို ဥပမာပေးရရင် သိပ်ကျွမ်းနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာနဲ့ ခုန်ဆွခုန်ဆွဖြစ်နေ၏။ နှစ်ယောက်သား လမ်းလျှောက်လာရင်း နိုင်သဇင်လက်ဖက်ရည်ဆိုင်ကို ရောက်လာသည်။ ထက်အောင်ဆိုသူကို မတွေ့သေး။ ဒီကောင် နောက်ကျနေပါလား။

ရဲဟိန်းသူနှင့် နှင်းနှင်းငြိမ်းလည်း စားပွဲတစ်ခုတွင် ဝင်ထိုင်ကာ အအေးတစ်ယောက်တစ်လုံးစီ မှာသောက်ကြသည်။

'ရဲဟိန်းသူ နင် ငါ့ကိုပေါက်ကရတွေ လျှောက်လုပ်နေတာလား'

'မလုပ်ရပါဘူးဟာ၊ အချိန်တစ်ခုလောက်ထိ စောင့်ကြည့်ပါဦး'

'ငါ စိတ်မရှည်ချင်တော့ဘူး၊ နင့်ကိုအားနာလို့သာလိုက်ထိုင်ပေးရတာ၊ ဘယ်နှယ် မျက်နှာပြောင်တိုက်လွန်းလှတယ်'

'ဟုတ်ပါတယ်ဟာ၊ ခဏလေးတော့ စောင့်ကြည့်ကြတာပေါ့၊ ဘယ်လောက်မှ မကြာပါဘူး'

ရဲဟိန်းသူလည်း နောက်ကျသော ထက်အောင်ကို စိတ်ညစ်နေမိသည်။ ထိုစဉ် ဆိုင်ရှေ့ကို ကားတစ်စီးဆိုက်လာသည်။ ထက်အောင်တစ်ယောက် ကားပေါ်က ဆင်းလာသည်။

'ဟဲ့… နှင်းနှင်း အဲဒါ ထက်အောင်ဆိုတာပဲ'

နှင်းနှင်းငြိမ်းက မျက်လုံးပြူးလေးနှင့် လှမ်းကြည့်သည်။ ထပ်ထူးခြားတာက ထက်အောင်နဲ့အတူ ကားပေါ်မှဆင်းလာသော ကောင်မလေးလေးယောက်ကြောင့်ပင်။

ရဲဟိန်းသူသာမက လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံး ငေးမော





ကြည့်ရှုရလောက်အောင် ချောမောလှပသော ကောင်မလေးတွေ။ မော်ဒယ်ဂဲလ်တွေနှယ် စင်စစ်လှပပြီး ကိုယ်လုံးကိုယ်ပေါက်တောင့်တင်းခိုင်မာကြသည်။ ထက်အောင်က သူတို့ကို ဘာသဘောနဲ့ ဒီကိုခေါ်ဆောင်လာရတာလဲ။ ရဲဟိန်းသူတော့ နဂိုကမှ မိန်းမတွေနဲ့ ဒွေးရောယှက်တင်နေသူမဟုတ်။ ခုမှ ပတ်သက်ကောင်း ပတ်သက်ရတော့မည်။

'ကိုထက်အောင် ထိုင်ဗျာ'

ရဲဟိန်းသူက ထက်အောင်ထက် ထက်အောင်နောက်မှပါလာသော မဒီလေးယောက်ကို မျက်စိကစားကြည့်နေမိတာတော့ အသေအချာပင်။ လေးယောက်စလုံး တစ်ယောက်တစ်မျိုးအလှကိုယ်စီထူးကြသည်။ ထက်အောင် ဘာသဘောနဲ့ ဒီလိုခေါ်လာသလဲ စဉ်းစားလို့လည်းမရပေ။ ဒါပေမဲ့ ဒီလူမျက်လုံးတွေကတော့ နှင်းနှင်းငြိမ်းဆီသို့ တည့်တည့်မတ်မတ်ရင်ခုန်နေတာ သိသာလွန်း၏။ ကျော်ဇင်ဝိုင်းရှိလျှင် ကောင်းသား။ နှစ်ယောက်သား စာချုပ်ချုပ်ပြီး ငမ်းကြောထလို့ရသည်။ ကောင်မလေးတွေက မော်ဒယ်ဂဲလေးတွေအလား ရှင်းသန့်လှပနေသည်။ ရဲဟိန်းသူတို့ဝိုင်းပင် အရောင်တောက်သွားသလား ထင်မှတ်ရသည်။

'ကျုပ် နည်းနည်းနောက်ကျသွားတာ အားနာစရာကောင်းနေပြီ၊ ဩော်… မိတ်ဆက်ပေးရဦးမယ်၊ ဒါ ကျုပ်ရဲ့အင်တာနက် မိတ်ဆွေတွေလေ၊ အရင်ကတော့ ဓာတ်ပုံတွေပို့ စာတွေရေး၊ ဖုန်းတွေဆက် အပြန်အလှန်အဆက်အသွယ်ရှိခဲ့တာ၊ အခု လူချင်းဆုံမိလို့ အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရအောင် ခေါ်လာတာပါ၊ ဒီဘက်က တစ်ယောက်ကတော့ မော်ဒယ်အေဂျင်စီတစ်ခုမှာ သင်တန်းတက်နေတယ်၊ မေရီဗွန်လို့ခေါ်တယ်'

'ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် မေရီဗွန်ပါ'

ကောင်မလေးက တီဗွီအစီအစဉ်မှာ မိတ်ဆက်သလို ပြန်ဖြေ၏။ ရဲဟိန်းသူလည်း ဒိုင်လူကြီး အကဲခတ်မဲပေးသလို ကြည့်၍ဆုံးဖြတ်သည်။ ကောင်မလေးသည် ဆံပင်အတိုကို အဖြောင့်ဆွဲထားပြီး နှုတ်ခမ်းလေးက သေးသေးပါးပါးလှလှလေး။ သူမ၏ ထူးခြားချက်က နှုတ်ခမ်းလေးမပေါ်လွင်ဘဲ လှပသက်ဝင်နေ၏။

'သူကတော့ ကက်သရင်းပါ၊ သီချင်းဆိုဖို့ ဝါသနာစိုင်းပြင်းနေသူပါ'

ကောင်မလေးက အသိအမှတ်ပြုသည့် သဘောမျိုး ခေါင်းညိတ်ပြသည်။ သူကတော့ ဆံပင်အတိုလေးကို နည်းနည်းကျစ်ကျစ်ကောက်ထားသည်။ မျက်နှာဝိုင်းဝိုင်းလေးနှင့် တစ်မျိုးတစ်ဖုံ ချစ်စရာကောင်းနေသည်။

'သူကတော့ ရှယ်လီပါ၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်စကားပြောသင်တန်းတစ်ခုမှာ ဝိုက်ဝင်လုပ်နေပါတယ်'

'Very good ပါ'

ဒီကောင်မလေးကတော့ မျက်လုံးအရမ်းစားသည်။ မျက်လုံးလေး ဝိုင်းစက်နေပုံက ဂန္ထဝင်ဆန်ဆန်ထူးခြားနေသည်။ အသားကလည်း ကျန်တဲ့သူတွေထက် ဖြူပြီး ဆံပင်ရှည်ကို ခေါင်းစည်းထား





သည်။ ရည်ရည်မွန်မွန် သွက်သွက်လက်လက်ရှိပြီး အိုင်ဒီယာကောင်းမယ့် ပုံစံလေး။

'ဒါကတော့ ဇာခြည်စိမ့်ပါ၊ ကဗျာလေးတွေ ရေးပေါ့ကောင်းတယ်'

ဇာခြည်စိမ့်ဆိုသော ကောင်မလေးက ထွေထွေထူးထူးလှပမှု အလျဉ်းမရှိ။ ရယ်လိုက်ရင် ထင်ထင်ရှားရှားပေါ်တဲ့ ပါးချိုင့်ခွက်လေးနှင့် မျက်မှန်ပါးပါးလေးတပ်ဆင်ထားသည့် အချက်က သူမ၏ ချစ်စဖွယ် အမူအရာနှင့် ငယ်ဂုဏ်ကို ဖော်ပြထားသကဲ့သို့ ရှိသည်။

လေးယောက်စလုံး သူ့နည်းသူ့ဟန်ပန်နဲ့ လှပသက်ဝင်နေတာတော့ အမှန်ပင်။ အမြဲတမ်းတွေ့နေရသော နှင်းနှင်းငြိမ်းအလှပင် ငုပ်လျှိုးသွားလေ၏။

'ကျွန်တော်တို့လည်း မိတ်ဆက်ရဦးမယ်၊ ကျွန်တော့်နာမည် ရဲဟိန်းသူပါ၊ အရုပ်အလတ် အမြတ်မရွေး လူတန်းစားမရွေး၊ လူမျိုးဘာသာမခွဲခြားဘဲ ခင်မင်တတ်ပါတယ်၊ ဒါကတော့ ကျွန်တော့်ရဲ့ အခင်ဆုံးသူငယ်ချင်း နှင်းနှင်းငြိမ်းပါ၊ ဒါတောင် နောက်တစ်ယောက်ရှိသေးတယ်၊ ခရီးထွက်သွားနေလို့'

'တွေ့... တွေ့ရတာ၊ ဝမ်း... ဝမ်းသာ... သာပါတယ်'

ရဲဟိန်းသူ အဓိကအချက်အတွက် နှင်းနှင်းငြိမ်း မေ့သွားမှာ စိုးရိမ်သည်။

ဒါပေမဲ့ ကိုယ့်တာဝန်ကိုယ်မမေ့လျော့သော နှင်းနှင်းငြိမ်းကို ချီးကျူးမိသည်။ သူ့တာဝန်က ကြိုတင်ညှိလာသော စကားထစ်ရမည့်တာဝန်။



www.burmeseclassic.com

www.burmeseclassic.com


'ရပါတယ်၊ စကားထစ်တာတစ်ခုကောင်းတယ်၊ ကိုယ်ပြော ချင့်စကားကို အကြာကြီးစဉ်းစားလို့ရတာပေါ့'

ကဗျာဆရာမလေး ဇာခြည်စိမ့်က သွက်လက်စွာ ဖြတ်ပြော သည်။

'ဟဲ့… အတွေးတွေ စီနေတုန်း မေ့သွားတာမျိုးတွေလည်း ရှိသေးတယ်နော်'

မေရီဌွန်ကလည်း နောက်နောက်ပြောင်ပြောင် အရွှန်းဖောက် ၏။ စကားဝိုင်းက တော်တော်လေးစိုပြေသွားပြီ။ ထက်အောင်ရဲ့ မျက် လုံးတွေက နှင်းနှင်းငြိမ်းကိုသာ မဲကျနေသည်။ မချောလေးယောက်ကို လက်ဖက်ရည်ဆိုင်ဝင်လာသူတိုင်းက အာသဝေါမျက်စိနဲ့လည်းပြန်တွေ ရော တည့်တည့်ကရော မသိမသာရော ပြုံးပြုံးကြည့်ကြသည်။

ခြောက်ယောက်သား စကားတွေ တိုင်းတာနစ်ဖွဲ့၍ တွေရာ လေးပါး စပ်မိစပ်ရာတွေ ဖြောက်သောက်ပြောကြကုန်သည်။ ရဲဟိန်း သူက ဒိုင်ခံဦးဆောင်၍ ပျော်စရာရွှင်စရာ ဥပမာပုံပြင်တွေ စာဆိုစာစ တွေ ဗန်းစကားတွေ သိသမျှ မှတ်သမျှ တတ်သမျှ ပြောပြသည်။

'ငါတို့ နဂါးအကြောင်းပြောရအောင်၊ နဂါးနဲ့ပတ်သက်လို့ လုံးဝ မသိတဲ့သူရှိသလား'

ဇာခြည်စိမ့်က ပြုံးလျက်ပြောသည်။

'သိတာပေါ့'

'သိတယ်'

စကားဝိုင်းကို စတင်လိုက်တာကတော့ ရဲဟိန်းသူ။ စာရေး






ဆရာ။ သူသိထားတတ်ထားတာတွေ အိတ်သွန်ဖာမှောက်ပြောတော့ မည်။

'နဂါးဆိုတာ ပါဒေနနဂစ္ဆတီတိနာဂေါဟူသော ဝိဂြိုဟ်အရ ခြေဖြင့်မသွားနိုင်သောကြောင့် နဂါးလို့ခေါ်ရခြင်းပဲ'

'ဟုတ်တယ်၊ ကျမ်းဂန်အလာ နဂါးအမျိုးပေါင်း (၁၀၂၄)မျိုးရှိ တယ်၊ ဒါပေမဲ့ မြန်မာစာပေကျမ်းဂန်ထဲမှာတော့ အဓိကနဂါး(၃)မျိုးပဲ ရှိတယ်၊ ဒါတွေကတော့ ရေနဂါး၊ မြေနဂါး၊ တောင်နဂါးတို့ပဲ၊ လောကီရေးကျမ်းတွေအရဆိုရင် နဂါးအမျိုး (၅)မျိုးကွဲတယ်၊ နတ်နဂါး၊ သိုက်နဂါး၊ မြွေနဂါး၊ အာကာသနဂါး၊ အဋ္ဌရတ်နဂါးတို့ပဲ'

ဇာခြည်စိမ့်စကားကို အားလုံးစိတ်ဝင်စားစွာ နားထောင်နေ ကြ၏။ ရဲဟိန်းသူလည်း ဒီကောင်မလေးကို အမှတ်စပေးမိ၏။

'နိပါတ်တော်လာ အလောင်းတော် ဘူရိဒတ်နဂါးမင်းက မုစလိန္ဒာအိုင်က နဂါးမင်းမျိုးဖြစ်ပြီး နတ်နဂါးဖြစ်တယ်၊ တန်ခိုးသိဒ္ဓိ ရှိတဲ့ မြွေကို မြွေနဂါးလို့ခေါ်ပြီး အမောက်ထိပ်မှာ ပတ္တမြားပါရှိတယ်၊ အာကာသနဂါးက နဂါးပုံပေါ်နေတဲ့ ကြယ်၊ ကြယ်တို့ရဲ့ အစိုင် ကြယ် အစုအဝေးများသာ ရှိတယ်၊ ခုနစ်နေ့ ခုနစ်နံထဲမှာ နဂါးပါရှိတယ်'

'ဂေါတမဗုဒ္ဓရဲ့ ဖြစ်တော်ပေါင်းမှာ နဂါးဘဝသုံးဘဝဖြစ်ခဲ့ ဖူးတယ်၊ ဓမ္မပကျမ်းမှာ အနောတတ္တအိုင်၌ ပဏ္ဍက နဂါးမင်း၊ ဥရုဝေဠမြစ်၌ ဥရုဝေဠနဂါးမင်း၊ ဂယာမြစ်၌ အင်္ဂိဒယနဂါးမင်းများ နေထိုင်တယ်၊ ဂင်္ဂါမြစ်ကို ဘုရားရှင်ကူးရာမှာ နဂါးတို့က လှေအသွင် ဖန်ပြီး ပို့ဆောင်ပေးကြတယ်၊ ဝိသတိနိပါတ် ဓမ္မေယျဇာတ်တော်မှာ


www.burmeseclassic.com

www.burmeseclassic.com

အင်္ဂမင်းနဲ့ မဂဓမင်းတို့ စစ်ဖြစ်တာ နဂါးကူလို့ မဂဓမင်းစစ်နိုင်ခဲ့တယ်'

'ရွှေတိဂုံဘုရားသမိုင်းမှာလည်း နဂါးပါတယ်နော်'

ကက်သရင်းက ဝင်မေးသည်။

'ပါတယ်လေ၊ ကုန်သည်ညီနောင်က ဆံတော် ၆ ဆူကို ပတ္တမြားကြုတ်နဲ့ ပင့်ဆောင်ပြီး သင်္ဘောနဲ့ ခရီးဆက်တာ၊ ပင်လယ်ထဲ မုန်တိုင်းကျလို့ နားနေတုန်း ဆံတော်မှ တန်ခိုးပြဋ္ဌိဟာပြတာနဲ့ နဂါးမင်းက လူယောင်ဖန်ဆင်းပြီး ဆံတော်နှစ်ဆူကို ယူသွားခဲ့တယ်'

'နဂါးနဲ့ပတ်သက်ရင် ဟိုမင်းသားလည်း ရှိသေး၊ ဘာလဲ၊ သွားပါများ ခရီးရောက် မေးပါများ စကားရ၊ မအိပ်မနေ အသက်ရှည်၊ မောင်ပေါက်ကျိုင်းလေ'

ဇာခြည်စိမ့်က နှင်းနှင်းငြိမ်း အမေးကို နှစ်လိုဖွယ်ပြုံးပြသည်။

'ထောင်ပေးလို့ဆုတ်၊ ရာပေးလို့ချုပ်၊ ချစ်တဲ့သူ အရှိုး ဆံထိုး လုပ်ဆိုတာ မင်းသမီးနဲ့ ကြိုက်နေတဲ့ နဂါးကို ပဟေဠိလုပ်ထားတာလေ'

'မှန်နန်းရာဇဝင်တော်ကြီးမှာလည်း သရေခေတ္တရာမြို့တည်ရာမှာ ဂဝံပတိရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမီဿွာသူမြတ်၊ ၇ ယောက်က ဘုရားရှင်ရဲ့ ဗျာဒိတ်တော်ရှိသည်နဲ့အညီ စုရုံးတိုင်ပင်မြို့တည်ခဲ့တယ်။ ဒွတ္တဘောင်မင်းကြီးရဲ့ မိဖုရားများထဲမှာ နဂါးမင်းသမီး ဘောဂစန္ဒီဆိုတာလည်း ရှိခဲ့တယ်၊ ဒွတ္တဘောင်မင်းကြီးက ထွေးခံထဲ တံတွေးကိုမထွေးဘဲ မဟာသမုဒ္ဒရာထဲ ထွေးလို့ နဂါးတို့ အမျက်ထွက်ခဲ့ဖူးတယ်'





'ပုဂံရာဇဝင် ပြောရရင်လည်း နဂါးပါတယ်၊ အရင်က ပုပ္ပါးအရပ်မှာ ၇ ရက်တိုင်တိုင် သဘင်ကြီးစွာခံလေရာ နဂါးမောင်မယ်ကိုယ်တိုင် ပွဲလမ်းတွင် လာရောက်ပျော်ပါးကြတာ ပုပ္ပါးတောင်ဝန်းကျင် ရေရှင်တွေထွက်ပေါ်လာတယ်။ ပြူစောထီးလည်း နဂါးမင်းသားပဲ၊ မယ်တော်နဂါးမက ရန်သူတွေကို နှိမ်နင်းတဲ့ နဂါးလုလင်(၁၈၀)ပေးအပ်ထားတယ်၊ ဘုရင်နန်းထဲက ထွက်ရင် နဂါးလုလင်(၁၈၀)က လေကားမှာ စောင့်ရှောက်ရတယ်၊ သူတို့က ဂဠုန်ရန်ကြောက်လို့ ကျောက်ကွင်းသတ္တာန် ချောင်ကွင်းထိုးစေပြီး ကြိမ်သုံးစွဲခဲ့ကြတယ်'

ဇာခြည်စိမ့်က မောသွား၍ ရေသောက်ရသည်။

'ကျန်စစ်သားကလည်း ပဉ္စကလျာဏီမင်းသမီးနဲ့ နဂါးလုလင်တို့ သင့်မြတ်ရာမှ မွေးသော သားပဲ၊ အနော်ရထာမင်းက မင်းလောင်းရှင်းလင်းပွဲမှာ ကျန်စစ်သားမပါဘဲ ကျန်ရစ်ခဲ့တာ ဖခင်နဂါးကြီးက ဖွက်ပေးထားလို့တဲ့၊ ဥဿာပဲခူးမင်းက အနော်ရထာကို ဆက်သတဲ့ မဏိစန္ဒာနဲ့ အထင်လွဲခံရတုန်းက ဗိုးအိစ်သီချင်းထဲကလိုပေါ့'

'အမလေး ဆိုတော့မဆိုပြပါနဲ့'

'ဒါမှမဟုတ် လူမင်းနဲ့ သင်ဇာဝင့်ကျော် သွေးဆေးကြော်ငြာသီချင်းဆိုပြရမလား'

ကက်သရင်းတို့က ရဲဟိန်းသူကို နောက်နေသည်။

'စကားတောင်ဘယ်ရောက်သွားလဲ မသိဘူး၊ ကျန်စစ်သားမင်း ပြစ်ဒဏ်သင့်လို့ ထွက်ပြေးတာ လမ်းခရီးမှာ အိပ်ပျော်နေတုန်း


www.burmeseclassic.com

www.burmeseclassic.com

စစ်သည်တွေက လုပ်ကြံဖို့အလာ နဂါးကြီးတစ်ကောင်က အုပ်မိုးပေးထားလို့ စစ်သည်တွေ ထွက်ပြေးခဲ့ရတယ်'

'ဝိဇ္ဇာမှတ်တမ်းတွေမှာလည်း ဝိဇ္ဇာဓိုရ်နဲ့ နဂါးမတို့သင့်မြတ်ပျော်ပါးတဲ့ ဇာတ်လမ်းတွေကို တွေ့ရတယ်၊ နဂါးမတွေက ပင်လယ်က တက်လာ၊ မျက်စိသူငယ်နားသူငယ်နဲ့ အဲဒီမှာ ဝိဇ္ဇာဓိုရ်တွေက ဘာညာမက်လုံးတွေပေးပြီး ပျော်ပါးကြသတဲ့'

'ဒီဘက်ခေတ်နဲ့ သွားတူနေသလိုပဲ'

အားလုံး သဘောကျ၍ ရယ်လိုက်ကြသည်။

'ဇာခြည်စိမ့်၊ နင် နဂါးအကြောင်းကို ဘယ်စာအုပ်ထဲက ဖတ်ထားတာလဲ'

'ငါလား (-----) မဂ္ဂဇင်း၊ အမှတ်(---) ထုတ်ထဲက'

'ဟာ… သွားတူနေပါလား'

'ဒါကြောင့် နင်တို့နှစ်ယောက် လေပေးလေယူညီမျှနေတာပေါ့'

'ဟား… ဟား… ဟား'

ရဲဟိန်းသူနှင့် ဇာခြည်စိမ့်ကို အားလုံးက ဝိုင်းရယ်ကြသည်။

အမှတ်တရလေးတစ်ခုအဖြစ် စတင်သန္ဓေတည်ပြီဟု ရဲဟိန်းသူ မှတ်ချက်ချလိုက်သည်။

အမှတ်တရတွေ ထူထပ်ပိတ်ဆိုင်းနေပါစေသော်။

❀ ❀ ❀



## အခန်း(၅)

'စကားထစ်တဲ့ ကောင်မလေး၊ အခြေအနေ ဘယ်လိုလဲ'

ရဲဟိန်းသူက တီးမိခေါက်မိမေးကြည့်သည်။

'ထူးခြားဖြစ်စဉ် တိတိကျကျ အဖြေမပေးနိုင်သေးပါ'

နှင်းနှင်းငြိမ်းက ဟမ်းဖုန်းထဲက လေသံမျိုးဖြင့် ပြတ်တောင်းပြတ်တောင်းပြော၏။

'ထက်အောင်က ဟိုကောင်မလေးလေးယောက်ကို ဘာဖြစ်လို့ခေါ်လာရတာလဲ'

'သူက ငါ့ကိုချစ်တော့လည်း အဲဒီလေးယောက်ကို ကျော်ဖင်ဝိုင်းနဲ့ နင်နဲ့ ဝေစားမျှစားယူစေချင်တဲ့သဘောလား မသိဘူး၊ ဆန်ပေးလို့ဆီရ၊ သမီးပေးလို့ သမက်တော်လုပ်ချင်နေသလား မသိ'

'ဒါဆိုရင်တော့ မိုက်တာပေါ့ဟာ'

'သြော်… ကောင်စုတ်၊ နင်က ငါ့ကိုထက်အောင်လက်ထဲ သူမသိ ကိုမသိ ထည့်ပေးတော့မလို့ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းငြိမ်းက ခါးထောက်၍ ရန်တွေ့သည်။

'မဟုတ်ပါဘူးဟာ၊ ထက်အောင်က လူရိုးပါ၊ ဒါပေမဲ့ နင့်ဘက်ကတော့ အကြွင်းမဲ့ယုံလို့မရသေးဘူး'

'ငါလည်း စိတ်မဝင်စားသေးပါဘူးဟာ၊ နင်ရော ဟိုကောင်မလေး လေးယောက်ထဲက ဘယ်သူ့ကို စိတ်ဝင်စားသလဲ'

'လိမ်ပြောရရင်တော့ လေးယောက်စလုံး စိတ်ဝင်စားတယ်၊ အမှန်အတိုင်းပြောရရင်တော့ လေးယောက်စလုံးမှာ သက်ဆိုင်သူကိုယ်စီတွေတော့ ရှိကြလိမ့်မယ်၊ ဒင်းတို့တစ်တွေက ခေသူတွေမှ မဟုတ်တာ'

'အေးဟဲ့၊ ထက်အောင်က ဒီတစ်ကွက်ကို လျှို့ထားတာဟ'

'သိပါဘူးဟာ၊ ငါကတော့ အဲဒီလေးယောက်ထဲက တစ်ယောက်လောက် ငါ့ကိုကြွေသွားရင်တောင် တော်တော်စဉ်းစားယူရလိမ့်မယ်၊ နင်ရော အဲဒီလေးယောက်ထဲက ဘယ်သူနဲ့ငါ့ကို သဘောတူသလဲ'

'လိမ်ပြောရရင်တော့ လေးယောက်စလုံးကို နင့် စိတ်ဝင်စားနေတယ်လို့ထင်တယ်၊ အမှန်အတိုင်းပြောရရင်တော့ ကဗျာအသက်ဓာတ်ရှိတဲ့ ဓာခြည်စိမ့်နဲ့ နည်းနည်းလေးသဘောတူတယ်'

နှင်းနှင်းငြိမ်းက ကြို့တင်တွက်ကိန်းဟောတဲ့ ဗေဒင်ဆရာမလေးမျက်နှာပေးနဲ့။

'မှန်ကြောင်မလေးပါဟာ၊ ဒါပေမဲ့ဟ စာဂျပိုးလေးနော်'

'ဟုတ်တယ်၊ နောက်ပြီး နင်နဲ့လည်း ရှေ့သွားနောက်လိုက်ညီတယ်'





နှင်းနှင်းငြိမ်းက ရဲဟိန်းသူကို အစွမ်းကုန်ပို့ဆောင်ပေးနေသည်။

'ငါ စိတ်ဝင်စားနေရင် နင်ပြောပေးမလား'

'အံမာ… ကိုယ့်ဘာသာကိုယ် ပြောပေါ့'

'ငါ့အကြောင်းလည်း နင်သိလျက်သားနဲ့၊ အချစ်ရေးမှာ ဘယ်တော့မှ မဖြောင့်ဖြူးဘူး၊ ထောင့်စေ့အောင်ကို အစစအရာရာလွဲချော်နေတာ'

ရဲဟိန်းသူက ကိုယ့်အကြောင်းကိုယ်သိနေတာမို့ အချိန့်မီဘရိတ်အုပ်ထားသည်။ မပြေးသော်လည်း ကန့်ရာရှိမည်။ နှင်းနှင်းငြိမ်းက ရဲဟိန်းသူ မျက်နှာကိုကြည့်ပြီး တခစ်ခစ်နဲ့ သမာဓိရယ်ရယ်နေသည်။

'နှင်းနှင်းငြိမ်း ဒီတစ်ခေါက်တော့ နင်တကယ်စွံပြီဟာ'

ကျော်ဇင်ဝိုင်းက ပြောလည်းပြော ရယ်လည်းရယ် အတော်သဘောကျနေသည်။ ရဲဟိန်းသူကလည်း နှင်းနှင်းငြိမ်းကို ထက်အောင်စိတ်ဝင်စားသည့်ကိစ္စကို မြိန်ရည်ရှက်ရေ ပြောပြထား၏။

'ငါလည်း ခုမှကိုယ့်ကိုယ်ကိုယ် သတိထားမိတယ်'

အဆက်အစပ်မရှိ ကျော်ဇင်ဝိုင်းက ခပ်တွေတွေလေးပြောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟော့ကောင်… နေရင်းထိုင်ရင်း မင်းက ဘာတွေသတိထားမိတာလဲ'

'ငါ့မှာ ခုထိ ရည်းစားမရှိသေးဘူး၊ အားကျမခံ ရည်းစားလေးဘာလေးထားရင် ကောင်းမလားလို့၊ ရဲဟိန်းသူ မင်းနဲ့ပေါင်းပြီး ငါလည်း ဂျောင်ပတ်နေတာကြာပြီ'

'မဆိုင်ပါဘူးကွာ၊ မင်းဘာသာမင်း အပူမရှာတဲ့ကိစ္စကို'

'ဟဲ့… အကောင်တွေ၊ နှင်တို့ဘာကိုဆိုလိုတာလဲ၊ ငါသိတယ်နော်'

နှင်းနှင်းငြိမ်းက ဆူကာဆောင့်ကာဖြင့် ခနဲ့မှန်းချေတွက်သည်။

'နှင် နေစမ်းပါ နှင်းနှင်းရာ၊ ငါတို့က ဟိုတော်လေးဝဝင်ကို အညီအမျှခွဲဝေဖို့ ကြံစည်နေတာဟ'

ရဲဟိန်းသူက ဘယ်လက်ကို ကန့်လန့်ဖြတ်ဖြင့် ညာလက်တစ်စောင်းခုတ်ပြ၏။

'ဟော့ကောင် မင်းနဲ့ထက်အောင်နဲ့ သိတာပဲ၊ ဒီကောင်မလေးတွေကို ငါလည်းအရမ်းတွေ့ချင်တယ်၊ မင်းပြောတာနဲ့ မလုံလောက်တဲ့ အလှတရားတွေ သူတို့ဆီမှာရှိနေမှာပဲ'

'ရှိတာမှ အပြည့်အစုံပဲဟော့၊ မှတ်ပုံတင်ရော သန်းခေါင်စာရင်း မိတ္တူရော အကုန်ရှိတာ၊ နောက်ပြီး အလန်းတွေ ဒဗလယ်ဆင့်နေတဲ့ Girl လေးတွေ'

ရဲဟိန်းသူက လက်ဟန်ခြေဟန်ဖြင့် ရွှဲစောင်းစောင်း အမူအယာလုပ်နေ၏။





'မသာကောင်တွေရယ်၊ နှင်တို့ကလေ ဝမရှိဘဲ ဗိုက်ရိုးအကောင့်ဖွင့်ချင်သေးတယ်၊ ဆန်မရှိဘဲ အစားကြီး၊ အရင်းမရှိဘဲ လှေထိုးလိုက်ချင်တဲ့ကောင်တွေ၊ နှင်တို့ အဲဒီကောင်မလေးတွေကို စိတ်ဝင်စားရင် ငါလည်းထက်အောင်ဆိုတဲ့ကောင်နောက် မျက်စိစုံမှိတ်ပြီး လိုက်ပါတော်မူသွားမှာ၊ ဘယ်နှယ်… ဟမ်ဘာဂါက ဘယ်နေမှန်းမသိဘူး၊ အစာသွပ်ကနည်းလား များလားလုပ်နေသေး၊ နှင်တို့အရည်အချင်းရှိရင် ဂေါ်ကြည့်လိုက်လေ'

နှင်းနှင်းငြိမ်းက မခံချင်စိတ်ဖောင်းပွစွာဖြင့် စိန်ခေါ်၏။ ဒါကို ကျော်ဇင်ဝိုင်းက ဆက်လက်နောက်ပြောင်ပြန်သည်။

'ငါ့ရုပ်ရည်နဲ့ လေးယောက်စလုံးကို ဘယ်ညာပခုံးနှစ်ဖက်မှာ ခေါင်းအုံးလုပ်သိပ်လို့ရတယ်၊ ဟဲ… ဟဲ'

'တော်ပြီဟာ၊ နှင်တို့ ခုထိ စကားကောင်းမပြောကြဘူး'

နှင်းနှင်းငြိမ်းက စိတ်ပျက်လက်ပျက်လေသံနှင့် မျက်နှာလေးမှိုင်တွေသွားသည်။ ရဲဟိန်းသူက သူငယ်ချင်းမလေး စိတ်ခုသွားတာသိ၍ ပြန်လျှောချ၏။

'အလကားပါဟာ၊ ငါရော ကျော်ဇင်ဝိုင်းရော ယောင်တောင်တောင် ချိန်တိန်တိန်အဆင့်နဲ့ ခရီးမပေါက်တဲ့ကောင်တွေပါ၊ နတ်သမီးတွေကို ခရေစီဖြစ်နေတဲ့ ကျေးကျွန်အဆင့်ပဲရှိတယ်'

'အောင်မလေး ပြောတာပဲ'

သုံးယောက်သား ကော်ရစ်ဒါမှာ မတ်တပ်ရပ်ရင်း စကားပြောနေကြခြင်းဖြစ်၏။ ကျောင်းတော်ကြီးကတော့ အရောင်အသွေး



www.burmeseclassic.com

www.burmeseclassic.com

စုလင်စွာဖြင့် သက်တံ့တစ်ခုသဖွယ် လှပငြိမ်းချမ်းနေသည်။

'ဟဲ့ ... နှင်းနှင်း ငါတို့ ထက်အောင် အဆောင်ဘက်သွားရအောင်'

'ဘာလုပ်ဖို့လဲ'

'ဟ ... ဒီဇေင်နဲ့ မိတ်ဆက်ပေးမယ်လေ'

'ငါ မလိုက်ချင်ဘူးဟာ၊ ထက်အောင်နဲ့ တွေ့ရင် စကားထစ်ပြနေရဦးမယ်'

'ဒါကတော့ လုပ်ငန်းသဘောအရပဲ'

ရဲဟိန်းသူက ရယ်ကျဲကျဲလုပ်နေသည်။

'မလိုက်တော့ပါဘူးဟာ၊ ငါက သတိရတယ်လို့ ပြောလိုက်ဟာ'

'ယုံပါ့မလားဟဲ့'

ရဲဟိန်းသူက မျက်မှောင်ကြုတ်၍ လက်ပိုက်ပြီး ဆရာကြီးစတိုင်နဲ့ ကျော်ဇင်ပိုင်းက ကြားမှ ဝင်ပြောသည်။

'နင်ကလည်း ခင်မင်ရင်းနှီးမှု သင်္ကေတပြရအောင် စာလေးရေးပေးလိုက်ပါလား၊ စာထဲမှာလည်း စကားထစ်သလို ရေးပေးဟာ'

'အေး ... ဒါလည်း ကောင်းတာပေါ့၊ ထက်အောင် အရမ်းဝမ်းသာသွားမှာပဲ'

ရဲဟိန်းသူကလည်း ကျော်ဇင်ပိုင်းကို ထောက်ခံပေးနေ၏။

'အေး ... နင်တို့ အဲဒီလောက်ဖြစ်နေရင်လည်း ငါအတန်းထဲဝင်ပြီး စာရေးပေးလိုက်မယ်၊ ထက်အောင်နဲ့ငါ သမီးရည်းစားဖြစ်သွား





ရင်တော့ နင်တို့ ငါ့ကို လမ်းတွေ့ရင်တောင် မခေါ်နဲ့၊ သဘောပေါက်'

နှင်းနှင်းငြိမ်းက ဘောက်ဆတ်ဘောက်ဆတ်နဲ့ အခန်းထဲဝင်သွားသည်။ ခဏကြာတော့ နှင်းနှင်းငြိမ်း စာခေါက်ကလေးကိုင်ကာ ပြန်ထွက်လာ၏။ စာခေါက်ကလေးမှာလည်း ချုပ်စက်ရာတွေအပြည့်။ ဘယ်သူမှ မဖတ်စေချင်သော သဘောရှိမည်။ တမင်သက်သက်လုပ်လာတဲ့ သဘောလည်းဖြစ်နိုင်သည်။

'ရော့ ... နင်တို့ဖွင့်ဖောက်မဖတ်နဲ့နော်၊ ဘာတွေရေးထားသလဲသိချင်လို့ ထက်အောင်ကိုလည်း မမေးနဲ့နော်၊ ကိုယ့်အကြောင်းနဲ့ကိုယ်နေကြ၊ သူများကြား ဝင်မပါနဲ့၊ ထက်အောင်က စာတွေဘာတွေ ပေးလိုက်ရင်လည်း သေသေချာချာ မပျောက်ပျက်အောင် ထိန်းထိန်းသိမ်းသိမ်း ရိုရိုသေသေ ယူလာခဲ့နော်'

နှင်းနှင်းငြိမ်းက တိုတိုတုတ်တုတ် ခပ်ပြတ်ပြတ်ပြောပြီး လှည့်ထွက်သွား၏။

ရဲဟိန်းသူနှင့် ကျော်ဇင်ပိုင်း အူတူတူလေးနဲ့ ကျန်ရစ်ခဲ့သည်။

'နှင်းနှင်းငြိမ်းက ထက်အောင်ကို တကယ်စိတ်ဝင်စားသွားပြီလား မသိဘူး'

ရဲဟိန်းသူက ကျော်ဇင်ပိုင်းကို လမ်းလျှောက်ရင်း ထင်ကြေးပေးသည်။

'နှင်းနှင်းငြိမ်းက ခေသူမဟုတ်ပါဘူးကွာ၊ ငါတို့သင်ပြစရာမလိုပါဘူး၊ ချက်ဆိုနားခွက်က မီးတောက်ပြီးသားပဲ၊ မီးမတောက်သေးတာက ငါတို့'



www.burmeseclassic.com

www.burmeseclassic.com



'အေးကွာ၊ မီးခိုးတွေပဲ အူထွက်နေတာ'

'ငါတို့ချိန်ချိန်ဆဆ လုပ်မှဖြစ်မယ်'

'ငါတို့တွဲပြီးရမ်းနေရင် သိပ်မကောင်းတော့ဘူး'

ရဲဟိန်းသူက တွေးတွေးဆဆပြောရာ ကျော်ဇင်ဝိုင်းက အမိပ္ပာယ်တစ်မျိုးပေါက်ပြီး အထင်တစ်မျိုးရောက်သွားသည်။

'ခွေးကောင် မညစ်ပတ်နဲ့နော်'

'ဟာ… ငါပြောတာက မင်းနဲ့ငါတွဲပြီး ဘာပဲလုပ်လုပ် ရမ်းသမ်းမှန်းသမ်းလုပ်လို့ မကောင်းဘူး၊ ဒါကိုပြောတာ၊ မင်းထင်တာတွေ ဖြည့်မတွေးစမ်းပါနဲ့ ငါတို့ထက်အောင်ကို ဝင်လုံးရမယ်'

'ယောက်ျားအချင်းချင်းကွာ'

'မင်းကလည်း ငါပြောတာက ထက်အောင်နဲ့ပတ်သက်ပြီးဟို ကောင်မလေးတွေကို ခွချက်စိရမယ်၊ လွတ်တဲ့ငါးတော့ အကြီးမခံနိုင်ဘူး၊ မုန့်စားရင်းလှည့်းစီး၊ သီချင်းဆိုရင်း သရုပ်ဆောင်လုပ်၊ ဝက်သိုးငှားရင်း ဝက်ကောင်ပေါက်လေးတွေ ဈေးစပ်၊ လုပ်ထားရမှာပဲ၊ ဒါမှ အရှုံးမရှိမှာ'

'မင်းသဘောကျတာတွေနဲ့ ငါ စိတ်ဝင်စားတာတွေ ထပ်တူထပ်မျှဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

ကျော်ဇင်ဝိုင်းက စားမာန်ခုတ်နေသေးသည်။

'ဒါတော့ မဲစနစ်နဲ့ သွားမှာပေါ့၊ မတတ်နိုင်ဘူး၊ အခု ငါတော့ လေးယောက်စလုံးကို တပြိုင်နက်တည်း တစ်ချိန်တည်း သဘောကျနေပြီ၊ ဆန်ကာတင်ရွေးထုတ်ရမှာတောင် မလုပ်ချင်တော့ဘူး'





'မင်းကလည်းကွာ၊ အဲဒီလိုမညစ်နဲ့၊ ကောင်မလေးတွေက စပါယ်ရှယ်ချောလား'

ဘဝတစ်လျှောက်လုံး ဖွန်ကြောင်ခြင်းကို မလေ့လာခဲ့သူ ကျော်ဇင်ဝိုင်းတစ်ယောက် ခုမှ အကြောမိနေသည်။

'ချောမှချော၊ ငါ့ကောင်ရေ ဟော… မော်ဒယ်ဂဲလ်ပါတယ်၊ သီချင်းဆိုချင်တဲ့သူပါတယ်၊ ဘာသာစကားပြောကျွမ်းတဲ့ဂိုက်တစ်ယောက်ပါတယ်၊ ရှားရှားပါးပါး ကဗျာဆရာမလေးတစ်ယောက် တောင်ပါသေးတယ်'

'မင်းနဲ့ဝါသနာတူ စိတ်ကူကိုယ်တူ ကဗျာဆရာမလေးကိုပဲ စိတ်ဝင်စားလိုက်ကွာ၊ ကျန်တဲ့သုံးယောက်ကို ငါ့ကိုပေးလိုက်၊ ဒါတောင် ငါတော်တော်ချိန်ဆထားရတာကွာ၊ ဟဲ… ဟဲ… ဟဲ'

'သြော်… မင်းက သိပ်အကောင်းကြိုက်တာပဲ၊ ဟေ့ကောင် ငါလည်း ငါ့မူပိုင်ခွင့်နဲ့ငါ ရှိပြီးသား၊ မင်း ဂကျိုးဂကျောင်လုပ်မနေနဲ့၊ မင်းလုပ်ပုံက ဦးစံမြင့်ရဲ့ ကြောင်ဝါလိုဖြစ်နေပြီ'

'လာပြန်ပြီလား ဥပမာပေးတွေ'

'လုတောသားစာအုပ်ထဲကပါ၊ မင်းနားထောင်ဦး'

ရဲဟိန်းသူက ချောင်းတစ်ချက်ဟန့်၍ ဟိတ်ဟန်ထုတ်သည်။ ကျော်ဇင်ဝိုင်းက မကြည်ကြည့်တစ်ချက်ကြည့်သည်။ ငကြောင်ဟု ခပ်ဖွဖွလေး ရေရွတ်၏။

'ဦးစံမြင့်ဆိုတဲ့ အသက် ၇၀ ကျော်အဘိုးကြီးတစ်ယောက် ရှိသတဲ့၊ သူက ဆောင်းတွင်းကာလ မနက်စောစောထထပြီး မီးလှုံ



www.burmeseclassic.com

www.burmeseclassic.com

တယ်၊ တစ်နေ့တော့ ဦးစံမြင့်က အိပ်ရာက ကဗျာကသီထ၊ မီးဖိုဘေးကပိုကယိုထိုင်ပြီး မီးမွှေးနေသတဲ့၊ သူ့ရဲ့ ကြောင်ဝါကလေးကလည်း မီးဖိုတစ်ဘက်ဘေးက ဦးစံမြင့်နဲ့ မျက်နှာချင်းဆိုင်မှာလာဝပ်တယ်၊ ဦးစံမြင့်က မမြင်မစမ်း မှုန်ဝါးဝါးနဲ့ ရေနွေးဆီကို မီးဖိုထဲ လောင်းထည့်တာ ရေနံဆီမဟုတ်ဘဲ ဘာဆီတွေမှန်းမသိဘဲထည့်လိုက်တယ်၊ မီးက မတောက်ဘဲ မီးခိုးတွေ အူထွက်လာတာပေါ့၊ ဦးစံမြင့်က ယပ်ခတ်ပြီး မီးတောက်လာအောင် ကြိုးစားတာပေါ့၊ သူယပ်ခတ်တော့ လှုပ်သင့်တဲ့နေရာက လှုပ်နေပုံရတယ်၊ ကြောင်ဝါက ဝပ်နေရာက ထထလာတယ်၊ သူက မြန်မြန်ယပ်ခတ်လေ၊ ကြောင်က သဲသဲမဲမဲချောင်းမြောင်းလာတာပေါ့၊ ကြာတော့ ကြောင်က လှားခနဲ ခုန်အုပ်လိုက်ပါရော'

ဦးစံမြင့်က မျက်နှာရှုံ့မဲ့ပြီး ကြောင်ဝါကို တအားဆွဲဖြုတ်ပြီး လွှင့်ပစ်လိုက်တယ်။ ပြီးတော့မှ လက်ညှိုးငေါက်ငေါက်ထိုးပြီး လေးလေးတွဲ့တွဲ့ တစ်တစ်ခွခွပြောလိုက်တာက…

'ဟဲ့… ကြောင်ဝါ… သိပ္ပံနည်းကျကျပြောရရင် နင်ဟာဦးနှောက်ဉာဏ်နည်းတယ်လို့ ဆိုရမယ်၊ ရှေးနည်းရှေးဟန်နဲ့ သမားရိုးကျ ပြောရရင် အတွေးအခေါ်ဆင်ခြင်တုံတရား နည်းပါးတယ်၊ တကယ်တော့ နင် စဉ်းစားသင့်တယ်၊ ကြွက်ဖြစ်ရင် နားရွက်အစစ်ပါရမယ်လို့၊ တကယ်ကြွက်မဟုတ်လို့ နားရွက်အစုတ်တောင် မပါဘူးဆိုတာ နင်မသိဘူးလား'

'မင်းလည်း ကြွက် ဟုတ်မဟုတ် စဉ်းစားပြီးမှ လုပ်သင့်တယ်၊ အခု ကောင်မလေးတွေက ဘာမှန်းမသိသေးဘူး'





'မင်းကွာ၊ ရှာရှာဖွေဖွေပြောနိုင်တဲ့ကောင်ပဲ၊ မင်းပြောမှပဲ ငါက တလွဲလွဲတချော်ချော်ဖြစ်နေရမဲ့ သဘောပဲ'

ကျော်ဇင်ဝိုင်းက သဘောကျ၍ တဟားဟားရယ်မောသည်။ ရဲဟိန်းသူကတော့ သူ့အထာသူ့ဥပမာနဲ့ ဟန်ကျနေသည်။

'ခက်တာက ငါတို့နှစ်ယောက်စလုံးက ရည်းစားမထားဖူးသေးဘူး၊ ထက်အောင်က လေးကောင်ထိုးကျွေးပြီး ကင်းဝင်သွားရင် ဘယ်လိုလုပ်မလဲ'

ရဲဟိန်းသူက မချိတင်ကဲဆိုသည်။

'ငါကတော့ ၁၂ လုံးပိတ်နေပြီး ဆွဲဖဲနဲ့ စားဖဲ တလွဲစီဖြစ်လို့ မဒေါင်းရင်တော့ ဒုက္ခပဲ'

'အရေးထဲ ဖဲသမားက တစ်မျိုး၊ ဟိုကဗျာတိုလေးထဲကလို ဖြစ်နေဦးမယ်'

'လာ ပြန်ပြီလား၊ ကုန်ကိုမကုန်နိုင်သေးဘူး'

ကျော်ဇင်ဝိုင်းက အပြစ်တင်လည်း တင်ချင်စရာ။ ရဲဟိန်းသူကတော့ စက်လှည့်သလို ပုံပြင်တွေ ကဗျာတွေထုတ်ချေပြီ။

*ငယ်ကျွင့်မဖျောက်၊ ကိုးခေါ်တစ်ယောက်*
*ပိုကာဝိုင်းကိုရောက်*
*နှစ်လှည့်တုတ်ဖို့ ဟန်အပြင်*
*ဂျိုကာလာမဝင်*
*ဂျိုကာတစ်လွဲ တစ်ချပ်ဖဲ*
*ပေါင်ကိုဖုတ်ကာဆဲ*



www.burmeseclassic.com

www.burmeseclassic.com



*ဘေးအိမ်ကလူ ကိုမဲတူ*

*ဂျိုးဒေါ်ပစ်ဖဲယူ*

*စားဖဲလှည့်ပြောင်း ဝင်ကာဒေါင်း*

*ဖဲကိုမွှေးလို့ကောင်း။*

ရဲဟိန်းသူက အသံနေအသံထားနဲ့ ဟဲပြသည်။

'အဒါ ဘယ်သူစပ်တာလဲ၊ ဦးပုညလား၊ ရှိတ်စပီးယား လား'

'မဟုတ်ဘူး၊ ရာဘင်ဒြာရဲဟိန်းသူ'

ရဲဟိန်းသူက လက်မလေးထောင်၍ မိန့်မိန့်လေးပြောသည်။ ပြောရင်းဆိုရင်း ထက်အောင်အဆောင်ရှေ့ ရောက်လာ၏။ နှစ်ယောက်သား အတန်းထဲဝင်ရာသည်။ အတန်းထဲတွင် ထက်အောင်နှင့်အတူတူ စာလုပ်နေသော ဓာခြည်စိမ့်ကို တွေ့လိုက်ရသည်။ ကဗျာလေးတစ်ပုဒ်ကို ဆည်းဆာအချိန်တွင် ဖတ်လိုက်ရသလို ခံစားသွားရသူက ရဲဟိန်းသူ။ ဓာခြည်စိမ့်က ကဗျာဆန်ဆန်လေးနဲ့ ရိုးရိုးယဉ်ယဉ်လေး။

'ကောင်မလေးက ဂျိုးဒေါ်ပစ်ဖဲ ကဗျာလေးပါလား'

'ဟေ့ကောင်… ကြောင်'

ကျော်ဖင်ပိုင်း ကပ်ဒိုးလေး အပြောကို ရဲဟိန်းသူက ကပ်ဆဲလိုက်သည်။

'ဟာ… ကိုရဲဟိန်းသူ… လာဗျာ၊ အတော်ပဲ'

'ဟိုဗျာ… ကိုထက်အောင် ဒီမှာ ကျွန်တော့်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမလို့၊ လမ်းကြုံရင်း ဒီဘက်ဝင်လာတာ'

ဓာခြည်စိမ့်က မသိမသာလေးတစ်ချက်ပြုံးသည်။ ကာရန်မိ





သွားတဲ့ အချိုးအစားပြေပြစ် စကားလုံးလေးတစ်ခုပါလား။

'လာဗျာ… ကင်တင်းသွားရအောင်'

ဓာခြည်စိမ့်က လက်ကာပြရင်း…

'ထက်အောင် နေဦး၊ ဟိုကောင်မတွေလာရင် သိအောင် ကျောက်သင်ပုန်းမှာ ကဗျာလေးရေးထားဦးမယ်'

*လာပါပြီ ဟိုတစ်ယောက်ပေါ့*

*သူ့နောက်က ဟိုဒီမျှော်*

*လှသူတော်လည်းပါသေး*

*မြင်တွေ့အောင်အပြေးပြတာမို့*

*(သူငယ်ချင်းမတို့ရေ)*

*ရောက်ခါစ ဒုန်းစိုင်းလို့*

*ဝှန်းဒိုင်းသာ အမြန့်သုတ်ခဲ့ပေတော့…။*

အံမယ်… ကဗျာလက်ာသိပ်မမြောက်ပေမဲ့ ခဲတစ်လုံးနှင့် ငှက်နှစ်ကောင်ကို တစ်ပြိုင်တည်း ပစ်ချသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

ကင်တင်းရောက်တော့ ထက်အောင်ကို ရဲဟိန်းသူက ကျော်ဇင်ဝိုင်းနဲ့ မိတ်ဆက်ပေးသည်။ တစ်ဆက်တည်းမှပင် ဇာခြည်စိမ့်ကို ထက်အောင်က ကျော်ဇင်ဝိုင်းနဲ့ မိတ်ဆက်ပေးသည်။ ဇာခြည်စိမ့်က

'တစ်ခုခုမှာကြလေ၊ ဇာခြည် ရှင်းပါ့မယ်'

ကျော်ဇင်ဝိုင်းက ရှက်ကိုးရှက်ကန်းနဲ့ ရေနွေးကြမ်းအိုးကို အရင်ကောက်မရာ ရေနွေးမရှိသဖြင့် စားပွဲထိုးကို လှမ်းခေါ်ပြီး…

'ကောင်လေး ရေနွေးတစ်အိုးဟေ့'

ထက်အောင်နှင့် ဇာခြည်စိမ့်က ဘာမှန်းမသိ တဟားဟားနဲ့ ထရယ်သည်။ ကျော်ဇင်ဝိုင်းမှာလည်း ထူပူသွားပြီး ရေနွေးအိုးဖင်ကို ကယောင်ကတမ်းနဲ့ လျှောက်ကြည့်နေသည်။ ထက်အောင်က အရယ်ရပ်ပြီး…

'မင်းတို့က ဇာခြည်စိမ့်အကြောင်းကို မသိသေးဘဲကိုး၊ ဇာခြည်စိမ့်က သူနဲ့စတင်ရင်းနှီးတဲ့ သူကို တစ်ခါတလေမှာ အခန့်သင့်မှ မုန့်ကျွေး၊ လက်ဖက်ရည်တိုက်တတ်တာ၊ သူတွေ့တဲ့သူတိုင်းကိုလည်း ဝယ်ကျွေး





နိုင်းတာက များတယ်၊ အခု ဈေးဦးပေါက်သွားတာက ကိုကျော်ဇင်ဝိုင်းပဲ၊ ဒီကောင်မလေးက သူနဲ့စရင်းနှီးတဲ့သူကို သူကျွေးတဲ့အချိန်မှာ စမှာတဲ့ အစားအစာတို့ သောက်စရာတို့ နာမည်နဲ့ အဲဒီလူကို နာမည်ပြောင်ပေးလေ့ရှိတယ်'

'ဟမ်'

ကျော်ဇင်ဝိုင်း ကြောင်သွားသည်။ ဦးစံမြင့် ကြောင်ဝါလိုတော့ ဖြစ်ပြီထင်ရဲ့။ ရဲဟိန်းသူက မီနူးကဒ်ကို ကြည့်နေတုန်းမို့ ကံကောင်းသွားသည်။ အခုသူလည်း ဘာမှမမှာရဲတော့။ ဇာခြည်စိမ့်က တခစ်ခစ်နဲ့ ရယ်နေသည်။

သူမရယ်ပုံလေးက နှင်းတောထဲက စံပယ်ပွင့်လေးတွေလိုပဲ ဖြူစင်လှ၏။ ကျော်ဇင်ဝိုင်းကတော့ နာမည်ပြောင်တစ်ခုတွင်သွားပြီ။ 'ရေနွေးကြမ်းအိုး'။ ဇာခြည်စိမ့်က ကျော်ဇင်ဝိုင်း ရှက်သွားတာကို ကြည့်ပြီး ခပ်တည်တည်နဲ့…

'ကိုရေနွေးကြမ်း… တစ်ခုခုထပ်မှာပြီးစားလေ'

'ဟာ… ရ… ရပါတယ်'

'ဘယ်ဟုတ်မလဲ၊ ရေနွေးကြမ်းတွေပဲ သောက်နိုင်းတာ မဟုတ်ပါဘူး၊ ဇာခြည်ကျွေးမှာပါ၊ စားပါ'

ကျော်ဇင်ဝိုင်း စားချင်သောက်ချင်စိတ် ကုန်ခမ်းသွားတာတော့ အသေအချာပင်။

'ဇာခြည်ကတော့ မလွယ်ဘူး၊ ဟိုတစ်ခါလည်း ဆရာတစ်ယောက်ကို အဲဒီဆိုင်ခေါ်ပြီး နာမည်ပေးသွားသေး၊ နို့ကြက်ဥတဲ့၊



www.burmeseclassic.com

www.burmeseclassic.com

ရှိသေးတယ်၊ သူ့နာမည်ပေးထားတာတွေ၊ သူ့ကို ကြောင်တဲ့ကောင်တွေဆို ခံရတာတွေများတယ်၊ ချိုဆိမ့်၊ ကျဲဆိမ့်၊ ပူတင်း၊ စမူဆာ၊ နံပြား အစုံပဲ'

ကျော်ဇင်ဝိုင်းလည်း ခြောက်ကပ်ကပ်ရယ်မောနေရသည်။

'ဇာခြည်က ခင်လို့နောက်တာနော်'

'ရပါတယ်၊ ခေါ်ပါ၊ ကျွန်တော်လည်း ခင်တတ်ပါတယ်၊ နာမည်ပြောင်လေးရှိတော့ ပိုရင်းနှီးသွားတာပေါ့'

ကျော်ဇင်ဝိုင်းက ခေါင်းကုတ်ကိုယ်တွန့်နေသည်။ ရဲဟိန်းသူလည်း အရဲစွန့်စွာ လက်ဖက်ရည်ပေါ့ဆိမ့်တစ်ခွက်မှာလိုက်သည်။ ကျော်ဇင်ဝိုင်းက ဒါတောင်ချွန်တွန်းလုပ်သေး၏။

'သူ့ကျတော့ ဘာလို့နာမည်မပေးတာလဲ'

'သူက ဟိုတစ်နေ့ကတည်းက ပေးပြီးသွားပြီ'

ရဲဟိန်းသူ အူကြောင်ကြောင်ဖြစ်သွားသည်။ ဟိုနေ့က စားသောက်ထားတာတွေက ထက်အောင် ရှင်းသွားသည်။ ရဲဟိန်းသူသေသေချာချာ ပြန်စဉ်းစားကြည့်သည်။ သေချာပြီ။ သူ ခံတွင်းချဉ်၍ ကွမ်းဝယ်စားတာ အကြွေပြန်အမ်းစရာမရှိလို့ ဇာခြည်စိမ့်က အကြွေတစ်ရာထုတ်ပေးတာကို သတိရမိသည်။ ကွမ်းတစ်ရာလေးနဲ့ နာမည်တွင်ချေပြီ။ ကျော်ဇင်ဝိုင်းသဘောပေါက်၍ ရယ်လေသည်။

'ကျွန်တော် နာမည်က ဘာလဲဟင်'

'ဂုန်ခါး' သေချာတာပေါ့။ အဲဒီနေ့က ရဲဟိန်းသူ ဆေးဝါဂုန်ခါးနဲ့ စားခဲ့တာပေါ့။ ကျားရေ့မှောက်လျက်လဲ။ ကြံ့အစွယ်ကိုမေးစေ့





တင်၊ ငါးမန်းပါးစပ်ထဲ လက်ထိုးထည့်သလို ဖြစ်သွားသည်။ ထက်အောင်က မသက်မသာဖြင့်...

'ကျွန်တော့်နာမည်လည်း ရှိပါသေးတယ်ဗျာ၊ ကျွန်တော်ကတော့ ဘာမှမစားခင် သွားကြားထိုးတံသွားတောင်းမိတာလေ'

'အောင်မလေး သူတို့ပဲ နာမည်ပြောင်ရှိတာ ထင်နေတယ်၊ ဇာခြည်လည်း ရှိပါတယ်၊ ဇာခြည့်နာမည်ပြောင်က ကိုင်းကွဲတဲ့'

'ဟင်... ဘာဂိုဏ်းလဲ၊ မာဖီးယားလား၊ ရှောင်လင်လား၊ ဂိုဏ်းစတားလား'

ကျော်ဇင်ဝိုင်းက ရှုတ်နောက်နောက်လုပ်နေသည်။

'ဖေဖေ့မျက်မှန်ကို ခဏခဏတက်နင်းမိလို့ ဖေဖေက ကိုင်းကွဲလို့ နာမည်ပေးထားတာ၊ ဟီး...'

ဇာခြည်စိမ့်က ပြောလည်းပြော ရယ်လည်းရယ်ပဲ။ ကျော်ဇင်ဝိုင်းကတော့ ဇာခြည်စိမ့်ကို ငေးမောကြည့်ရှုနေသည်။

'ဟော့... ရောက်နေတာ ကြာပြီလား'

မေရီဂွျန်နှင့် ကက်သရင်းတို့ ရောက်လာသည်။ သူတို့နှစ်ယောက်ကလည်း ဒီဇိုင်းဆန်းဆန်းလေးတွေနဲ့ လှပနေ၏။ ကျော်ဇင်ဝိုင်းတော့ လည်ပင်းကို ဆုံလည်ထပ်ထားမှဖြစ်မည်။ နောက်နှစ်ယောက်ကိုလည်း ငမ်းပြန်ပြီ။

'ဟဲ့... ဒီနေ့ ငါရှင်းမှာနော်၊ ဒီဝိုင်းကို'

မေရီဂွျန်တို့က ဇာခြည်စိမ့်စကားကြောင့် တွန့်သွားသည်။ ကက်သရင်းက သူလှမ်းယူမဲ့ ကော်ပြန့်ကို မယူရဲတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

'ဟဲ… ဟဲ… ဟဲ… နင်တို့ နာမည်သစ်တွေ ပြောင်းသင့်ပြီ'

'မပြောင်းဘူးဟာ၊ အရင်နာမည်တွေက တော်သေးတယ်'

ကျော်ဇင်ဝိုင်းက မဆီမဆိုင် စပ်စပ်စုစုမေးလေပြီ။

'သူတို့က ဘာနာမည်တွေမို့လို့လဲ'

ထက်အောင်က ရယ်ရယ်မောမော ဝင်ရှင်းပြ၏။

'မေရီဂွန်က အမဲအူ၊ ကက်သရင်းက မုန့်ဖိုင်းတောင့်'

'လမ်းဘေးက မုန့်တွေတောင် မနေရပါလား'

ရဲဟိန်းသူက စာခြည်စိမ့်ကို အသိအမှတ်ပြုတဲ့ သဘောမျိုးဖြင့် ရုတ်တရက်ပြောသည်။

'ဘာပဲပြောပြော သူငယ်ချင်းတွေ ရင်းနှီးပွင့်လင်းမှု ရှိတာပေါ့ဟာ'

'အားလုံးဟာ ပျော်ရွှင်မှုအရင်းခံပြီး တစ်လှေတည်းစီး တစ်ခရီးတည်း သွားတာပေါ့'

အားလုံးမှာ လူငယ်သဘာဝ အရိုးခံစိတ်ဓာတ်များနှင့် ပေါင်းစည်းမှုရရှိသွားကြသည်။ ထက်အောင်က သတိတရနဲ့…

'ဟို… နှင်းနှင်းငြိမ်းရော မတွေ့ပါလား'

'သူ စာတွေလုပ်နေရလို့ပါ'

ကောင်မလေးသုံးယောက်က ပခုံးတွန့်ပြပြီး မေးငေါ့သည်။

'ဒါပေမဲ့ ကိုထက်အောင်ကို စာတစ်စောင်ရေးပေးလိုက်တယ်'





'ဟာ… တကယ်လား'

ထက်အောင် မျက်နှာနီယွန်မီးနှင့် မာကျူရီမီးစပ်ကျလောက်အောင် လင်းထိန်သွား၏။

'နှင်းနှင်းက သေသေချာချာမှာလိုက်သေးတယ်၊ ဘယ်သူမှ မပြရဘူးတဲ့၊ အေးအေးဆေးဆေးမှ ဖတ်ကြည့်ပါတဲ့'

'ဟဲ့… ထက်အောင် နင် မိန်းမအိမ်သာထဲ ဝင်ဖတ်ပါလား'

ကက်သရင်းက အချွန်နဲ့မလေသည်။ အားလုံး ပေါ့ပေါ့ပါးပါး ရယ်ကြသည်။ ကျော်ဇင်ဝိုင်းကလည်း ထင်တာထက် နှုတ်သွက်နေသည်။

အကြံတူ ရန်သူအချင်းချင်းကတော့ မျက်စောင်းတခဲခဲနဲ့။ ဒိန်ခဲတွေသော ကြွက်နှစ်ကောင်လို ရန်စောင်နေကြပြီ။ ဦးတဲ့ခြေလှမ်း ဆူးချုံဖို့စေ့ဆော်နေ၏။

အသည်းလမ်း တစ်ပြမှာ ခွဲတမ်းအသီးသီးချရပေတော့မည်။ ကက်သရင်းက ကိစ္စတစ်ခုအဆိုပြုတင်သွင်းသည်။

'ငါတို့ သူငယ်ချင်းတွေ ကျောင်းပိတ်ရက်ကျရင်ပျော်ပွဲစားထွက်ရအောင် ချောင်းသာမှာ ငါ့ဦးလေးရဲ့ အဆင့်မြင့်တည်းခိုခန်းရှိတယ်ဟာ၊ တည်းခတစ်ဝက်လောက်တော့ ဖရိုးရမှာပါ'

'ကောင်းတာပေါ့ဟာ၊ ငါတို့ခုကတည်းက ငွေစုထားကြတာပေါ့'

ကက်သရင်းအဆိုကို အားလုံးက သဘောတူကြသည်။ ရဲဟိန်းသူက


www.burmeseclassic.com

www.burmeseclassic.com



'အတော်ပဲဟာ၊ ငါမွေးထားတဲ့ ရေသူမနှစ်ကောင်ကို ခေါ်သွားပြီး ရေသူမ ထပ်ရှာရမယ်'

သူ့စကားကြောင့် ရုတ်တရက် ကြောင်သွားကြသည်။

'ဟဲ့… ဘယ်က ရေသူမလဲ'

'ဖဲထုပ်နှစ်ထုပ်ကို ပြောတာ'

'မသာကောင်'

'ငပေါ'

ကောင်မလေးတွေက ရဲဟိန်းသူကို ဝိုင်းအော်ကြသည်။ ကျော်ဇင်ဝိုင်းကတော့ ပင်လယ်ခရီးထက် ကောင်မလေးသုံးယောက်ကို တစ်လှည့်စီ အချိန်ရသရွေ့ ကြည့်ရှုအကဲခတ်နေသည်။

ဓာခြည်စိမ့်ပေးထားတဲ့ နာမည်ပြောင်အရ ရေနွေးကြမ်းအိုး၊ ဂုက်ခါး၊ သွားကြားထိုးတံ၊ အမဲအူ၊ မုန့်ဗိုင်းတောင့်နှင့် ကိုင်းကွဲလူစုံတက်စုံပဲ။

ဘောလုံးတစ်သင်းစာလောက် ရှိမည်။

၈

'ကက်သရင်းနဲ့ မေရီဂျွန်ကို ဘယ်သူ့ရွေးရမလဲကွာ'

ကျော်ဇင်ဝိုင်းက ခုတင်ပေါ် ပက်လက်လှန်ခြေချိတ်၍ ဆိုင်းမဆင့်ဗုံမဆင့် မေးသည်။ စာဖတ်နေသော ရဲဟိန်းသူက နားကြားပြင်းကတ်လာသည်။

'မတူမတန်တာတွေ မမှန်းပါနဲ့လား မောင်ရေ'





'ဟော့ကောင်… မင်း ငါ့ကိစ္စကို ဝင်မရှုပ်နဲ့'

'အောင်မာ… ငါနဲ့ပတ်သက်ပြီးလည်း သိရသေး၊ ဆရာကို ပြန်အာခံချင်နေသေးတယ်၊ ဆရာကာပြန်၊ အာခေါင်ကို ဒုံးပျံရှူးမဲ့ကောင်'

ရဲဟိန်းသူကလည်း ရေပက်မဝင်အောင် နှိပ်ကွပ်သည်။

'ငါ့အထင်တော့ မင်းက ကက်သရင်းနဲ့ ပိုလိုက်ဖက်တယ်ကွ'

'အေး… ကက်သရင်းလည်း မဆိုးဘူး၊ မျက်နှာဝိုင်းဝိုင်းလေးနဲ့'

'ဒါပေမဲ့ မေရီဂျွန်က မင်းကိုကြည့်တဲ့မျက်လုံးတွေ မရိုးသားဘူး၊ ငါ့အထင်ကတော့ မသင်္ကာဘူးနော်'

'ငါ့ကို စိတ်ဝင်စားနေတယ်လို့ ဆိုလိုချင်တာလား'

ကျော်ဇင်ဝိုင်းက ခန္ဓာကိုယ်ကို အိပ်နေရာမှ ထောင်ထလာသည်။

'မဟုတ်သေးဘူးကွ၊ မင်းက ခိုးတတ်ဝှက်တတ်တဲ့ ဗီဇလေးရှိနေတော့'

'ဟော့ကောင်… ခွေးသူခိုး'

ကျော်ဇင်ဝိုင်းက အော်ဆဲသည်။

'မေရီဂျွန်က မော်ဒယ်သင်တန်းဆင်းပြီးရင် မင်းသမီးလုပ်မှာကွ၊ ကက်သရင်းကလည်း သီချင်းဆိုမှာ၊ မင်းလမ်းကြောင်းနဲ့ဘာမှကို မဆိုင်ဘူး၊ မင်းက သူတောင်းစားလုပ်မယ့်ကောင်ဆိုတော့'



www.burmeseclassic.com

www.burmeseclassic.com



'ဘူကောင်··· မေရီဂျွန် မင်းသမီးလုပ်ရင် ငါ မင်းသား လုပ်လို့ရတယ်'

'မင်းသား··· ဘုရားရေ၊ ရုပ်သေးစင်ပေါ်တက်ရင်တောင် မင်းကုသအရုပ်က မင်းမြင်တာနဲ့ ထွက်ပြေးလိမ့်မယ်၊ ဟား··· ဟား'

ရဲဟိန်းသူက တစ်ချက်ပြီးတစ်ချက် နှိပ်ကွပ်၍ အကောင်း မပြော။

'မင်း မထင်နဲ့နော်၊ မေရီဂျွန်က မော်ဒယ်လ်သင်တန်းမှာ ဘွိုင်းလေးတွေရှိမှာပဲ၊ ကက်သရင်းကလည်း သူ့နည်းသူ့ဟန်နဲ့ရည်းစား ရှိမှာပဲ၊ မင်းနောက်ကျသွားပြီ ကောင်လေး၊ မင်းဆိုက်မဲ့ဘူတာက သံလမ်းတောင် မခင်းရသေးဘူး၊ မင်းအဖြစ်က ကန္တာရထဲမှာ ဘီလပ် မြေတစ်အိတ်နဲ့ ၁၆ ထပ်တိုက် သွားအောင်သလိုဖြစ်နေမှာ'

'တော်ကွာ၊ ကျက်သရေကောင်၊ မင်း ငါ့ကို မနာလိုဖြစ်နေ တာလား၊ ငါ့ကုသိုလ်နဲ့ ငါပါကွာ'

'အောင်မြင်ပါစေ သူငယ်ချင်း၊ မင်းမအောင်မြင်ရင်တော့ ဦးစံမြင့်နဲ့ သူ့ကြောင်ဝါလိုဖြစ်ဦးမယ်'

'ဖြစ်စရာအကြောင်းကို မရှိတာ'

'မင်းကတော့ အရက်သောက်ချင်တဲ့ ကျီးကန်းလိုဖြစ်တော့ မယ်'

'လင်းစမ်းပါဦး ငပေါရာ'

ရဲဟိန်းသူက ဥပမာပေးပြောရင် စားဝင်အိပ်ပျော်မဲ့ပုံစံ။

'တစ်ခါကကွာ၊ ယောကျ်ားနှစ်ယောက် သစ်ပင်အောက်မှာ





အရက်သောက်နေကြတယ်၊ စားစရာအမြည်းမရှိဘဲ ဖြစ်နေချိန် သစ် ပင်ပေါ်မှာ ဝက်အူချောင်းကို ကိုက်ထားတဲ့ ကျီးကန်းကို တွေ့သွား တယ်၊ နှစ်ယောက်က ကျီးကန်းဆီက ဝက်အူချောင်းကို မြည်းဖို့ကြံဆ စည်းစားကြတယ်၊ တစ်ယောက်က လှမ်းမေးတယ်၊ ဟေ့ ကျီးကန်း မင်းမှာ ဖန်ခွက်ရှိလား၊ မရှိဘူး၊ အဲဒီလိုပြောတော့ ကျီးကန်းပါးစပ်က ဝက်အူချောင်း ပြုတ်ကျသွားတယ်၊ အရက်သမားနှစ်ယောက်လည်း ဝမ်းသာအားရကောက်မြည်းကြတာပေါ့၊ ဒုတိယပုလင်းဖွင့်တော့ အမြည်းမရှိပြန်ဘူး၊ စောစောက ကျီးကန်းက သစ်ပင်ပေါ်မှာ ထော ပတ်ခဲကို ကိုက်လျက်သားထပ်တွေ့တယ်၊ သူတို့က မေးတယ်၊ ဟေ့ ကျီးကန်း၊ မင်းဆီမှာ ဖန်ခွက်ရှိလား'

ကျီးကန်းက ဘာမှမပြော။ ထပ်မေးတယ်။

'ဟေ့··· မင်း အရက်မသောက်ချင်ဘူးလား'

'သောက်ချင်တာပေါ့'

ထောပတ်ခဲ ပြုတ်ကျသွားတယ်။ ဒါနဲ့မြည်းလိုက်ကြပြီး တတိယပုလင်းဖွင့်တော့ အမြည်းက ကုန်ပြန်ပြီ။ သစ်ပင်ပေါ်ကြည့် လိုက်တော့ စောစောက ကျီးကန်းက ကြက်ကင်တစ်ခြမ်းကို ကိုက်ထား ပြီး နားနေတာကို တွေ့ရဘယ်။

'ဟေ့··· ကျီးကန်း မင်းမှာ ဖန်ခွက်ရှိလား'

ကျီးကန်း ဘာမှမပြော။

'ဟေ့··· မင်းအရက်မသောက်တော့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ကျီးကန်းက မသိချင်ယောင်ဆောင်နေတယ်။ လူတွေက ဆက်မေးတယ်။

'ဟော့… အရက်က ကောင်းတယ်နော်၊ သောက်မလား'

ကျီးကန်းကလည်း ဘာသိဘာသာ။ တစ်ယောက်က သူ့ အဖော်ကို…

'ဟေ့ကောင်… ကျီးကန်းကို သွားမစနဲ့တော့၊ ဒီကောင်မူးနေပြီကွ'

'ဟေ့လူတွေ ဘယ်ကလာ မူးရမှာလဲ၊ ခင်ဗျားတို့အရက်ကျတော့ ပေးမသောက်ဘဲနဲ့ မမူးဘူးကွ'

'ကျီးကန်းက ဒေါနဲ့မောနဲ့ ပြန်ပြောတာပေါ့'

'ကျော်ဇင်ဝိုင်း မင်းလည်း ကျီးကန်းလို ဖြစ်နေဦးမယ်။ ချိုထားတာတွေများပြီး သူများလက်ထဲကဟာကို မက်ရင်တော့ ငတ်မှာပဲ'

ရဲဟိန်းသူက ပညာသားပါပါ နှိပ်ကွပ်ပြန်သည်။ ကျော်ဇင်ဝိုင်း တစ်ချိန်လုံးခံနေရသည်။ စိတ်ထဲတော့ မခံချင်။ ကြွေးကြော်လိုက်သည်။

'ဟေ့ကောင်… ကြည့်နေ၊ အဲဒီနှစ်ယောက်စလုံးကို ငါရအောင် လုပ်ပြမယ်၊ တွေ့မယ်၊ မင်းပါးစပ်လေဖြတ်သွားအောင် ငါလုပ်ပြမယ်'

'စောင့်ကြည့်ရသေးတာပေါ့ကွာ'

ရဲဟိန်းသူက မခန့်လေးစားပုံစံဖြင့် ခနဲ့နေသည်။

သူလည်း ပြောသာပြောရသည်။ ဇာခြည်စိမ့်ဆိုတဲ့ ကဗျာတစ်





ပုဒ်ကို လက်ရေးလှ စာအုပ်လေးထဲ မင်စွန်းထင်းမှု ကင်းစင်အောင် ဝိုင်းစက်လှပစွာ ရေးဖွဲ့ချင်နေပြီ။

ကိုင်းကွဲ ဇာခြည်စိမ့်။ ချစ်မိသလိုတွေနဲ့ အချစ်တွေကို မလွဲချော်ချင်သော ရဲဟိန်းသူ ရင်လေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

စိတ်ကုန်နေသော ရည်းစားကို မတွဲချင်တွဲချင်နဲ့ တွဲနေရသော လူလို။ ပြတ်လုနီးနီး ဖိနပ်ကိုလည်း မစီးချင်စီးချင်ဘဲ စီးနေရသလိုပင်။ ရဲဟိန်းသူ သွားမဲ့နေရာက နယ်က အမှာစကားနှင့် ပါဆယ်ပေးသော ခွေမျိုးနီးစပ်အိမ်သို့။ ရဲဟိန်းသူ ဖိနပ်ကို မေး၍ စီးလာရသည်။ သွားမဲ့နေရာရောက်ဖို့ကလိုသေး။ ဖိနပ်တစ်ရံဝယ်ဖို့ကလည်း အိတ်ကပ်ထဲမှာ ပြားချပ်နေရဲ့။ ဒါပေမဲ့ ရဲဟိန်းသူ ကံဆိုးသွားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် တစ်နေရာအရောက် သူ့ဖိနပ်သည် တိတိရိရိ ပြတ်ထွက်သွားလေသည်။

'ဟာ… သွားပြီ'

ရဲဟိန်းသူ ဖိနပ်ကို လမ်းလယ်ခေါင်မှာပဲ ရသရွေ့ အသက်ဆက်ရ၏။ အိတ်ထဲတွင်ပါလာသော တွယ်ချိတ်ဖြင့် ကယ်တင်နေရ၏။

'ဟင့်… ဟင့်… ဟင့်…'





ရုတ်တရက် ငိုသံကြားသဖြင့် ရဲဟိန်းသူ လန့်သွားသည်။ အချိန်က နွားရိုင်းသွင်းချိန်။ ခယ်မနှင့် မိန်းမ မသိတသိအချိန်။ တစ္ဆေမတွေများ ဟားတိုက်လို့ ရယ်မောချင်သလိုလို အသံတွေပေးနေသလော။ ငိုသံတအင့်အင့်ထွက်လာတာက ရဲဟိန်းသူနောက်ကျောမှာ ပင်။ ရဲဟိန်းသူ မဝံ့မရဲဖြင့် နောက်သို့ ဖြည်းဖြည်းလေးလှည့်ကြည့်သည်။

ကောင်မလေးတစ်ယောက် ငုတ်တုတ်ထိုင်ကာ တရှုံ့ရှုံ့ငိုကြွေးနေ၏။ ဥစ္စာစောင့်မလော။ တစ္ဆေမလော။ နာနာဘာဝ ဝိနာဘာဝတွေလော။

မဖြစ်နိုင်။ သရဲမက ဂျင်းဘောင်းဘီကြပ်ကြပ်ဝတ်ဆင်ထားမလား။ ဖြစ်လည်းဖြစ်နိုင်သည်။ ရဲဟိန်းသူ မရဲတရဲဖြင့် သေသေချာချာ စိုက်ကြည့်မိ၏။ လူမှုရေးအရ အကျိုးသင့်အကြောင်းသင့် မေးဖို့လည်း စိတ်ကူးမိသည်။

'ညီမလေး ဘာဖြစ်နေတာလဲ'

ကောင်မလေးက ရဲဟိန်းသူ အသံကြောင့် ဖျတ်ခနဲ မော့ကြည့်သည်။

'မထင်မှတ်သော ကောင်မလေးတစ်ယောက်ပင်။ စကားပြောသင်တန်းမှာလုပ်နေသော ရှယ်လီဖြစ်နေ၏။ ရှယ်လီကလည်း ရဲဟိန်းသူ ကို မှတ်မိ၏။

'ဟင်… နင်… ရဲဟိန်းသူ မဟုတ်လား၊ ထက်အောင် သူငယ်ချင်းလေ'



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ပါတယ်၊ နင်က အခုဘာဖြစ်နေတာလဲ'

'ငါ့ဘဝက အရမ်းဆိုးတယ်ဟာ'

ရှယ်လီက ငိုသံပါကြီးဖြင့် ပြောသည်။ ရဲဟိန်းသူလည်း ကြောင်တောင်တောင် အမူအရာနဲ့ ခေါင်းတွေစွတ်ကုတ်နေ၏။

'ဘာဖြစ်လို့ ဘဝက အရမ်းဆိုးနေရတာလဲ'

'ပြောရရင်တော့ အရှည်ကြီးပါပဲ'

ရဲဟိန်းသူ လန့်သွားသည်။ သုံးရက်အိပ် ငါးညခရီးရှည်ရော မလား။

'ဒီလိုပါဟာ ငါအရမ်းချစ်ရတဲ့ ချစ်သူက ငါ့ဆီက အချစ်တွေကို အရယူသွားပြီး အခု သူက မိဘသဘောတူတဲ့ သူဌေးမတစ်ယောက်နဲ့ ယူသွားပြီ'

'ဟာ'

ရဲဟိန်းသူ အံ့အားသင့်ရုံမက ထိတ်လည်းထိတ်သွားသည်။

'အဲ… အဲဒါဆိုတော့ နင်… နင်က'

'ငါ ဝမ်းနည်းပြီး ငိုနေတာပါဟာ၊ ငါ့ဘဝတစ်ခုလုံးကို သူ့လက်ထဲ ဝကွက်အပ်ထားပြီးမှ သူ… သူရက်စက်တယ်ဟာ'

'ရက်စက်မှတော့ နင်လည်း သွားပြီပေါ့ဟာ၊ အခု ဒီမှာထိုင်ငိုနေလို့ ဘာအကြောင်းထူးမှာလဲ၊ မျက်ရည်တွေ နှမြောစရာကောင်းပါတယ်ဟာ၊ အိမ်ပြန်တော့နော်၊ ငါလိုက်ပို့ပေးမယ်၊ ဒီအချိန်လိုင်းကားတွေ ရှိပါသေးတယ်'





'မပြန်ချင်ဘူးဟာ၊ အဲဒီအကောင်အိမ်ကို သွားချင်တယ်၊ နင်လိုက်ပို့ပေး'

ဗုဒ္ဓေါ။ ဆွမ်းခံရင်း ငှက်သင့်ဦးမည်။

'ဟာ… မသွားပါနဲ့တော့ဟာ၊ အချိန်လည်း မရှိတော့ဘူး၊ နောက်မှ အေးအေးဆေးဆေး စဉ်းစားပြီးသွားပါဟာ'

'ဘာလဲ၊ နင်က ငါ့ကို လိုက်မပို့ချင်ဘူးလား'

'မဟုတ်ပါဘူးဟာ၊ အခုမဖြစ်နိုင်တော့လို့ ပြောတာပါ၊ ငါတောင်းပန်ပါတယ်၊ နင် ဒီလို စိတ်လိုက်မာန်ပါတွေ ဆုံးဖြတ်ရင် အမှားတွေ့နိုင်တယ်၊ ငါပြောပြတာ နားထောင်ပါဟာ'

'မရဘူးဟာ၊ ဒီကောင်နဲ့ငါ အပြတ်စာရင်းရှင်းမှဖြစ်မယ်'

ရှယ်လီက မိုဟောကို ဒီဖိုင်းနဲ့ တဖွတ်ထိုး တဖောက်ကန်း ဟော့ဟော့ရမ်းရမ်းလုပ်နေပြီ။ ရဲဟိန်းသူမှာ ပြတ်တောက်သွားသော ဖိနပ်ကို ငုံ့မတတ်နိုင်တော့။

'ရှယ်လီရာ နင်လည်း ခေတ်ပညာတတ် မိန်းကလေးတစ်ယောက်ပါ၊ ဘာလို့ အဓိပ္ပာယ်မရှိတဲ့အရာတွေကို မစဉ်းစား မဆုံးဖြတ်ဘဲ တဖွတ်ထိုးလုပ်ချင်နေရတာလဲ၊ နင် ခေါင်းအေးအေးထားပြီး စဉ်းစားစမ်းပါ၊ နင်ကလဲ့စားချေချင်တယ်ဆိုရင်လည်း ငါတို့သူငယ်ချင်းတွေ တစ်ဘက်တစ်လမ်းက ကူညီပေးမှာပေါ့ကွာ'

ရဲဟိန်းသူက ဒိုင်ယာလော့တွေ ဖယ်ဆက်လွှတ်ချေပြီ။ ရှယ်လီ နည်းနည်းတော့ တွေဝေသွားသည်။ ဖြစ်နိုင်ချေ ရှိမရှိ သေသေချာချာစဉ်းစားနေသည်။ စဉ်းစားပြီးတော့မှ ချုံးပွဲချ၍ ထပ်ငိုပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်… ဟင့်… ဟင့်'

'ဟာ… ရှယ်လီ၊ မငိုနဲ့တော့၊ ဒုက္ခပါပဲ၊ ငါ့နှယ်နော်'

ရဲဟိန်းသူမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပြီ။

ထိုစဉ် ကားတစ်စီး သူတို့နားသို့ ဝေါခနဲဆိုက်လာသည်။ ကားပေါ်မှာ ခပ်ဝဝ အမျိုးသားကြီးနှင့် အမျိုးသမီးကြီးတစ်ဦးဆင်းလာသည်။ အမျိုးသားကြီးက ဘာမပြော ညာမပြောနဲ့ ရဲဟိန်းသူလည်ဂုတ်ကို ဆွဲ၍ လက်သီးနဲ့ထိုးရန် ဟန်ပြင်လိုက်သည်။

'ဟော့… လူး… ဒါ… ဒါဘာလုပ်တာလဲ'

'သူတောင်းစား… ငါ့သမီးကို သွေးဆောင်ဖျားယောင်းတဲ့ကောင်၊ မင်းကို တရားစွဲပြီး ထောင်ချပစ်မယ်'

'ဟာ… ဘာတွေလဲ'

အမျိုးသမီးကြီးက ရှယ်လီကို ဖက်ထားသည်။

'နင်… နင် ငါ့သမီးဘဝကို ဖျက်ဆီးတဲ့အကောင်၊ ပြောစမ်း၊ ပြောစမ်း၊ မင်းနဲ့ငါ့သမီး ဘယ်လောက်အတိုင်းအတာထိ ရောက်ခဲ့ပြီလဲ'

'သိဘူး'

'မင်း မလိမ်နဲ့ တောက်… သမီးမိုက်'

အဘိုးကြီးက ဒေါသတွေ လှိမ့်ထွက်သော်လည်း ရဲဟိန်းသူလည်ပင်းကို ဆောင့်ဆွဲထားသည်။ ရှယ်လီက တရှုံ့ရှုံ့သာ ငိုနေသဖြင့်

'ရှယ်လီ… နင်နဲ့ငါ ဘာမှမဆိုင်တာကို ကြည့်ပြောဦးလေ'

'တိတ်စမ်း၊ လက်ပူးလက်ကြပ်မိတာတောင် ပြောင်လိမ်





ပြောင်စားလုပ်ချင်သေးတယ်၊ နင့်ကို တရားစွဲပြီး ထောင်ချပစ်မယ်'

'ဟာဗျာ… ခင်ဗျားတို့သမီးကို ကျုပ် ဘာမှမလုပ်ဘူး'

'ဩော်… မင်းကလေ ဒီလောက်မျက်ဝါးထင်ထင်တွေ့နေတာတောင် မင်း… မင်း… ငါ့သမီးနဲ့ တည်းခိုခန်းထဲက ထွက်လာတာ မဟုတ်လား'

'ဟာ… ဟာ… ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ'

ရဲဟိန်းသူ မျက်လုံးပြူးသွားသည်။ အဘိုးကြီးက သူတို့ရပ်နေတဲ့ နောက်ကျောကို လက်ညှိုးထိုးပြလိုက်သည်။ မြဇရာဧည့်ရိပ်သာဆိုပါလား။ သေပြီ။ ရှင်းမရအောင် ဖွေကာနှောက်ကာ ရှုပ်ချေပြီ။

'ဒယ်ဒီ… မာမီ… သမီးပြောတာကို နားထောင်ဦး'

ရဲဟိန်းသူလည်း ခုမှ ဒိုင်နိုဆောတွေ လက်ထဲက လွတ်လာတဲ့ လူသားလို သက်ပြင်းသဲ့သဲ့လေး ချမိသည်။

'ဒယ်ဒီတို့ သူ့ကိုမစွပ်စွဲပါနဲ့၊ ဒယ်ဒီတို့ထင်သလို သမီးနဲ့သူနဲ့က ဘာမှမဟုတ်ပါဘူး'

ရှယ်လီက အကြောင်းစုံ ရှင်းပြသည်။ ခုမှ ဘိုးတော်ကြီးတွေကလည်း စိတ်တွေကို လျှော့ချလိုက်တော့သည်။ ရဲဟိန်းသူက ထုံးစံအတိုင်း မအူမလည်နဲ့ ခံစားလိုက်ရသည်မှာ မထူးဆန်းတော့။

'ဦးတို့ကို စိတ်မဆိုးနဲ့နော်'

အဘိုးကြီးက ဝတ်ကျေတန်းကျေ ဒါလေးတစ်ခွန်းပဲ ပြောသည်။ ခုနပြောခဲ့တုန်းကတော့ စုတ်ပြတ်သတ်နေတာပဲ။ ငွေရှိဂုဏ်ရှိ အသိုင်းအဝိုင်းတွေများ လူပေါ်ကို ကြီးကြီးကျယ်ကျယ် ချိုးနှိမ်ဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com

ရှယ်လီကလည်း ရဲဟိန်းသူကို ကျေးဇူးတင်ကြောင်း စကားပြောသည်။

'ရဲဟိန်းသူ နင် ငါ့ကို ခဏတဖြုတ်စောင့်ရှောက်ပေးခဲ့တဲ့အတွက် ငါ တစ်သက်လုံး သတိရနေမှာပါ၊ ငါတို့နောက်ပြန်ဆုံဖြစ်မယ်လို့ မျှော်လင့်ပါတယ်၊ နင့်ရင်ထဲမှာ ဘယ်သူနဲ့ပတ်သက် ပတ်သက် မလိမ်တတ်ဘူးဆိုတာ ငါသိသွားပါပြီ'

ဒီလိုဆိုတော့လည်း ရဲဟိန်းသူက ကိုယ့်ကိုယ်ကိုယ်တောင်သနားစရာဖြစ်သွားရဲ့။ ရှယ်လီတို့လည်း ကားပေါ်တက် ဝူးခနဲမောင်းထွက်သွားသည်။

ရဲဟိန်းသူလည်း တွေဝေချိန်မရတော့ဘဲ ပြတ်နေသော ဖိနပ်ကလေးကို ပြန်ဆက်ရန် သတိရသောအခါ ဖိနပ်လေးက ခွေးဝဲစားတစ်ကောင်ရဲ့ပါးစပ်ထဲမှာ စိမ်ပြေနပြေ အဝါးခံလို့။

ရင်ခုန်သံတွေ အရင်ကထက် ပိုမြန်လာကြပြီ။ ထက်အောင်က နှင်းနှင်းငြိမ်းကို စတင်ချစ်မိကတည်းက အရိပ်တကြည့်ကြည့်နဲ့ ဖွင့်မပြောရဲ။ နှင်းနှင်းငြိမ်းကလည်း စကားထစ်အောင် ဟန်ဆောင်ရင်း ကိုယ့်ကိုယ်ကိုယ် လိမ်ညာမှုတစ်ခုကြောင့် ရှိန်လာကာ တစ်စတစ်စနှင့် ထက်အောင့်ကို စိတ်ဝင်စားလာမိသည်။ သို့သော်တစ်ယောက်နှင့်တစ်ယောက် နှလုံးသားချင်း အတိုင်အဖောက်မညီ မချိတ်





ဆက်နိုင်သေးပေ။ အကြောင်းတစ်စုံတစ်ရာ တိုက်ဆိုင်မှုတစ်ခုကို မမျှော်နိုင်သောကြောင့်ပင်။

ဖူးစာရေးနတ်က ငိုက်မြည်းနေရှာသလား။ ဘေးက လျှော်သူတွေကြောင့် ထင်သလောက် ခရီးမပေါက်ခြင်းလည်းပါ၏။ ရဲဟိန်းသူနှင့် ကျော်ဇင်ဝိုင်းကလည်း သူတို့ရေးမဲ့ အချစ်သမိုင်းတွေကြောင့် ယောက်ယက်ခတ်ကာ နှင်းနှင်းငြိမ်းကို အရင်လိုနည်းစနစ်မှန်မှန် မသင်ပြနိုင်တော့။

မြုပ်နေသော ဖူးစာက မထင်မှတ်ဘဲ ဘွားခနဲပေါ်လာတတ်သည်။ ကားတွေအရမ်းရှုပ်သော လူတွေမထင်ရင် မထင်သလိုဖြတ်သော လမ်းတစ်ခုတွင် ဖူးစာက ပြုတ်တစ်ပြုတ်တစ် ထွက်လာချေပြီ။

ထက်အောင်က တစ်ဘက်ကားလမ်းမရှိ ဈေးသည်တွေကို ကွေ့ပတ်ရှောင်ရင်း အလုပ်ကိစ္စတစ်ခုအတွက် သွားနေစဉ် ဟိုဘက်လမ်းမရှိ လမ်းဘေးမုန့်တီဆိုင်တွင် မုန့်တီသောက်နေသော နှင်းနှင်းငြိမ်းကို ရုတ်တရက် လှမ်းတွေ့လိုက်သည်။

ထက်အောင်မှာ သူယောင်ပင်ကို တွေ့လိုက်ရသော ဖော်ဖော်ဂျီကဲ့သို့ မြူးတူးကြွတက်ဖြစ်သွားရသည်။ မုန့်တီကို အေးအေးဆေးဆေး ငုံ့သောက်နေသော နှင်းနှင်းငြိမ်းက သူ့ကိုမတွေ့ပေ။ ထက်အောင် ကားလမ်းမကို ဂျိန်းစဘွန်း တရားခံနောက်လိုက်သကဲ့သို့ ဒရောသောပါးဖြတ်ကူးလေပြီ။ ကားကြောတွေကလည်း မပြတ်ဘဲ တဝီဝီမောင်းနှင်နေသည်။ တစ်ချီတစ်ချီ ရပ်တန့်သွားစဉ် ထက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကားတွေကြားမှာ ပြေးလွှားလှုပ်ရှားချေပြီ။ တစ်ဘက်လမ်းမရောက်ခါနီး ထက်အောင် ကံဆိုးသွားရှာသည်။

ကွန်တိန်နာကားတစ်စီးရှေ့ ဖြတ်အတက် မတွေးရဲစရာကောင်းလောက်အောင် အရှိန်နဲ့ ဝင်လာသော ဆိုက်ကားက ထက်အောင်ကို ပရုန်းသုန်းကား ဝင်တိုက်လေ၏။ ကားလမ်းတစ်ဘက်လည်း ရောက်ခါနီးပြီ။ ဆိုက်ကားဆရာက အရှိန်မှီ ဘရိတ်အုပ်လိုက်သော်လည်း ထက်အောင် ဒူးခေါင်းကို အနည်းငယ်ခန့် ထိမိသွားသည်။

'ဟယ်… ကားတိုက်ပြီတော့'

လူရှုပ်သော နေရာဖြစ်၍ အားလုံးဝိုင်းကြည့်စဉ် မှန်မှီသောက်နေသော နှင်းနှင်းငြိမ်းလည်း တွေ့သွားသည်။ ထက်အောင်ရဲ့ အဖြစ်အပျက်ကြောင့် နှင်းနှင်းငြိမ်း စိတ်ပူသွားကာ ထက်အောင်ရှိရာသို့ အတင်းပြေးသွားသည်။ စိုးရိမ်စိတ်တွေ ကသောင်းကနင်းနဲ့ပေါ့။

'ကိုထက်အောင် ဘာဖြစ်သွားသေးလဲ'

'အီး… ဘာမှတော့ မဖြစ်ပါဘူး၊ ဒူးခေါင်းလေးနည်းနည်း ပွန်းသွားတာပါ'

ထက်အောင်က မျက်နှာရှုံ့မဲ့၍ ပြောသည်။ ဆိုက်ကားဆရာက…

'ဒီနားမှာ ဆေးခန်းရှိပါတယ်၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်'

ဆိုက်ကားဆရာက ထက်အောင်နှင့် နှင်းနှင်းငြိမ်းကို ဆိုက်ကားပေါ် တင်၍ ဆေးခန်းသို့ သွားလေသည်။

'ကိုထက်အောင် နာနေလားဟင်'





'မနာပါဘူး၊ ရပါတယ်'

'ကိုထက်အောင်ရယ် တော်သေးတာပေါ့၊ ဆိုက်ကားလေးနဲ့ ပွတ်မိလို့၊ ကားနဲ့သာဆိုရင် မတွေးဝံ့စရာပဲ'

'ကျွန်တော့်ဇာတာတွေ နိမ့်နေတာ'

ထက်အောင်က ညည်းညည်းတွားတွားပြော၏။

'ကားလမ်းကူးတာ သတိထားပြီး ကူးမှပေါ့'

နှင်းနှင်းငြိမ်းကလည်း စိုးရိမ်စွာဖြင့် ပူပူပင်ပင်ဖြစ်နေ၏။

'သတိထားနေရင်းနဲ့ဖြစ်တာပဲ၊ ဒါနဲ့ နှင်းနှင်းက…'

'ကျွန်မလား… ဒီဘက်နားက သူငယ်ချင်းတစ်ယောက်ဆီ လာတာနဲ့'

'တစ်ခါတလေကျရင် လောကမှာ မထင်မှတ်တာတွေ ဖြစ်တတ်ပါတယ်'

ဆိုက်ကားဆရာက မျက်နှာတစ်ချက်ရှုံ့လိုက်၏။ မကြာခင် ဆေးခန်းတစ်ခုရှေ့ရောက်လေ၏။ ဆိုက်ကားဆရာက ဆေးဖိုးပေးရာ ထက်အောင်က မယူဘဲ ပြန်လွှတ်လိုက်သည်။

'နောက်တစ်ခါ ခင်ဗျားဆိုက်ကားနဲ့ ထပ်တိုက်မိမှပဲ အတိုးရောအရင်းပါ ပေါင်းယူတော့မယ်'

ထက်အောင်က နောက်လေ၏။ ဆိုက်ကားဆရာလည်း ကျေးဇူးတင်စကားပြောကာ ထွက်သွားသည်။

'သူ့မှာက အံ့နာခတောင် ရှိသေးတာ မဟုတ်ဘူး'

'ဟုတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

နှင်းနှင်းငြိမ်းက ထက်အောင်လက်ကို တွဲခေါ်၍ ဆေးခန်းထဲ ဝင်သည်။ ယောကျ်ားမာယာ သဘောတရားအရ ထက်အောင်က လိုတာထက်တော့ နည်းနည်းလေးပိုသည်းပြသည်။

ဆေးခန်းထဲရောက်တော့ ဆရာဝန်က ပတ်တီးစည်း ဆေးထည့်ပေးသည်။ ဒဏ်ရာက ဘာမှထွေထွေထူးထူးမဟုတ်ပေ။ ဆေးခန်းက ထွက်တော့ နှင်းနှင်းငြိမ်းက ထက်အောင်ကို သွားနိုင်ရဲ့လား မေးတော့

'ရပါတယ်၊ အေးဆေးပါ'

'လမ်းမှာ တစ်ခုခုထပ်ဖြစ်မှာ စိုးရိမ်ရတယ်၊ ဓာတာက မကောင်းရင် ဆက်တိုက်မကောင်းတာနော်'

နှင်းနှင်းငြိမ်းက ဓာတာတွက်နေသေးသည်။

'နှင်းနှင်း ကျွန်တော့်ကို ဘာလို့စိုးရိမ်နေရတာလဲ'

'ဟွန်း… စိုးရိမ်တာပဲ အကြောင်းပြချက်ပေးရဦးမလား'

'မဟုတ်ပါဘူး၊ နှင်းနှင်းရဲ့ စိတ်ဓာတ်လေးက တစ်ဖက်သားကို ကူညီချင်တာ အရမ်းပေါ်လွင်နေလို့ လေးစားမိတာပါ'

'ဟွန်း… ဘာမှလည်း မဆိုင်ဘူး'

'ဆိုင်တာပေါ့ နှင်းနှင်းရယ်၊ ကျွန်တော်နဲ့ နှင်းနှင်း တွေ့တာ မကြာသေးဘူးလေ၊ တစ်ယောက်အကြောင်းတစ်ယောက် မသိရသေးဘူး'

'ဘာဖြစ်လို့ သိချင်ရတာလဲ'

နှင်းနှင်းက နှုတ်ခမ်းလေးစူ၍ ပြောသည်။





'အအေးလေး ဘာလေး သောက်ရအောင်'

နှစ်ယောက်သား အအေးဆိုင်တစ်ဆိုင်ဝင်ထိုင်ကြ၏။ အအေးတစ်ဝက်လောက်ကုန်သည်အထိ နှစ်ဦးသား ငြိမ်နေကြသည်။ ခန္ဓာကိုယ်ကသာ ငြိမ်နေပေမဲ့ ရင်တွင်းမှာတော့ တစ်စုံတစ်ရာကြောင့် ဘောင်ဘင်ခတ်နေပြီ။

'နှင်းနှင်း စိတ်မဆိုးဘူးဆိုရင် စကားလေးတစ်ခွန်းလောက် ပြောချင်လို့'

'အရင်ပြောနေကျစကားလား၊ အခုမှပြောမဲ့စကားလား'

'အရင်က အချို့သောသူတွေပြောတဲ့ စကားဖြစ်ပြီး၊ အခု ကျွန်တော်ပြောမဲ့စကားကလည်း သူတို့နဲ့အတူတူပဲ'

'ရှုပ်နေတာပဲ'

'မရှုပ်ပါဘူး နှင်းနှင်းရယ်၊ ကျွန်တော်လေ နှင်းနှင်းကို စတွေ့ကတည်းက ချစ်နေမိသူပါ၊ ကိုရဲဟိန်းသူနဲ့ ဆက်စပ်ပြီး နှင်းနှင်းကို ချစ်ကြောင်း ဖွင့်ပြောချင်သူပါ'

'ဟာ'

နှင်းနှင်းငြိမ်း ရုတ်တရက် မျက်လုံးပြူးသွားသည်။ ရဲဟိန်းသူရဲ့ ညွှန်ကြားချက်အရ သူသည် စကားထစ်သော ကောင်မလေးတစ်ယောက်အဖြစ် ဟန်ဆောင်ထားတာလေ။ အခုတော့ အလိမ်တွေပေါ်ကုန်ပြီ။ နှင်းနှင်းငြိမ်းက ထက်အောင်ကို စိုးရိမ်စိတ်နဲ့ သူလိမ်ထားတာတွေ ဖုံးပေါ်သလို ပေါ်ချေပြီ။ ရှက်လည်းရှက်သွားသည်။

'ဟာ… ကိုထက်အောင်ကလည်း ဘာတွေပြောနေမှန်းမသိဘူး၊ နှင်းနှင်း သွားတော့မယ်နော်'



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းငြိမ်းက ရှက်သွေးဖြာပြီး ချက်ချင်းထွက်သွားသည်။ ထက်အောင်မှာ ငူတူတူလေးကျန်ရစ်ခဲ့၏။ ပြုံးစားကြီးထသွားဖို့က လည်း ဒူးခေါင်းဒဏ်ရာနဲ့။ အအေးဖိုးကလည်း မရှင်းရသေး။ ထက်အောင် ရင်တွင်း ပီတိတွေနှင့် ကလိကလိဖြစ်နေပြီ။

'ဪ… နှင်းနှင်း၊ ငါ့ကို စိုးရိမ်စိတ်တွေနဲ့ သူစကားထစ်တာတောင် ပျောက်သွားတယ်၊ ငါ့အပေါ်ကို သူ အရမ်းဂရုစိုက်တဲ့ ကောင်မလေးပဲ၊ ဟီ… ဟီ… အချစ်ဆိုတာကလည်း နဖူးတွေ့ ဒူးတွေ့ကြုံမှ တစ်မျိုးကြီးပဲ'

❀ ❀ ❀

သင့်စိတ်ရဲ့နရီခြည်းချက်ထဲမှာ
ဗာကီ(အာလက်နတ်သမီး)အပြန်
ငါ့နေရာကို ယူရတော့မှာလား
ညရဲ့အရိပ်များ နက်ရှိုင်းရာ
ငါတို့ခံစားမှုရဲ့ကမ္ဘာ
ပိုးနှင်းကြိုးရောင်တွေ ကခားမြူးတူးရာမှာ
ငါတို့ဆုံဆည်းမှုရှိလေရဲ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

အဆောင်က မီးကလည်း ပိုးစုန်းကြူးဖင်တစ်ခြမ်းစာတောင် မလင်းဘူး။ ဟုတ်ပါသည်။ ရဲဟိန်းသူတို့ အဆောင်မှ မီးသီးကလေးက တကယ့်ကို မှိန်ပျပျနဲ့။ မီးအားနည်းခြင်းဖြစ်ပြီး တစ်ခါတလေကျရင် မှိတ်တုတ်မှိတ်တုတ်ဖြစ်တတ်သေး။ ရဲဟိန်းသူကတော့ ဖယောင်းတိုင်နဲ့ စာရေးနေချိန် ကျော်ဇင်ဝိုင်းက ကောင်မလေးတွေအကြောင်း စိတ်ကူးယဉ်နေသည်။

'ဇာခြည်စိမ့်တို့နဲ့တောင် မတွေ့ဖြစ်တာကြာပါပေါ့'

ကျော်ဇင်ဝိုင်းက စကားစသည်။ ရဲဟိန်းသူက ဘာသိဘာသာ နေနေ၏။

'မေရီဠှန်နဲ့ ကက်သရင်းတို့ရဲ့ ဝက်ဘ်ဆိုက်နံပါတ်တွေကို မင်းသိလား'

'ဟော့ကောင် နားငြီးတယ်ကွာ၊ မင်းကလေ ကိုယ်တိုင်လည်း





သတ္တိမရှိဘဲနဲ့ ပါးစပ်က သိပ်ပူဆာတာပဲ၊ သရဲရထားထဲမှာ ဘာတွေရှိလဲသိချင်ပေမဲ့ မစီးရဲတဲ့ ကလေးတစ်ယောက်လိုပဲ'

'ဟော့ကောင်... မင်းသာ နေရင်းထိုင်ရင်း အမှုတက်နေတဲ့ကောင်၊ ရှေ့နေလုပ်စားရင်တော့ အမှုတွဲတွေတောင်ပုံရာပုံဖြစ်နေမှာ'

ကျော်ဇင်ဝိုင်းက ပြန်နှိပ်ကွပ်သည်။ ရှယ်လီနဲ့ တလွဲတချော်ချော်တွေဖြစ်ခဲ့တဲ့ ကိစ္စကို ဒီကောင် ရည်ရွယ်ပြောခြင်းဖြစ်သည်။

'ဟော့ကောင်... ဘာမှမဆိုင်တာတွေကို မထိခလုတ် ထိခလုတ် မလုပ်နဲ့၊ မင်းသာ တောင်ချိန်မြောက်ချိန်နဲ့ ကိုလိုနီခေတ်က သူကြီးလိုဖြစ်မယ်၊ မင်းကို ငါမေးမယ်၊ မင်းက ကက်သရင်းရယ်၊ မေရီဠှန်ရယ်၊ ဇာခြည်စိမ့်ရယ် ဘယ်သူ့ကို ကြိုက်သလဲ'

'ငါ မရွေးချယ်နိုင်သေးဘူး'

'မင်း သုံးယောက်စလုံးကို ကြိုက်နေတာ၊ မင်းလိမ်နေတာပဲ'

ရဲဟိန်းသူက တော်တော်ကြောင်လှသော ကျော်ဇင်ဝိုင်းကို အမြင်ကတ်ကတ်နဲ့ နှိပ်ကွပ်သည်။

'မင်း ကိုယ့်ကိုယ်ကိုယ် လိမ်နေတာ တကယ်ဆို မင်း အဲဒီအထဲက တစ်ယောက်လောက်ကိုရွေးပြီး တောက်လိုက်လေ၊ ပထမဦးဆုံးတစ်ယောက်လောက်ကို အရင်စကြည့်လေ၊ ဟုတ်ပြီလား'

'မဲစနစ်နဲ့ ရွေးချယ်လိုက်ရင် ကောင်းမလား'

'ဒါကတော့ မင်းပေါပဲလေ၊ အဲ... မင်းသဘောလေ'

ရဲဟိန်းသူက မဲ့ကာ ရွဲ့ကာ ပြော၏။

'ငါ့အထင် ပြောရရင် မင်းအပေါ် မရိုးမသား မျက်လုံးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com

အမြဲကြည့်ကြည့်နေတာက မေရီဂျွန်၊ အမှုအရာတွေနဲ့ မင်းဘက်ယိမ်းသလိုလိုဖြစ်နေဟာက ကက်သရင်း၊ တိတ်တခိုးလေး စိတ်ဝင်စားနေတာက…'

'တော်ပါတော့ ကျေးဇူးရှင်ရယ်၊ တောင်းပန်ပါတယ်၊ မင်းစိစဉ်ပေးလို့ ငါ ရည်းစားရရင် မှုဝေမျှစားပေးနေရဦးမယ်၊ ငါ့ဘာသာငါ စီစဉ်ပါရစေ'

'မင်း အချစ်ကို လိမ်လို့မရဘူးနော်'

'ဘယ်သူ့ကို ချစ်ရမလဲ ဝေခွဲမရလို့ စိတ်လေရတဲ့အထဲ'

ရဲဟိန်းသူက မေးစေ့ကို ပွတ်သပ်ရင်း…

'မင်းကတော့ ပိုလန်သားလိမ်တာကို ဝန်ခံသလို ဖြစ်တော့မှာပဲ'

'မမေးဘဲနဲ့ ပြောစမ်းပါဦး၊ အဲဒီပုံတိုပတ်စကို'

ကျော်ဇင်ပိုင်းက မသက်မသာဖြစ်နေပုံရသည်။

'တစ်ခါက ပိုလန်သားတစ်ယောက်ဟာ ဘုရားသခင်ရှေ့မှာ သူ့အဖြစ်တွေကို ဝန်ခံဖို့ သင်းအုပ်ဆရာကို သွားလျှောက်တယ်၊ ပိုလန်သားက ပြောတယ်၊ ကျွန်တော်… ဂျာမန်တွေက ဂျူးတွေကို လိုက်ဖမ်းဆီးတဲ့အချိန်မှာ ပိုလန်ကို ထွက်ပြေးလာတဲ့ ဂျူးမလေးတစ်ဦးကို ကယ်တင်ခဲ့တယ်၊ ဂျူးမလေးကို ကျွန်တော်ပိုင်တဲ့အိမ်ရဲ့ ထပ်ခိုးမှာ ဖွက်ထားခဲ့တယ်၊ သင်းအုပ်ဆရာက အဲဒါ လိမ်ညာတဲ့ အပြစ်မှ မဟုတ်တာလို့ ပြောတယ်၊ ပိုလန်သားက ဆက်ပြောတယ်၊ ကျွန်တော်လည်း ဂျူးမလေးကို စိတ်မချလို့ သွားကြည့်ရင်း အဲဒီဂျူးမလေးနဲ့အတူ





ပေါင်းသင်းနေထိုင်မိတယ်၊ သင်းအုပ်ဆရာက ဒါဟာ ဂျူးမလေးရဲ့ အသက်ကို ကယ်တင်ရှင်တစ်ဦးအနေနဲ့ ကာကွယ်စောင့်ရှောက်တာ ဘုရားသခင်က ခွင့်လွှတ်ပါတယ်တဲ့၊ ပိုလန်သားကလည်း ကျွန်တော် တစ်ပတ်ကို နှစ်ခါလောက် ဂျူးမလေးဆီရောက်ခဲ့ပါတယ်၊ သင်းအုပ်ဆရာက ဂျူးမလေးရဲ့ စိတ်ထဲမှာ မင်းကို ကယ်တင်ရှင်အဖြစ်ထင်မှတ်ထားတာ ဘာအပြစ်မှမရှိပါဘူးတဲ့၊ ပိုလန်သားကလည်း စိတ်မကောင်းဖြစ်စွာဖြင့် ကျွန်တော် လိမ်ညာထားတာ တစ်ခုရှိသေးတယ်တဲ့၊ ဘာလဲဆိုတော့ အဲဒီဂျူးမလေးကို စစ်ကြီးပြီးသွားပြီဆိုတာ ဖွင့်မပြောသေးတာဘဲ၊ သင်းအုပ်ဆရာလည်း ဘာပြန်ပြောရမှန်းမသိဖြစ်သွားတာပေါ့'

'မင်းဟာက ပြောချင်တာပဲ သိတယ်၊ ငါနဲ့လည်း ဘာမှမပတ်သက်ဘူး'

'တိုက်ရိုက်မပတ်သက်ပေမဲ့ သွယ်ဝိုက်တော့ ပတ်သက်တယ်၊ မင်းလည်း ပိုလန်သားလို အလွန်အကျူးမလိမ်ထားနဲ့ပေါ့'

'ခွေးကောင်'

ကျော်ဇင်ပိုင်းက သူ့ခေါင်းဦးနဲ့ ကောက်ပေါက်သည်။ ရဲဟိန်းသူကတော့ စပ်ဖြီးဖြီးနဲ့ ရေးလက်စ စာကို ဆက်ရေးနေသည်။

ပုံပြင်တွေကြားဖူးနားဝတွေ ပြောရရင် ရဲဟိန်းသူ ထမင်းမစားဘဲ နေနိုင်သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

'ဟဲ့… ရေနွေးကြမ်းအိုး'

အသံစူးစူးလေးကြောင့် ကျော်ဇင်ဝိုင်းသောက်နေတဲ့ ရေနွေး သီးသွားသည်။ ဝိုင်းအချို့က လူတွေက ပြုံးစိစိနှင့် လှည့်ကြည့်ကြ သည်။ ဇာခြည်စိမ့် ဘောက်ဆတ်ဘောက်ဆတ်နဲ့ ခုံတစ်လုံးဆွဲ၍ ဝင်ထိုင်သည်။

'ဘယ်သူမှ မရောက်သေးပါလား'

'ဟုတ်တယ်၊ ငါတစ်ယောက်တည်း၊ မေရီလွှန်တို့ ကက်သရင်း တို့လည်း မတွေ့တာကြာပြီ'

ကျော်ဇင်ဝိုင်းက မျှော်လင့်ချက်လေးနဲ့ မဆိုင်းမတွ မေးသည်။

'ဒီကောင်မတွေအကြောင်း အပြောချင်ပါဘူးဟာ'

'ဟာ… ဘာဖြစ်လို့လဲ'

'သူတို့က အရင်လို သူငယ်ချင်းတွေကိုခင်မှာ မဟုတ်တော့ ဘူး'

ဇာခြည်စိမ့် စကားကြောင့် ကျော်ဇင်ဝိုင်း ထိတ်ပျာသွားသည်။

'နင် မသိတာဘဲ ကောင်းတယ်ဟာ'

'ဘာဖြစ်လို့လဲဟာ၊ ငါ အရမ်းသိချင်တယ်'

'မေရီလွှန်က အွန်လိုင်းထဲက ကောင်လေးတစ်ယောက်နဲ့ ငြိနေ ပြီ၊ အဖြေတွေဘာတွေတောင် ပေးပြီးသွားပြီ၊ ကက်သရင်းကလည်း သူ့ကိုအခွေထုတ်ပေးတဲ့ ဘော့စ်တစ်ယောက်နဲ့ အကြောင်းပါနေပြီ၊ အသက်နည်းနည်းကြီးပေမဲ့ ငွေလုံးကြီးတာကို ရွေးလိုက်တာလေ'

'တကယ်… တကယ်လား'





ကျော်ဇင်ဝိုင်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

'ဟ… ဒီကိစ္စက နောက်ရမယ့်ကိစ္စလား'

'သြော်… ခေတ်ကလည်း မြန်ဆန်လှချေလား၊ ရည်းစားရ တာကို ဒိုးပျံတွေ အပြိုင်အဆိုင်လွှတ်နေသလား မသိဘူး'

'ဒီကောင်မတွေက ကလူတာ မြူတာတော့ စပယ်ရှယ်ပဲလေ'

'မထင်ရဘူးနော်'

'ဒါတောင် နှစ်ဆယ့်နှစ်ယောက်မြောက်လောက်တွေ ဖြစ်နိုင် တယ်'

ကျော်ဇင်ဝိုင်း သက်ပြင်းချသံတွေမှာ နှမြောဖွယ်ရာတွေ ပါ နေသည်။ သောက်လက်စ လက်ဖက်ရည်ကို သွန်ပစ်လိုက်၏။

'သူတို့ ဒီနေ့ မလာနိုင်တော့ဘူးပေါ့'

'မပြောတတ်ဘူး၊ လာရင်လည်း ကိုယ်စီကိုယ်င အတွဲလေး တွေနဲ့ လာမယ်ထင်တယ်၊ လာမှ စကားလုံးတွေနဲ့ နှိပ်ကွပ်လိုက်ဦး မယ်'

ဇာခြည်စိမ့်က စိတ်အလိုမကျဟန်နှင့် ပေါက်ပေါက်ဖောက် ပြောသည်။ ကျော်ဇင်ဝိုင်း ရင်ဆိုင်နိုင်စွမ်းမရှိတော့။ စမယ်ကြံခါရှိ သေး အသည်းက ဝေါက်တောက်ခေါက်ထိုးကွဲချေပြီ။ ရင်ဝတွင် တစ်ဆို့နေသော အကြောင်းအရာတွေ ပွတ်သိပ်နေ၏။

'ဇာခြည်စိမ့်… ပြန်တော့မယ်ဟာ'

'ဘယ်လိုဖြစ်တာလဲ၊ ချက်ချင်းကြီး'

'ကိစ္စလေးတစ်ခု ရှိလို့ပါ'


www.burmeseclassic.com

www.burmeseclassic.com



'အိမ်သာတက်ချင်လို့လား၊ ဆိုင်နောက်မှာ ရှိတယ်လေ'

'မဟုတ်ပါဘူး၊ အဆောင်မှာ ကျန်ခဲ့တဲ့ စာအုပ်အချို့ ပြန်ယူမလို့ပါ'

ကျော်ဇင်ဝိုင်း လစ်သွားသည်။ ဇာခြည်စိမ့် ပွစိပွစိ ပြောရင်း ကျန်ရစ်ခဲ့သည်။ သိပ်မကြာခင် ရဲဟိန်းသူ ရောက်လာ၏။

'ဟဲ့… ဇာခြည်၊ ဟိုအကောင် ကျော်ဇင်ဝိုင်း လာသေးလား'

'မလာဘူး၊ အဲလေ လာသွားတယ်၊ ချက်ချင်းပဲ ပြန့်စားကြီး ပြန်သွားတာ၊ ဘာဖြစ်လို့လဲ မသိဘူး'

'ဒီကောင့်ကို နင် ဘာသွားပြောလိုက်လို့လဲ'

'အောင်မလေး ဘာမှမပြောရပါဘူး၊ မေရီဂျွန်နဲ့ ကက်သရင်း ရည်းစားတွေရသွားပြီလို့ ပြောလိုက်ရုံပါပဲ'

'ဟာ… တကယ်'

'လာပြန်ပြီ တစ်ယောက်၊ ကျွန်မကို မရဘူး'

ဇာခြည်စိမ့်က အပြစ်တင်သည်။

'မထင်လို့ပါဟာ၊ စခင်တုန်းက ရည်းစားရှိတယ်ဆိုတဲ့သတင်းလည်း မကြားမိလို့ပါ၊ ဟိုကောင်လစ်သွားတာ အဲဒါကြောင့်'

'ဟင်… နင့်ဘော်ဒါကလည်း ချိန်နေတာပဲ'

'ဟာ… ဒီကောင့်ရဲ့ မွေးရာပါ ဗီဇအကျင့်ပဲ၊ လွယ်လွယ်ကူကူနဲ့ ဖျောက်ဖျက်ပစ်လို့ မရနိုင်ဘူးလေ'

ရဲဟိန်းသူက ချွန်တွန်းပင့်လုပ်သည်။

'နင်ကရော ဘာအကျင့်ရှိလဲ'





'ရှိတာပေါ့၊ ငါ့ဘဝမှာ အလွဲတွေနဲ့ ဖရိုဖရဲ အမြဲဖြစ်နေတာလေ'

'နင်က မလွဲအောင်နေပေါ့'

ဇာခြည်စိမ့်က ရဲဟိန်းသူကို စိုက်ကြည့်လိုက်သည်။ ရဲဟိန်းသူ၏ အကြည့်နှင့် ပက်ပင်းဆုံသွားသည်။ တစ်စက္ကန့်လောက် မျက်နှာမလွှဲမိ။ (ရင်ခုန်သံလေးတွေတော့ ဗိုးခနဲ ဖြတ်သွားရဲ့)

'ဇာခြည်စိမ့် နင် ရှယ်လီနဲ့ တွေ့ဖြစ်သေးလား'

'ရှယ်လီ ပျောက်ချက်သားကောင်းနေတယ်၊ သူ့ကောင်နဲ့ အဆင်မပြေဘူးလည်း ကြားတယ်၊ ဟိုကောင်က ငရှုပ်ငမွှေပဲ'

'အေးဟာ၊ ငါ ရှယ်လီနဲ့ တွေ့ခဲ့တယ်'

'ဟယ်… သူ ဘာတွေလုပ်နေလဲ'

'အဲဒီနေ့ကဟာ ဖြစ်ချင်တော့ ××××'

ရဲဟိန်းသူ ဇာတ်ကြောင်းစုံ ရှင်းပြသည်။ ဇာခြည်စိမ့်ကလည်း နားထောင်နေရင်းက တခစ်ခစ်နဲ့ ရယ်နေ၏။ ရှယ်လီအကြောင်းက ဆိုးဆိုးဝါးဝါးလေးဖြစ်နေတော့ ဇာခြည်စိမ့် မရယ်တော့ပေ။

'ရှယ်လီက သူ့ကောင်ကို တော်တော်ချစ်တာဟ'

'အခု ချစ်လို့ နစ်ပြီပေါ့ဟာ၊ ငါ့ကိုတော့ သူတောင်းပန်သွားပါတယ်၊ ကံကောင်းလို့၊ ငါလည်း အဘိုးကြီးဆွဲထိုးတာ ခံရမလို့'

ရဲဟိန်းသူက ပါးကိုကိုင်၍ ပြောသည်။

'ရှယ်လီ အခုတော်တော်စိတ်ဓာတ်ကျနေမှာပေါ့'

ဇာခြည်စိမ့်က တွေးတွေးဆဆလေးနဲ့ လေးလေးပင်ပင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ရှယ်လီအကြောင်း ဆက်မပြောချင်တာနဲ့ စကားလမ်းကြောင်းလွဲပြောင်းလိုက်သည်။

'ဒါနဲ့ သွားကြားထိုးတံက နှင့်ဘော်ဒါနဲ့ အဆင်တွေပြေနေတယ်ဆို'

ထက်အောင်နဲ့ နှင်းနှင်းငြိမ်းကို ရည်ရွယ်၍ ဇာခြည်စိမ့်က ပြောခြင်းဖြစ်၏။

'မသိပါဘူးဟာ၊ သူတို့သတင်း ငါ ဘာမှမကြားရပါဘူး၊ လူဆိုတာ ကိုယ့်ဘဝနဲ့ကိုယ်ပဲ၊ သူများဘဝထဲ လိုက်ဝင်ကြည့်နေလို့ မရဘူး၊ တစ်ခါတလေ ဘော်ဒါစိတ်ကလေးတွေနဲ့ အရာရာကို ဖြည့်ဆည်းပေးနေရတာ'

'မိတ်ဆွေကောင်း စိတ်ဓာတ်လေးရှိတာတော့ အကောင်းဆုံးပဲ'

ဇာခြည်စိမ့်က ထောက်ခံသည်။ နှစ်ယောက်သား စကားဝိုင်းက စိုစိုပြေပြေလေးရှိလှပါသည်။ ဇာခြည်စိမ့်ရဲ့ အပြုံးလေးတော်ကို လိုက်လံဖမ်းယူပြီး မျက်လုံးထဲ သိမ်းထားရတာလည်းအမော။

နှစ်ယောက်သား ကဗျာတွေ စာတွေ အကြောင်းပြောဖြစ်သည်။ စိတ်ဓာတ်နဲ့ ထပ်တူပေါင်းသော သူငယ်ချင်းတွေအကြောင်းလည်း ပြောမိသည်။ ရာဇဝင်ထဲက အကိုးအကားတွေနှင့် သမိုင်းကြောင်းတွေလည်း ဆွေးနွေးဖြစ်သည်။ မသိတာကိုမေး၊ မဆိုင်တာကို တွေး၍ ပတ်ဝန်းကျင်အကြောင်းတွေလည်း ပြောဖြစ်ကြသည်။

'တစ်ခါက မွန်တစ်ဦးနဲ့ မြန်မာတစ်ဦး ဇာတ်ပွဲသွားကြည့်ကြ





တယ်၊ လွမ်းခန်းမှာ ဇာတ်မင်းသားက ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်လေလို့ လွမ်းချင်းသီဆိုလိုက်တာ မြန်မာက မျက်ရည်ကျတယ်၊ မွန်က နားမလည်ဘဲနဲ့ မေးတာပေါ့၊ ဘာလို့ မျက်ရည်ကျရသလဲပေါ့၊ မင်းသားက ဆိုတယ်လေကွာ၊ ဟိုတောင်ဆီရယ်က ညိုတိုတိုရယ်တဲ့လေ၊ မွန်က ပြန်ပြောတာပေါ့၊ အောင်မာ… တောင်ဆီရယ်က ညိုတာလောက်နဲ့များ မလွမ်းသေးပါဘူး၊ တစ်ခါလောက် တို့မွန်ဇာတ်ပွဲလာကြည့်ပါလား၊ ဖိတ်ခေါ်တယ်၊ မြန်မာလည်း မွန်ဇာတ်ပွဲကို လိုက်ကြည့်တယ်၊ မင်းသားလွမ်းခန်းရောက်တော့ မွန်က မျက်ရည်ကျတယ်၊ မြန်မာက အားကျမခံ မင်းတို့သီချင်းက ဘယ်လောက်ကောင်းလို့လဲတဲ့၊ မွန်က ပြန်ပြောတယ်၊ ဒီလိုကွ၊ တောင်ကုန်းလေးပေါ်မှာ မြက်နုကလေးပေါက်လို့ နွားအုပ်တစ်အုပ်က စားနေတယ်တဲ့ကွ၊ လွမ်းစရာမကောင်းဘူးလားတဲ့၊ မြန်မာက လွမ်းစရာမကောင်းပါဘူးကွာ ပြန်ပြောတယ်၊ မွန်က မင်းတို့သီချင်းက ဟိုတောင်ဆီက မိုးလေးညိုနေရုံနဲ့ လွမ်းနေသေးတာ၊ တို့မွန်သီချင်းထဲမှာက မိုးကညိုရုံတင်မက ရွာပြီးလို့ မြက်တွေပေါက် နွားစားနေပြီ၊ ဟော ပိုလွမ်းစရာကောင်းတာပေါ့တဲ့'

ဇာခြည်စိမ့်က ပညာသားပါပါလေး တစ်ချက်ရယ်သည်။

'ဒီလိုပဲ ဇာခြည်ရဲ့ တစ်ယောက်နဲ့တစ်ယောက် အမြင်မတူကြဘူး၊ ကဗျာမှာလည်း ဒီလိုပဲ၊ ရေးဖွဲ့ပုံချင်းတူချင်တူမယ်၊ ခံစားမှုချင်းကွာခြားမယ်၊ ကိုယ်က ကောင်းပါတယ်လို့ ထင်တဲ့ကဗျာ၊ ခံစားချက်ထပ်တူကျမှ ကောင်းမှာပေါ့၊ မဟုတ်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ရဲဟိန်းသူက ဆရာကြီးလုပ်၍ ရှင်းပြနေသည်။ သူတို့ဝိုင်းသို့ ထပ်မံရောက်လာတာက ကက်သရင်းနှင့်လူကြီးတစ်ယောက်။ လူကြီးက ဖြူဖြူချန့်ချန့် ချောချောဘော့စ်ဖြစ်ပုံရသည်။ စတိုင်က ကြော့မော့နေသည်။ ရဲဟိန်းသူနှင့် ဓာခြည်စိမ့်က အချင်းချင်းမေးငေါ့သည်။

'ကိုကြီး ထိုင်လေ'

ကက်သရင်းက ဝင်ထိုင်ရင်း ဖြူဖွေးဖွေးလူကြီးကို ပြော၏။

'သူက ဘယ်သူလဲ'

ဓာခြည်စိမ့်က စပ်စပ်စုစုမေးပြီ။ ကက်သရင်းက ရှက်ယူဝင့်ကြွားမှု တစ်ဝက်ခန့် မျက်နှာပေးလေးနဲ့…

'ဒါ ငါ့ကို စီးရီးသွင်းပေးတဲ့ တေးသံသွင်းဆိုင်ပိုင်ရှင် ဘော့စ်လေ၊ နာမည်က ဦးကိုကိုမော်ပါ'

'တွေ့ရတာ ဝမ်းသာပါတယ်၊ ဦးတေးသံသွင်းကို ကြားဖူးနေတာကြာပါပြီ'

ရဲဟိန်းသူက အဲဒီမှာ စတင်လွဲချော်ပြီ။ တေးသံသွင်းနာမည်ကို မပြောရသေးဘူးလေ။

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ဦးတို့ ပွင့်သစ်စ တေးသံသွင်းက အဆိုတော်ဖြစ်ချင်တဲ့ လူငယ်လေးတွေကို စင်တင်မွေးထုတ်ပေးနေတာပါ'

'ကောင်းပါတယ်၊ မျိုးဆက်သစ်တွေကို မြေတောင်မြှောက်ပေးတာ ကောင်းသောအစဉ်အလာတစ်ခုပါ'

ရဲဟိန်းသူက ဝါရင့်အနုပညာသမားကြီး လေသံအတိုင်း။





'ဦး… ဒီက သူငယ်ချင်း ကက်သရင်းကိုလည်း လိုအပ်တာရှိရင် ညွှန်ကြားနော်၊ ဒီကောင်မလေးက ပေတေတေ ကပ်သပ်သပ်လေး၊ ပြောစကားဆိုစကားလည်း သိပ်နားထောင်တာ မဟုတ်ဘူး'

'ဓာခြည်နော်၊ ပေါက်တတ်ကရ မိန်းမ'

ကက်သရင်းက ဓာခြည်စိမ့်ကို လှမ်းရိုက်သည်။ ဘော့စ်ဖြူဖြူကြီးက ခပ်တည်တည် ခန့်ခန့်ကြီးလုပ်နေသည်။ ရဲဟိန်းသူကတော့ ကျော်ဇင်ဝိုင်းကို သတိရနေ၏။ ဒီကောင်ရှိရင် ချူးပွဲချဟစ်မှာ။ ကက်သရင်းရဲ့ အလှအပလေးကိုတော့ နှမြောမိပါသည်။ အချစ်ဆိုတာကလည်း အပေါ်ယံတွက်လို့မှ မရတာလေ။

ဓာခြည်စိမ့်က မျက်စိစပါးမွေးစူးပြီး ကောက်ညှင်းကပ်နေသလို ဘော့စ်ကြီးကို ကလိချင်နေသည်။ ကက်သရင်းကို အားနာ၍ စိတ်လျှော့ပေးထားရသည့်သဘော။

ဒီဘော့စ်ကြီးက အထာလေးတွေတော့ နောကျေပုံရသည်။ အသက် ၁၅ နှစ်လောက် ကွာခြားသော ကက်သရင်းကို ချိတ်မိတာ မနှစ်မြို့စရာပင်။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

'သီတာ မင်းသမီးလေးကို လိုချင်တတ်မက်မောသူ… ရာမ မင်းသားလေးနဲ့ မယှဉ်နိုင် အချစ်ပြိုင်ပွဲမှာ×××'

အသံသေးအသံကြောင်နှင့် ပက်လက်လန်အော်နေသူက ကျော်ဇင်ဝိုင်း။ ပရိသတ်ချစ်သော ကျော်ဇင်ဝိုင်း။ ချဉ်ပေါင်ဟင်းအနံ့ရတာနဲ့ အီးပန်းချင်တဲ့ကောင်။ ခုတော့ ထိချက်မှ ပြင်းလှ၏။ ကိုယ့်ဘက်ကတောင် မြို့ရိုးမဆောက်ရသေးဘူး။ တစ်ဘက်က ဟယ်လီကော်ပတာနဲ့ မသွားတာ။ လွှတ်တဲ့ငါးတွေက ကြီးရုံတင်မက လပ်ကီးငါးတွေလည်းဖြစ်နေသေးသည်။

ရဲဟိန်းသူက စိတ်မကောင်းဖြစ်စွာနဲ့ ကက်သရင်းအကြောင်း ပြောပြရလေသည်။ ကျော်ဇင်ဝိုင်းက သူမြင်ခဲ့ရသော မေရီဂျွန်နှင့် လက်ချင်းတွဲသွားသည့် ရက်ပ်ပါလိုလိုကောင်ကို သတ်ပစ်ချင်လောက်တဲ့အထိ မုန်းမိကြောင်း ပြောပြသည်။



'မေရီဂျွန်… မင်း ရက်စက်တယ်ကွာ၊ ငါလောက်တောင် ဂိုက်မတောင့် ရုပ်မဖြောင့်တဲ့ကောင်ကို ရွေးရသလား၊ မင်းမှာ မျက်စိ မပါတော့ဘူးလား၊ အောင်မလေးကွာ'

'ကက်သရင်းကလည်း လွန်ပါတယ်'

ရဲဟိန်းသူက သွားအစဖော်ပေးပြန်သည်။

'ကိုယ့်အဖေအရွယ်လောက်ကြီးကို ရင်ခုန်ရတယ်လို့ ထွီ'

'ဟေ့ကောင်… ငါ့အိပ်ရာတွေ ညစ်ပတ်ကုန်မယ်ကွ'

'ငါ နောက်ကျသွားတာကွ၊ တောက်… အချိန်ကလေး သီသီပဲ လွတ်ထွက်သွားတာ၊ အခုတော့ကွာ'

'မင်းကလည်းကွာ၊ မစားရတဲ့အမဲ သဲနဲ့ပက်ကွာ'

ရဲဟိန်းသူက လွယ်လင့်တကူ မြောက်ပေးသည်။

'ဒါမျိုးတွေ ငါ မလုပ်ရဲဘူး'

'ဟ… မင်းအချစ်အတွက် စွန့်စားရဲရမှာပေါ့'

'ငါက သူတို့ကို ချစ်ကြောင်းကြိုက်ကြောင်း ဘာမှမပြောရသေးဘဲနဲ့ ခုလိုသွားလုပ်တော့ ဘယ်ကောင်းမလဲ'

ဒါမျိုးကျတော့ နပ်သားပဲ။ မကောင်းကျောင်းပို့လို့ မရတော့ဘူး။

'ဒါမှမဟုတ် မေရီဂျွန်နဲ့ ကက်သရင်းတို့ ပြန်ချစ်လာအောင် ဟိုကောင်တွေနဲ့ လိုက်ပြိုင်ကွာ'

'အဆောင်မှာတောင် ဘောင်းဘီတစ်ထည် သုံးရက်ဝတ်နေရတဲ့ ကိစ္စ၊ ဟိုကောင်တွေနဲ့ သွားပြိုင်ရင် ငါပဲ ခွက်ခွက်လန်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဒေါင်းမှာ၊ နှစ်ယောက်ဆုံးရှုံးသွားပေမဲ့ တစ်ယောက်ကျန်သေးတယ်'

မြားဦးက ဇာခြည်စိမ့်ဘက် နဂါးခေါင်းလှည့်လာပြီ။

'ဟေ့ကောင်… ပြည်သူပိုင်ပစ္စည်းကိုတော့ မထိနဲ့၊ မင်းဘာသာမင်း မေရီပွန်တို့ ဝဲဂယက်ထဲမှာပဲနေ၊ ဒီဘက်ကိုရောက်မလာနဲ့၊ ဇာခြည်စိမ့်က မင်းနဲ့လည်း မကိုက်တန်ဘူး၊ ပပဝတီနဲ့ တာနေ့ာယကွ လိုပဲ'

'အထင်သေးလိုက်တာကွာ၊ မင်းရော ဘာထူးလဲ၊ တလွဲလွဲ တချော်ချော်တွေနဲ့ တစ်သက်လုံး ရည်းစားမရမဲ့ကောင်'

ကျော်ဇင်ဝိုင်းက အချင်းချင်းပြန်ဖွဲ့သည်။

'မင်းကလေ ငါးမရရေချိုးပြန် ရေချိုးမရ ရွံ့တူးပြန်တဲ့ကောင်ပဲ၊ **နည်းနည်း**ပါးပါးလေး ဆင်ခြင်ဦး'

ရဲဟိန်းသူလည်း အပြောင်းအလဲ များလှသော ကျော်ဇင်ဝိုင်းကို ဦးစားပေး၍ မရတော့။ ခေါင်းပေါ်တက်နပ်သွစ်မဲ့ကောင်။

'ဇာခြည်စိမ့်လေးက ချောတယ်ကွ'

'မှန်ကြောင်လေးပါကွာ'

ရဲဟိန်းသူက အပျက်သဘောဘက်မှ ပယ်ချနေသည်။

'ငါလည်း ကဗျာတွေကို ချစ်တော့မယ်'

'တစ်သက်လုံး ကဗျာ ဘာမှန်းမသိတဲ့ကောင်က စွာကျယ်စွာကျယ်နဲ့ ပါဖောမန့်လုပ်ချင်နေသေးတယ်'

'မင်းထင်ချင်သလိုထင်ကွာ၊ ငါကတော့ နောက်ဆုံးကြွင်းကျန်တဲ့ ဇာခြည်စိမ့်လေးကို သဘောကျသွားပြီ'





'ဟေ့ကောင် ငါအောင်သွယ်ပေးရမလား၊ ဒါမျိုးဖြစ်တယ် နော်'

'မလိုပါဘူးကွာ၊ ကိုယ့်အစွမ်းနဲ့ကိုယ် ကိုယ့်ရာဇဝင်နဲ့ကိုယ်၊ အေးဆေးပါ၊ ဘာကြားခံနယ်မှ မလိုဘူး၊ မင်းအောင်သွယ်မှ တလွဲတချော်ဖြစ်ပြီး မင်းနဲ့ငြိသွားမှာ'

ကျော်ဇင်ဝိုင်းက ရိသွဲ့သွဲ့ ပြန်ပြောသည်။

'ဟေ့ကောင်… တူရာတူရာ ပုံပြင်လေးဘာလေးပြောဦးလေ'

'မပြောဘူး ဟေ့ကောင် မင်းနဲ့ပတ်သက်ပြီး ဥပမာပေးစရာ မရှိတော့ဘူး၊ သဘောပေါက်၊ အခုချိန်ကစပြီး မင်းနဲ့ငါ ရန်သူတွေ ဖြစ်သွားပြီ၊ ငါ့ခုကင်နဲ့ အဝေးဆုံးမှာ နေပေတော့'

ရဲဟိန်းသူက ပေါ်ပေါ်တင်တင် စစ်ကြေငြာသည်။

'ရတယ်လေ၊ ကျော်ဇင်ဝိုင်းတို့က စိန်ခေါ်ရင် တိမ်ပေါ်တောင် တက်ရဲတဲ့ကောင်၊ ဘယ်သူမှ ဂရုမစိုက်ဘူး'

ရဲဟိန်းသူနှင့် ကျော်ဇင်ဝိုင်း တစ်ယောက်တစ်ခွန်းပြောပြီး သဘောကျသွားကာ တစ်ယောက်ကိုတစ်ယောက် ဖက်လိုက်ကြသည်။

'ဟား… ဟား… ဟား… ဇာခြည်စိမ့် ကဗျာဆရာမလေးက မင်းနဲ့ပဲ တော့တော့ဆိုင်ဆိုင် တိုက်ထိုက်ပါတယ်ကွာ'

ကျော်ဇင်ဝိုင်းက အရင်းမရှိ အဖျားမရှိ ပြောသည်။

'ဟာ… ကြောင် မင်းက ဘာတွေပြောမှန်းမသိဘူး'

ရဲဟိန်းသူ ဝန်ခံကတိပြုရန်လိုချေပြီ။

ဇာခြည်စိမ့်ကို သဘောကျခြင်းတွေ စိမ့်ဝင်စီးဆင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင် သွားမှာဆိုကလည်းက ဝတ်ကောင်းစားလှလေး တန်ဆာဆင်ပြီးလာတာမထူးဆန်းပါဘူး။ ရဲဟိန်းသူ လည်ကတုံးအင်္ကျီအဖြူလက်ရှည်နဲ့ ပုဆိုးက ပြေ ငပြောင်ရောင်ရောင် ဖိုးတွဲလုံချည်နဲ့။ ဒံပေါက်စားပြီး ရဲဟိန်းသူ ချွေးတစိုစိုနှင့် ပြန်ထွက်ခဲ့၏။

မင်္ဂလာဆောင်က တခြားမဟုတ်။ အဆောင်ပိုင်ရှင် ဘွားတော်ကြီးရဲ့တူမ **မင်္ဂလာဆောင်။** ဘယ်သူမှ တကူးတက မသွားကြဘဲ လက်ဖွဲ့စုပေးလိုက်၍ **ရဲဟိန်းသူတစ်ယောက်တည်း** ဝေးလံခေါင်သီ ဒဂုံမြို့သစ်မြောက်ပိုင်း **ဘုန်းကြီးကျောင်းတစ်ကျောင်းဆီသို့** သွားရချေ၏။ ဒံပေါက်ရဲ့နောက်ဆက်တွဲအရ ရဲဟိန်းသူ **နှစ်ပွဲဆက်တိုက်တီး** လိုက်သဖြင့် ခေါင်းထဲတရိပ်ရိပ်နှင့် ဖြစ်နေသည်။

'ကိုရဲဟိန်းသူ··· ကိုရဲဟိန်းသူ'

နောက်မှထပ်ကြပ်မခွာအော်ခေါ်သံကြောင့် ရဲဟိန်းသူ နောက်ပြန်လှည့်ကြည့်မိသည်။ လှပစွာ ဝတ်စားဆင်ယင်ထားသော ကောင်မလေးတစ်ယောက်ကို တွေ့ရ၏။ ဖြုန်းခနဲ ရုတ်တရက် မမှတ်မိ။

'ကိုရဲဟိန်းသူ··· မေရီလေ၊ မမှတ်မိဘူးလား'

'ဟာ··· မေရီ··· လူတောင် နည်းနည်းများသွားတယ်၊ ဘယ်က ပြန်လာတာလဲ'

'မပြောချင်ပါဘူးလေ'

မေရီဌွန်က ခေါင်းကုတ်၍ ညည်းသည်။

'ဘာမပြောချင်ရတာလဲ၊ နင်ကလည်း'





'ဒီလိုပါဟာ၊ ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ မင်္ဂလာပွဲကနေပြန်လာတာဟ'

'ဟို··· ဒါဆို ဒံပေါက်ကျွေးတဲ့ပွဲကလား'

'အရိုးတွေနဲ့ နှစ်ပါးသွားရတာ လက်ဖွဲ့နဲ့ မတန်ပါဘူးဟာ'

မေရီဌွန်က ဆောင့်ဆောင့်အောင့်အောင့်ပြော၏။ ရဲဟိန်းသူ တစ်ခုသတိရသွားသည်။ မေရီဌွန်မှာ ကျန်းသေပေါက် ရည်းစားရှိနေတာလေ။ စကားအရ မေးရမြန်းရပြီ။

'မေရီဌွန်··· နင့်ကပ်ပါးလေးရော မပါဘူးလား'

'အောင်မလေး··· တမင်ကို ချန်ထားခဲ့တာ၊ ရှုပ်လွန်းလို့ဟဲ့··· ဘယ်သူမှ မပြောနဲ့နော်၊ ဒီကောင်က ရက်ပ်ပါရှူးရှူးနေတာ၊ ငါလည်း စိတ်ကုန်လွန်းလို့ တကူးတက အယောင်ပြပြီး တမင်ထားခဲ့ရတာ'

မေရီဌွန်က ရက်ပ်ပါကောင်လေး သူ့ချစ်သူအား ချီးမွမ်းသလိုလိုနဲ့ ကဲ့ရဲ့ရှုပ်ချနေသည်။ သူလည်း တစ်ယောက်တည်း လှလှပပလွှင့်စင်လာသည့် သဘောပင်။ စိတ်ကုန်၍ ပစ်စလက်ခတ်ထားခဲ့သော ချစ်သူ့အတွက် နောက်ဆံမတင်းသောသဘောပင်။

'အခု နင် ဘယ်ကိုပြန်မှာလဲ'

'အိမ်ပြန်မှာပေါ့၊ ဒီလိုကြီး ဝတ်ရတာ ပူအိုက်နေပြီ'

မေရီဌွန်ကို တွေ့ရတာ အရင်ကလန်းလန်းလေး။ ခုလို သပ်သပ်ရပ်ရပ်လေး မတွေ့ဖူးပေ။ ဝတ်ရတာ အဆီအငေါ်မတည့်တာ အပြစ်မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com

'နှင့်ရည်းစားကို မစောင့်တော့ဘူးလား'

'ဒီအကောင်က ဘယ်တော့မှ အချိန်မတိကျတဲ့ကောင်'

မေရီဠွန်က ချက်ချင်းသတိရသွား၍ ချက်ချင်းအပြစ်တင်လေ၏။ နှစ်ယောက်သား မတိုင်ပင်ဘဲ လမ်းလျှောက်လာစဉ် ရှေ့နေတစ်ယောက်နှင့် ပက်ပင်းတိုးသည်။ သူ့ကို မသိပေမဲ့ ဝင်ရောလေ၏။

'ကဲ… တွေ့ပြီ၊ တကယ့်ကို လိုက်ဖက်တဲ့ မောင်နှံပဲ'

ရှေ့နေဟု ထင်ရသူက အားရပါးရ တက်ကြွစွာ စသည်။ မေရီဠွန်က ညစ်တွေတွေနှင့် ဘူမသိ ကိုးမသိ ရှေ့နေကို ဟောက်သည်။

'ဘာတွေလာပြောနေတာလား၊ အေးအေးဆေးဆေးနေတာကောင်းမယ်'

'အောင်မလေး အစ်မရယ် စေ့စပ်ကြောင်းလမ်းခြင်းစာချုပ်မှာ လက်မှတ်ထိုးထားတုန်းက ဒီလိုမျက်နှာမျိုး မဟုတ်ပါဘူး'

'ဟာ… ဘာတွေလာရှုးနေတာလဲ၊ ကျွန်မတို့က ဘာမှမဟုတ်ဘူး'

'အောင်မလေး အခုဘာမှမဟုတ်ပေမဲ့ နောက်ကျရင် တူနှစ်ဖြာ ရွှေဂဟေဆက်မဲ့ အကြင်လင်မယားတွေဖြစ်တော့မှာပဲ'

ပြောလေ ရှုပ်လေဖြစ်နေပြီ။ ရှေ့နေက ဖိုင်တွဲကြီးတွေကို ဘယ်လက်ညာလက်ပြောင်းညှပ်နေ၏။

'လာပါဗျာ၊ တစ်ခါတည်း စာချုပ်မှာ လက်မှတ်ထိုးသွားချေ' သေချာပါသည်။ ရှေ့နေရူး ရူးနေသော သူနဲ့ မထင်မှတ်ဘဲ





ထိပ်တိုက်တိုးနေသည်။ ဖြေရှင်း၍ မရလေ ပိုရှုပ်ထွေးလေပင်။ မေရီဠွန်နှင့် ရဲဟိန်းသူ ကွေ့ပတ်ရှောင်မရအောင် ရှေ့နေက လိုက်လံရှင်းပြနေသည်။ ဘယ်ရှောင်မရ ညာရှောင်မရနှင့် တော်တော်ကိုးရိုးကားယားနိုင်လှ၏။ ရှေ့နေဟု ထင်ရသော သူက သွက်သွက်ခါအောင် ဒေါင်ချာစိုင်းနေသူ စိတ်ကျန်းမာရေးညှံ့နေသူပင်။ ရဲဟိန်းသူတို့က ရှောင်လေလေ ရှေ့နေက ထုတ်ဆီးတိုးသလို ပိတ်ခံနေလေလေပဲ။ ဖြေရှင်း၍ မရတာတော့ အသေအချာပင်။

'ဟာ… ကြာပါတယ်၊ ဒီလူကို တွန်းထုတ်ရအောင်'

ရဲဟိန်းသူနှင့် မေရီဠွန်လည်း ရှေ့နေကို တွန်းထုတ်ရန် ဟန်အပြင် ရပ်လိုက်ဆိုသည့် အသံနက်ကြီးတစ်ခုကို ကြားရသည်။ ဝတုတ်တုတ်နှင့် အချိုးမကျသော ရက်ပ်ပါဒီဇိုင်းဝတ်လာသည့် ဖက်တီးတစ်ယောက်နှင့် ပိန်ပိန်ပါးပါး ဘောင်းဘီပွပွနှင့် ဦးထုပ်နောက်ပြန်ဆောင်းထားသော ငပိန်တစ်ကောင်ကို တွေ့ရသည်။

'ဟာ… လိုက်လာပြန်ပြီ'

မေရီဠွန်က စိတ်ပျက်လက်ပျက် လေသံနှင့် ပြောသည်။ အဲဒီနှစ်ယောက်က ရဲဟိန်းသူတို့နှစ်ယောက်ဆီကွဲတက္ကွဲတနှင့်လာသည်။ ရှေ့နေကတော့ မင်သေသေ ကြောင်စီစီနှင့် ကြည့်နေ၏။

'မေရီ… မင်း… မင်း အရမ်း ရက်စက်ပါလားကွ ဟင်၊ ငါကတော့ ဘဝတစ်ခုလုံး ပေးပြီး ချစ်လိုက်ရတာ၊ အခုတော့ မင်းက ငါ့ချစ်ခြင်းမေတ္တာတရားတွေကို ဖောက်ထိုးဆွဲပြောင်းပြန်လှန်ပစ်လိုက်တာပေါ့လေ'



www.burmeseclassic.com

www.burmeseclassic.com

'နင် ဘာတွေပြောနေတာလဲ၊ အခု ငါက ဘာတွေလုပ်နေလို့ လဲ'

မေရီဂျွန်က အပြတ်အော်သည်။

'ရပါတယ်ဟာ၊ ချစ်ခဲ့တာလေးလ၊ အပြစ်မဲ့စွာဆေးကျ။ မင်းက ဘာကို အထင်ကြီးတာလဲ၊ မင်းက ဘာကိုမက်မောတာလဲ'

ဝတုတ်ကောင်က ဆို့နင့်စွာ သီချင်းစာသားတွေ ရွတ်ဖတ်နေသလို ကြေကွဲပြနေ၏။

'နင် ဘာတွေအထင်လွဲပြန်ပြီလဲ ဝလေး'

'ဘာ ငါက မျက်စိကြီးနှစ်လုံးပြူးမြင်နေရတာတောင် အထင်လွဲတယ်ထင်လို့လား မေရီဂျွန် မင်းဟာ ရုပ်ရည်ကလေး ချောမောလှပသလောက် အရမ်းကောက်ကျစ်တဲ့ မိန်းကလေးပဲ'

'ကောက်ကျစ်တာ ဘာဖြစ်လဲ၊ သကြံန်တုန်းက ဆံပင်တွေကို ကောက်ပြီး ကျစ်ထားတာ'

မေရီဂျွန်က ခါးထောက်၍ ပြန်ရန်တွေ့သည်။

'ဝလေး နင် ဘာတွေဝေဝါးနေပြန်လဲ'

'အဖြေက ရှင်းရှင်းလေးပဲ မေရီ၊ အခု နင်နဲ့ဟိုလူနဲ့ တရားရုံးမှာ တိုးတိုးတိတ်တိတ် လက်မှတ်ထိုးပြီး ပြန်လာတာ မဟုတ်လား'

'ဟာ'

'ဒ: ဒ'

ရဲဟိန်းသူရော မေရီဂျွန်ပါ လန့်သွားသည်။

'နင်တို့ ငြင်းဖို့ မကြိုးစားကြနဲ့၊ ငါသတင်းအတိအကျရထား





တယ်၊ ဟား··· ဟား··· ဝလေးကို ဒီလိုလာကြောလို့ ဘယ်ရမလဲ၊ ဟင်း··· ဟင်း'

ဝလေး ရယ်တော့ ဘေးက ငပိန်ကပါ အသံသေးသေးလေးနဲ့ လိုက်ရယ်သည်။ အဲဒီမှာ ရွှေနေက တစ်စခန်းထလာပြန်သည်။

'အဲဒီသတင်း သေချာတာပေါ့၊ အခုပဲ ရုံးတက်လက်မှတ်ထိုးဖို့ ဟောဒီက ကျွန်တော့်ကို မေတ္တာနဲ့ ငှားလာတာပါ၊ ဟော··· နေကောင်းရက်မြတ်အခါတော်မင်္ဂလာအချိန်အခါကိုလည်း ကျွန်တော်ကပဲ ရွေးချယ်ပေးရမှာ၊ တူနှစ်ဖြာချွေဂဟေဆက်တဲ့အချိန် မင်္ဂလာပွဲဆင်ယင်ကျင်းပတဲ့အခါမှာလည်း ဘိသက်ဆရာအဖြစ် ဆောင်ရွက်ပေးရမှာ၊ အခု သက်သေတွေစောင့်နေတုန်း အတော်ပဲ၊ တရားရုံးကို ခပ်သွက်သွက်လေး သွားကြပါစို့'

ရွှေနေက ဘာတွေလျှောက်ပြောနေမှန်း မသိဖြစ်နေသည်။ ဝလေးက ရဲဟိန်းသူကို ဝါးစားမတတ် ကြည့်နေပြီ။

'ကဲ··· ကိုရွှေနေ ရှင် တရားရုံးကသာ စောင့်နေတော့၊ ကျွန်မတို့ အခုလိုက်ခဲ့မယ်၊ သွားပေတော့၊ အမြန်သာကြွ၊ ရှင်ရှိနေရင် ပိုရှုပ်နေမယ်'

ရွှေနေလည်း သီချင်းလေးဆို၍ လစ်သွားသည်။ ရွှေနေ ထွက်သွားတော့ မေရီဂျွန်က ရုတ်တရက် ထိုင်ချလိုက်၏။

'ဟင်း··· ခုမှ ဒူးထောက်တောင်းပန်မနေပါနဲ့ မေရီ'

ဝလေးက အပေါ်ကိုမော့၍ လက်ပိုက်ပြောသည်။


www.burmeseclassic.com

www.burmeseclassic.com

'သေဦးမယ်၊ ငါ့ဟာငါ ဖိနပ်မှာ လျှော်စလေးငြိနေလို့ ဖြုတ်နေတဲ့ဟာကို'

မေရီဂျွန်က ပြောပြီး မတ်တပ်ပြန်ထလာသည်။

'နင်တို့ရက်ပ်ပါတွေက ဒီလိုပဲ၊ ဟန်ဆောင်ပြီး အပြုတ်လိုတဲ့ပဲလိုပဲ၊ ဘာမှမသိဘဲ ရမ်းသမ်းဖွ ဉ်စွဲနေ၊ ကွတကွတ ကားတားကားတားနဲ့ ခုန်ဆွခုန်ဆွ မချင်ရာမနေတဲ့အကောင်တွေဆို ငါ မျက်စိနောက်တယ်'

'အဖေနဲ့ အမေက တားခဲ့ဖူးလို့ ဗီဇလျှော့ကြည့်တယ်၊ အဆိုတော်ရူး ပျောက်မယ်ဆိုတဲ့ ဆေးဗီဇကတော့ သိမယ်၊ ဂီတလမ်းပေါ်လျှောက်တော့ ရယ်ရတော့ ငြီတွယ်'

'ဝလေး နင် ငါ့ကိုမျက်စိနောက်အောင် လုပ်နေတာလား၊ နင် ငါ့ကို ဘယ်လောက်ထိချစ်သလဲ၊ ဘယ်အတိုင်းအတာအထိ သည်းခံနိုင်သလဲ၊ ပြောလေ'

ဝလေး ငြိမ်သွား၍ ပေါ်နီကို စိတ်ကူတောင်းရာ ပေါ်နီကလည်း ခေါင်းတခါခါနဲ့…

'ဝ-လေး နင်ဟာလေ ငါတော်တော်စိတ်ကုန်နေပြီ၊ သူများပြောတာတွေ နားထောင်ပြီး ပေါက်ကရတွေလုပ်နေတာ၊ ငါ နင့်ကို သည်းခံနိုင်တဲ့အတိုင်းအတာ ကျော်လွန်သွားပြီ ဝလေး၊ ငါ့ဘဝထဲမှာ နင့်စာရင်းဇယား မရှိတော့ဘူး၊ နင် ငါနဲ့ အဝေးဆုံးကို သွားပါတော့'

မေရီဂျွန်က လက်သီးထိုးပြီး ငေါက်တော့ ဇက်ကလေးပုနေရရှာသည်။ ရဲဟိန်းသူလည်း အူကြောင်ကြောင်နဲ့ ရပ်နေသည်။





'နင်တို့ တကယ်လက်ထပ်ကြတော့မှာလား'

'ဒါ နင်မေးစရာ စကားလား ဝလေး၊ နင် တရားလွန်နေပြီ၊ သူနဲ့ငါက ဘာမှမဆိုင်ဘူး၊ ဘော်ဒါတွေ'

'မိဘသဘောတူထားတဲ့သူတွေ မဟုတ်လား'

'တော်ပြီ ဝလေး၊ နင်က နလပိန်းတုံးကောင်ပဲ၊ ရှင်းပြနေတာကို လက်မခံဘူး၊ ဒီနေ့ကစပြီး မေရီဂျွန်ကို မေ့လိုက်တော့'

'နင် တကယ်ပြတ်သားတော့မယ်လား မေရီ'

'ဟင်း… ဟင်း… မေရီတို့က ပူးဆို ဖရုံမသီးဘူး'

'မြေသြဇာနဲ့ ခြံအလကားရရင်ရော'

'တိတ်တော့ ဝလေး'

မေရီဂျွန်က နှုတ်ခမ်းလေးကို တင်းတင်းစေ့ထားသည်။ ရဲဟိန်းသူကလည်း အနေရအထိုင်ရ ခက်နေပြီ။ ဘယ်ဘက်က ရပ်တည်ရမှန်းမသိ။ အရှည်အရှည် အကျယ်ကျယ်တွေ ဖြစ်လာရင်မကောင်းပေ။ ဒီတော့ စကားနည်းရန်စဲဖို့ရာ…

'မေရီ တော်ပါတော့ဟာ၊ ပြဿနာကို အေးအေးဆေးဆေး ဖြေရှင်းကြပါ'

'ဟေ့လူ ခင်ဗျားက ဘာလဲ၊ မဆိုင်တာ ဝင်မပါနဲ့၊ ဇက်ပြတ်သွားမယ်၊ ရုပ်ကိုက ကြောင်သူတော် ကြွက်သူခိုးရုပ်နဲ့၊ ဒါမျိုးတွေ ရှိးနေပြီ၊ အလကားရမလား ကြားကားဆွဲတာ မဟုတ်လား'

ရဲဟိန်းသူ အတွယ်ခံနေရပြီ။ မေရီဂျွန်လည်း ကိုးရိုးကားယား ဝလေးကို ကြည့်မရတော့။ ပေါ်နီကလည်း တစ်စခန်းထလာသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

'ကြာပါတယ် ကိုကြီးရာ၊ ဒီကောင်ကို ဝင်လုံးကြမယ်'

'လူကြမ်းကြီးပါ'

'လူကြမ်းလေးပါ'

ပြောပြောဆိုဆို ဝလေးနှင့် ငပိန်က ရဲဟိန်းသူကို နပန်းဝင်လုံးကြသည်။ ရဲဟိန်းသူလည်း ရုတ်တရက် နောက်ပြန်လန်ကျသွားပြီး သုံးယောက်သား လုံးထွေးသွားကြသည်။ ပလက်ဖောင်းပေါ်မှာ လုံးရင်းနဲ့ လိမ့်သွား၍ သုံးယောက်စလုံး လျှောကျသွားကာ မြောင်းထဲသို့ ဝရုန်းသုန်းကား ပြုတ်ကျကုန်သည်။

'ဗွမ်း'

'အောင်မလေး'

ရဲဟိန်းသူ တစ်ကိုယ်လုံး ညစ်ပတ်ပေတူးသွားသည်။ မိန်းမတစ်ယောက်အတွက်ကြောင့် ဤသို့ဤပုံဖြစ်ရတာ။ ဝလေးနှင့် ငပိန်မှာ မြောင်းထဲမှ တော်တော်နဲ့ ရုန်းမထွက်နိုင်။ ရဲဟိန်းသူ မြောင်းစပ်ပေါ်ရောက်တော့ ပြဿနာအစကို မီးညှိခဲ့သော မေရီဋ္ဌန် မရှိတော့ပေ။ တတ်လည်းတတ်နိုင်တဲ့ မိန်းမတွေပါလား။

'ဒါကြောင့် ရှေးလူကြီးတွေက ပြောတာပေါ့၊ မိန်းမဖျက်ရင် ပြည်တောင်ပျက်တယ်တဲ့၊ မဏိစန္ဒာ မြူဆွယ်မှုကြောင့် ကျန်စစ်သားဟာ ဘဏ္ဍာတော် မိဖုရားလေးကို လမ်းခရီးတစ်ဝက်မှာတင် ဘာညာသာရကာတွေဖြစ်ခဲ့ရတယ်၊ ဟယ်လင်မင်းသမီးကြောင့် ဂရိနဲ့ ထရွိုင်စစ်ဖြစ်ခဲ့ရတာ၊ အခု ငါလည်း အနေအတိုင်မတတ်ဘဲ ပဲလှော်ကြား





ဆားညပ် မြောင်းထဲပြုတ်ကျတော့တာပဲ၊ ဪ… ဒါတွေဟာ ဖြစ်ပြန်ပျက်ပြန်နဲ့ ရှုရင်လည်း တရားသဘောတွေပါပဲ'

ရဲဟိန်းသူ မည်းတူးနေသော သူ့ခန္ဓာကိုယ်ကိုကြည့်၍ သံဝေဂတွေ ပွားနေ၏။ ခုနက တောက်တောက်ပြောင်ပြောင်နှင့်။ အခု ညစ်ညစ်ထေးထေးဖြစ်သွားသည်။ ဒီကြားထဲ မြောင်းပုတ်စော်က နံဟောင်နေသေးသည်။

ဒီမျက်နှာနှင့် အဆောင်ကို ဘယ်လိုပြန်မတုန်း။ အိမ်တစ်အိမ်ထဲ ဝင်၍ ခွင့်မတောင်းဘဲ ရေငါးခွက်လောက် တဗွမ်းဗွမ်းဆင့်လောင်းပြီး တခါတည်း သုတ်ချေတင် ထွက်ပြေးပါလေရော။

ဖြစ်လိုက်ရင် အတုံးလိုက် အတစ်လိုက်ချည်းပဲ။


www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

ရဲဟိန်းသူရဲ့ အဖြစ်အပျက်ကို ကျော်ဇင်ဝိုင်း၊ ဇာခြည်စိမ့်၊ ထက်အောင်နှင့် နှင်းနှင်းငြိမ်းတို့က အတောမသတ် ခွက်ထိုးခွက်လန် ရယ်မောကြလေသည်။ ကင်တင်းတစ်ခုလုံး ဆူညံသွားသလားအောက်မေ့ရသည်။ ရဲဟိန်းသူလည်း သူ့ကိစ္စကို စကားလမ်းကြောင်းပြောင်းဖို့ ထက်အောင်တို့ကို ပစ်မှတ်ထားလိုက်ရသည်။

ထက်အောင်ရော နှင်းနှင်းငြိမ်းပါ ဒီရက်ပိုင်းအတွင်း ကင်တင်းလည်းမလာ။ အတန်းထဲတွင်လည်းမတွေ့။ အတိုင်အဖောက်ညီစွာ ပျောက်ချက်သားကောင်းနေ၏။ အခုပြန်တွေ့ရတော့လည်း ဘာမှ မထူးဆန်းတဲ့အတိုင်း။ ထက်အောင်မျက်နှာက အရင်ကထက် မသိမသာချိုသာနေသလို နှင်းနှင်းငြိမ်း မျက်နှာကလည်း တစ်စုံတစ်ခုကို ရှက်နေသယောင်ယောင်။





မဟုတ်မှလွဲရော။ ဒင်းတို့တွေသည် တစ်ခုခုတော့ တစ်ခုခုပဲ။ ရဲဟိန်းသူ စကားလမ်းလွှဲဖို့တာစူနေပြီ။

'နေကြစမ်းပါဦး၊ ငါ့ကို ဝိုင်းဟားနေကြတာတွေ ရပ်ပါဦး၊ ခုတလော ထက်အောင်ရော၊ နှင်းနှင်းပါ ပျောက်ဆုံးနေကြပါလား၊ တစ်ခုခုတော့ ထူးခြားနေတယ်နော်၊ သူတို့တွေ ငါတို့မသိအောင် လျှို့ဝှက်ရတနာသိုက်နဲ့ သိုင်းလောကဦးသျှောင်ဓားကျမ်းကို ရှာနေကြသလားမသိဘူး'

'မဟုတ်ဘူးဟဲ့၊ သူတို့နှစ်ယောက် အတ္တလန္တိတ် သမုဒ္ဒရာမှာ ဆိုမာလီပင်လယ်ဓားပြတွေကို သွားဖမ်းနေတာ၊ ဒါမှမဟုတ် ယီမင်မှာ သောင်းကျန်းနေတဲ့ အယ်နိုင်ဒါတွေကို ဗုံးသွားခွဲတာထင်တယ်'

ဇာခြည်စိမ့်ကပါ သံယောင်လိုက်၍ ပြုံးတုံ့တုံ့ပြော၏။ ထက်အောင်နှင့် နှင်းနှင်းငြိမ်းတို့ ဆွံ့အတိတ်ဆိတ်သွားကြသည်။

'အမှန်အတိုင်း ဝန်ခံလိုက်ရင် သင့်တော်မယ်နော်'

ကျော်ဇင်ဝိုင်းက မနာလို လေသံကြီးစွက်၍ ပြောသည်။ သူ့ မျက်လုံးတွေက ဇာခြည်စိမ့်ကိုသာ တူရူစိုက်ကြည့်လျက်။ ထက်အောင်ဆီမှ မပွင့်တပွင့်လေသံလေးသွက်လာသည်။

'ငါ··· ငါနဲ့ နှင်းနှင်းတို့ ချစ်သူတွေဖြစ်နေကြပြီ'

'ဟင်'

'ဟာ'

ထူးဆန်းသောကိစ္စမဟုတ်ပေမဲ့ သူငယ်ချင်းတွေက ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com

သော သတ္တဝါကြီးအား မျက်ဝါးထင်ထင် တွေ့လိုက်သည့် သဘော ထိတ်လန့် တုန်လှုပ်ဟန်ဆောင်ပြသည်။ အာမေဋိတ်တွေ လိုတာထက် ပို၍ ထုတ်သုံးကြသည်။

ကျော်ဇင်ဝိုင်းဆိုရင် တမင်တကာ သက်ပြင်းတွေ လွှတ်ချနေသည်။

စာခြည်စိမ့်က သူ့မျက်မှန်ကလေးကို ချွတ်လိုက်တပ်လိုက်နှင့် တအင်းအင်းလုပ်နေ၏။

ရဲဟိန်းသူကတော့ မျက်လုံးကို တမင်ပြူး၍ ဘာမှန်းမသိ ကျွတ်ကျွတ်လုပ်နေသည်။

ထက်အောင်နှင့် နှင်းနှင်းငြိမ်းတို့မှာ အနေရအထိုင်ရ ခက်နေပြီ။

'နှင်တို့ကလည်း ချစ်သူတွေဖြစ်ပြီးတာနဲ့ အတန်းလည်း မတက်၊ ကင်တင်းလည်းမလာ၊ ဖုန်းလည်းမဆက်၊ လူချင်းလည်း မတွေ့ နှစ်ယောက်စလုံး ပျောက်နေပါလား'

'ငါတို့ ဘယ်မှမသွားကြပါဘူး၊ အိမ်မှာပဲ ရှိနေကြတာပါ'

'ဟာ'

'ဘယ်လိုကြီးလဲ'

ရဲဟိန်းသူတို့ တစ်ယောက်မျက်နှာ တစ်ယောက် အလန့်တကြားတွေကြည့်ကုန်ကြရော။ နှင်းနှင်းငြိမ်းက ရှက်လွန်း၍ ခေါင်းငုံ့နေသည်။ ထက်အောင် စကားက အမိပ္ပာယ်နှစ်ခွထွက်နေ၏။





'ဟာ... မင်းတို့ကလည်း ပေါက်ကရတွေ လျှောက်မထင်နဲ့၊ ငါတို့ပြောတာက၊ ဟာ... ရှင်းရှင်းပဲပြောမယ်ကွာ၊ နှင်းနှင်းငြိမ်းကို ငါ ချစ်ရေးဆိုပြီး ငါးရက်လောက် သွားမတွေ့ရဲဘူး၊ အိမ်မှာပဲ ဥနေရတာ၊ နှင်းနှင်းငြိမ်းကလည်း ငါ့ကိုအဖြေပေးဖို့ ငါးရက်လောက်အိမ်ထဲမှာပဲ အောင်းနေတော့တာ၊ မင်းတို့နဲ့ အဆက်အသွယ်မလုပ်ဖြစ်ဘူး၊ ဒါကိုပြောတာ'

'တော်သေးတာပေါ့၊ ငါထင်တာလည်း အဲဒီလိုပဲ ထင်တာပါ'

ရဲဟိန်းသူက ရင်ဘတ်ကို လက်ဝါးနဲ့ဖိ၍ ပြောတော့ စာခြည်စိမ့်က... သူ့ပခုံးကို တစ်ချက်ရိုက်လိုက်သည်။

'ကောင်စုတ်... အခုထင်ချင်ရာထင်ပြီး'

'ဒါ... ဒါဆို မင်းတို့နှစ်ယောက်က သမီးရည်းစားတွေ ဖြစ်သွားကြပြီပေါ့'

ကျော်ဇင်ဝိုင်းက ခုမှ တကယ့်မီးကိုင်မိတဲ့ ပုံစံနဲ့ ပြူးတူးပြဲတဲ မေးသည်။

'Yes... OK'

ကျော်ဇင်ဝိုင်း မျက်နှာကြီး ခွေးဆွဲခံရသည့် ဘိန်းမုန့်လိုဖြစ်နေသည်။ သူလည်းလေ လောကီသားမို့ ရည်းစားလေးတစ်ယောက်တော့ လိုချင်သား။ ထို့အတူ ရဲဟိန်းသူသည်လည်း သူ အောင်သွယ်ပေးခဲ့သော စုံတွဲကို ကြည့်၍ အားကျစိတ်တွေ တဖွားဖွားကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ဖူးစာတော့ မရေးနိုင်ရှာဘဲ သူများအတွဲတွေ ကြားညှပ်၍ ဘောင်ဘင်ခတ်နေ၏။

'ရှယ်လီအကြောင်း ကြားပြီးပြီလား'

ဇာခြည်စိမ့်က ဆုံးမဆင့် ဗုံမဆင့် ထမေးသည်။ ရဲဟိန်းသူက မကြားချင်သော ပုံစံဖြင့် ပြုံးပြုံးစုစုလုပ်နေသည်။ နှင်းနှင်းငြိမ်းက

'ရှယ်လီ… ဘာဖြစ်လို့လဲ'

'သူ့မိဘတွေနဲ့အတူ နိုင်ငံခြားကို အပြီးအပိုင် သွားတော့မယ်၊ သူ့ဘဝရဲ့ ညစ်နွမ်းမှုတွေကို သူငယ်ချင်းတွေကို အသိမပေးချင်တော့ဘူး၊ အားလုံးကို သူ နှုတ်ဆက်ခဲ့ပါတယ်တဲ့'

'ဒီလိုကြားရတာလည်း စိတ်မကောင်းစရာပါပဲ၊ ယောက်ျားလေး အချို့ဟာ အချစ်ကို တန်ဖိုးမထားတတ်ကြဘူး၊ ရှယ်လီ နှလုံးသားဟာ လူမဆန်တဲ့ကောင် လက်ချက်ကြောင့် တစ်စစီ စုတ်ပြတ်သွားပြီ၊ ချစ်ခြင်းမေတ္တာတရားရဲ့ အငွေ့အသက်တွေ တကယ်ပဲ ကင်းမဲ့ကုန်ပြီလား'

ဇာခြည်စိမ့်ဘေးမှ ကျော်ဇင်ဝိုင်းက တော်လှန်ရေးသမား နယ်ချဲ့မျက်နှာဖြူကို ကြုံးဝါးတဲ့လေသံမျိုးဖြင့် မခံချိမခံသာပြောနေ၏။ ရဲဟိန်းသူက လန့်သွားကာ တစ်ချက်နှာခေါင်းရှုံ့၏။

'ရှယ်လီတို့က ဒီလိုဖြစ်ဖို့ ဇာတာပါလာတာ ဘယ်တတ်နိုင်မလဲ'

နှင်းနှင်းငြိမ်းက သံဝေဂလေသံနဲ့ ဖြည်းဖြည်း တွေးတွေးဆဆ





ဆိုသည်။ သူမလည်း အချစ်ရေးမှာ ဤကဲ့သို့ ဖြစ်ရပ်မျိုး မကြုံချင်ပေ။ ဇာခြည်စိမ့်က နောက်ထပ်သတင်းတစ်ပုဒ်ကို ထပ်မံကြေငြာသည်။

'ကက်သရင်းကတော့ တေးသံသွင်းဆိုင်ပိုင်ရှင် ကိုကြီးနဲ့ ဘာလိုလိုတွေဖြစ်နေကြပြီ၊ သူ့အတွက်လည်း ရင်လေးမိတယ်'

'ကက်သရင်းက လည်ပါတယ်၊ တော်ရုံတန်ရုံ အရှောင်အတိမ်း ကျွမ်းပါတယ်'

'မထင်နဲ့နော်၊ လူတွေဟာ လိုချင်တာတွေကို လိုက်ရင်း နစ်သွားကြတာတွေ တစ်ပုံကြီးပဲနော်၊ လူတွေရဲ့ အတွင်းစိတ်က တစ်ယောက်နဲ့တစ်ယောက် မတူကြဘူးနော်'

ရဲဟိန်းသူက တရားဟော ဓမ္မကထိကလေသံဖြင့်ပြောသည်။ ကျော်ဇင်ဝိုင်းကတော့ ငူတူတူ ငိုင်တိုင်တိုင်နှင့် ဇာခြည်စိမ့်နှင့်ပတ်ဝန်းကျင်ကိုသာ တစ်လှည့်စီ ငေးမောနေသည်။

'အချစ်နဲ့ ပတ်သက်လာရင် လူတွေက တစ်ယောက်တစ်မျိုး အယူအဆချင်းမတူကြဘူး၊ ရုပ်ရှင်ကားတွေလိုပဲ၊ မြန်မာကားတွေမှာဆိုရင် အသည်းကွဲလည်း ငိုတာပဲ၊ ချစ်သူသေသွားလည်း ငိုတာပဲ၊ ငိုနေတာတွေက ခပ်များများ၊ အိန္ဒိယကားတွေကတော့ ပျော်ရင်လည်း ကတာပဲ၊ ဝမ်းနည်းရင်လည်း ကတာပဲ၊ တရုတ်ကားတွေကျတော့ ပျော်ရင်လည်း သိုင်းချတာပဲ၊ ဝမ်းနည်းရင်လည်း သိုင်းချတာပဲ၊ ကိုရီးယားကားတွေကျတော့ ပျော်ရင်လည်း တစ်ခုမဟုတ် တစ်ခုစားနေသောက်နေတာပဲ၊ ဝမ်းနည်းရင်လည်း စားနေသောက်နေတာပဲ၊ အာရ



www.burmeseclassic.com

www.burmeseclassic.com



သားတွေက အရမ်းအလွယ်လိုက်တာပဲ၊ ကြာတော့ ပုံတူတွေဖြစ်လာပြီး Story တွေထပ်လာတယ်၊ တီထွင်ဆန်းသစ်မှုအပိုင်းက နည်းလာတယ်'

'မင်းဟာကလည်းကွာ ဘယ်နှယ် အချစ်အကြောင်းကနေ ရုပ်ရှင်တွေဘက် လှည့်သွားရတာလဲ၊ မင်းကွာ တော်တော်တောင်စဉ်ရေမရ ပြောတာပဲ၊ အကိုးအကားတွေ ဥပမာတွေ လျှောက်ပေးရင်းလိုရင်းကို မရောက်ချင်ဘူး'

ကျော်ဇင်ပိုင်းက ဘူဘူနဲ့ ထနိုပ်ကွပ်သည်။

'ဟဲ့... ရေနွေးကြမ်း၊ နင်ကလေ သူ့လို မပြောတတ် မဆိုတတ်ဘဲနဲ့ သူများပြောတာကို ငြိမ်ငြိမ်နားမထောင်ချင်ဘူး၊ ဂုဏ်ခါးပြောမှသာ ပြောစမ်းပါ'

ဇာခြည်စိမ့်က ရဲဟိန်းသူဘက်မှ ဝင်ပြောရာ ကျော်ဇင်ပိုင်းနှုတ်ခမ်းကြီးရှု့ ဇက်ပု၍ ငြိမ်ကုတ်သွားသည်။ ထက်အောင်နှင့် နှင်းနှင်းငြိမ်းက ပြုံးစိစိနှင့် ကျော်ဇင်ပိုင်းကို စွေစောင်းကြည့်နေကြ၏။

'အချစ်နဲ့ပတ်သက်လို့ ဥပမာလေးတွေ ပေးရရင်တော့ အများကြီးပဲဟ၊ ငါလည်း မေ့နေတာ ခက်တယ်'

'တစ်ခုလောက်တော့ အပျင်းပြေရှာဖန်ပြောဟာ'

ဇာခြည်စိမ့်ကတောင်းဆိုသည်။ ထက်အောင်တို့ကလည်း ခေါင်းတညိတ်ညိတ်နှင့်။ ကျော်ဇင်ပိုင်း တစ်ယောက်သာ ပေခွေးခွေးလုပ်နေ၏။





ရဲဟိန်းသူက သူကြားဖူးနားဝရှိသော ဇာတ်လမ်းလေးတစ်ပုဒ်အကြောင်းကို ပြောပြလေသည်။

'ရှေးအခါက မြို့တစ်မြို့မှာ ဥစ္စာနေပေါကြွယ်ဝတဲ့ မဆန်းမဆိုတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်၊ သူက အချိန်တန်အရွယ်ရောက်လို့ အမျိုးကောင်းသားတစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်၊ မဆန်းမဟာ လင်ကို ကြင်နာမြတ်နိုးစွာ လုပ်ကျွေးပြုစုခဲ့တယ်'

တစ်နေ့သော ကာလ သူမ ချစ်လင်မှာ ရုတ်ခြည်းသက်သက်ချက်တစ်ပြုတ်နာနဲ့ အနိစ္စ ရောက်ခဲ့တယ်။ မဆန်းမလည်း လင်အပေါ်ချစ်စိတ်နဲ့ လင်ရဲ့အလောင်းကို မီးသင်္ဂြိုလ်ပြီးအပြန်မှာ အရိုးတစ်ခုကိုကောက်ယူလာခဲ့တယ်။

အဲဒါနဲ့ လင်ရဲ့ အရိုးကို အသက်ဝိညာဉ်ရှိသလို အမှတ်ထားပြီး အိပ်ရာအနီးမှာ ခုတင်တစ်လုံး ပြင်ဆင် ခေါင်းအုံး၊ စောင်၊ ခြင်ထောင် အပြည့်အစုံ ထားရှိပြီး သိပ်ထားတယ်။ ညဦးနံနက်အခါများတွင်လည်း ဝတ္တရားမပျက် မျက်နှာသစ်ရေမှအစ လက်ဖက်ရည်ချိန် လက်ဖက်ရည်၊ ထမင်းစားချိန် ထမင်းဟင်း ရသာချိုချဉ်တွေကို အမြဲပြုစုကျွေးမွေးလျက်ရှိလေတယ်။

မဆန်းမကို အမြို့မြို့အရွာရွာ အနှံ့အပြားမှ ပေါင်းသင်းဆက်ဆံလိုသူများက တဖွဲဖွဲရောက်လာစကားကမ်းလှမ်းကြတယ်။ မဆန်းမကနောက်ထပ်လင်သားမယူလို၊ ချစ်လင်ရဲ့ အရိုးဟောင်းကိုသာ အသက်ရှိစဉ်ကလို လုပ်ကျွေးပြုစုနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ တစ်ရွာက ကိုပေါတာဆိုတဲ့ လူပျိုကြီးက မဆန်းမရှိရာ မြို့ကိုလာပြီး မဆန်းမအား ရယူနိုင်ရန် ကြံစည်လေတယ်။ ကိုပေါတာက မဆန်းမကို ဥပါယ်တံချဥ်းနဲ့ ရယူရန် မဆန်းမအိမ်အနီး တစ်အိမ်ခြားမှာ ငှားရမ်းနေထိုင်တယ်။ ကိုပေါကလည်း သုသာန်တစပြင်က အရိုးတစ်ခု ကောက်ယူလာပြီး မဆန်းမလိုပဲ ခုတင်ပြင်ဆင်၊ အချိန်မှန်မှန် လုပ်ကျွေးပြုစုကာ မနက်တိုင်း မဆန်းမကြားအောင် ငိုမြည်းတမ်းတတယ်။

'ချစ်စွာသော မယားလေးနဲ့ သေကွဲကွဲရပါသော်လည်း ဘယ်ခါမှ မမေ့၊ တမ်းတပူဆွေးလျက်ရှိကြောင်း၊ နှမရှိစဉ်က မောင်မခွဲတမ်း လုပ်ကျွေးလျက်ပါ၊ နှမကလွဲ ကျန်တဲ့မိန်းမဖွဲ့ဆန်ကွဲ နှမကိုသာ သစ္စာမြဲကြောင်း ငိုယိုလေတယ်'

မဆန်းမရဲ့ အိမ်မှ အနိုင်းအစေများက ဒီလူသည်သူတို့သခင်မနှင့် ဘ၀ချင်းတူပုံ၊ မယားပေါ် သစ္စာရှိပုံတူညီကြောင်း ပြောပြတယ်။ မဆန်းမလည်း ကိုပေါတာဆီ သွားကြည့်တော့ သူမလိုဖြစ်နေတာကို တွေ့ရပြီး တစ်စတစ်စ ရင်းနှီးလာတယ်။

ကိုပေါတာက အရိုးအား မောင့်အပြင် နောက်အသစ်မရှာနဲ့ မောင်အသည်းကွဲရချေဆိုပြီး ငိုတော့ မဆန်းမလည်း သူ့လင်အရိုးကို ကြည့်ပြီး ကိုပေါတာလို တိုင်တည်တာပေါ့။

ကာလကြာတော့ ကိုပေါတာက မဆန်းမ အစေခံများကို တံစိုးလက်ဆောင်များပေးကာ မိမိအိမ်ရှိ မယားအရိုးကို မဆန်းမအိမ်သို့





တိတ်တဆိတ်ယူသွားစေပြီး မဆန်းမပြင်ထားသော သူ့လင်အရိုးနဲ့တွဲကာ သိပ်ထားစေတယ်။ ဒီအကြောင်းကိုလည်း ဘယ်သူမှမပေါက်ကြားရန် နှုတ်ပိတ်ထားရတယ်။

နောက်နေ့ကျတော့ ကိုပေါတာက သူ့မယားအရိုးလေးပျောက်သွားသဖြင့် သစ္စာဖောက်သွားသူ မယားအရိုးအတွက် ရှိုက်ကြီးတငင်ပူဆွေးသောက ငိုယိုလေတယ်။ မဆန်းမကြားတော့ သူလည်း ကိုယ်ချင်းစာပြီး မျက်ရည်ကျလာတယ်။ လောကမှာ ကိုယ်ကချစ်ပေမဲ့ ဖောက်ပြန်တဲ့သူကတော့ ဖောက်ပြန်မှာပဲ။ သူလည်း သူ့လင်အရိုးကို သွားကြည့်ရာ ဟော သူ့လင်အရိုးက ကိုပေါတာ မယားအရိုးနဲ့အတူ ယှဉ်တွဲအိပ်နေတာကိုတွေ့ရတယ်။ မဆန်းမလည်း ဒေါသထွက်ပြီး ကိုပေါတာမယားအရိုးကို ရိုက်ချိုးဖို့ပြင်စဉ် ကိုပေါတာ ရောက်လာတယ်။

ကိုပေါတာက ငိုကြီးချက်မနဲ့ သူ့မယားဟာ သူ့များလင်နဲ့ ဖောက်ပြန်တာ လူကြားလို့မှ မကောင်းကြောင်း ပြောလေတယ်။ မဆန်းမလည်း သူ့လင်အရိုးကို ငါလုပ်ကျွေးပြုစုနေတာတောင် သူများမယားနဲ့ ငါပြင်ဆင်တဲ့ခုတင်၊ ငါကျွေးတဲ့အစားအစာတွေကို စားသောက်နေတယ်။ သစ္စာမရှိတဲ့လင်ဆိုပြီး လင် အရိုးကို မြစ်ဆိပ်မျှောဖို့ ထွက်ခဲ့လေတယ်။ ကိုပေါတာက နောက်ကပြေးလိုက်ပြီး အချစ်ဆိုတာဟာ နှောင်ရစ်ဖွဲ့ပြီဆိုရင် ဘယ်သူမှ မခံနိုင်။ ပြီး[illegible]လည်း ပြီးပါတော့။ သေတဲ့သူ အချင်းချင်း နှစ်သက်ရင်လည်း ပေါင်းပါစေတော့လို့ ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ ကိုပေါတာက ဆက်ပြောတယ်။ သေတဲ့သူအချင်းချင်း ပေါင်းမှတော့ ငါတို့ရှင်တဲ့သူအချင်းချင်းလည်း မျက်နှာပြောင်တိုက်ပြီး ပေါင်းကြစို့ဆိုပြီး မဆန်းမနှင့် ကိုပေါတာကလည်း အကြင်လင်မယား အဖြစ်ကို ရောက်ရှိသွားပါတယ်။

အဲဒါ အချစ်ပါပဲ။

ရဲဟိန်းသူက ပုံပြင်လည်းဆုံးရော ဓာခြည်စိမ့်က သဘောကျ၍ ရယ်သည်။ ကျော်ဇင်ဝိုင်းကတော့ ထုံးစံအတိုင်း ပြုံးစူစူပဲ။

'ဟဲ့… ကျော်ဇင်ဝိုင်း နင်လည်း ကိုပေါတာလို ခွေးအရိုးဖြစ်ဖြစ် အမဲရိုးဖြစ်ဖြစ် ရှာထားပါလား'

ကျော်ဇင်ဝိုင်းမျက်နှာ မရမ်းသီးပုပ်နေလောင်သလို ဖြစ်သွားသည်။

❖ ❖ ❖



## အခန်း(၁၁)

သူငယ်ချင်းတွေအားလုံး နွေရာသီရောက်လျှင် ချောင်းသာ အပန်းဖြေအလည်အပတ် ခရီးထွက်ဖို့ စိုင်းပြင်းနေကြသည်။ အမြဲတမ်းတွေ့ဖြစ်ဆုံဖြစ်ကြသူတွေကတော့ ရဲဟိန်းသူ၊ ဓာခြည်စိမ့်နှင့် ထက်အောင်တို့စုံတွဲပင်။

ကျော်ဇင်ဝိုင်းကတော့ ချောင်းသာခရီးတွင် ချစ်သူတစ်ဦးနှင့် ယှဉ်တွဲသွားနိုင်ရန် ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသကဲ့သို့ ရည်းစားတစ်ယောက် ရရှိရေး စစ်ဆင်ရေးတစ်ရပ်ကို တစ်ကိုယ်တော် လှုပ်ရှားပြီး အကောင်အထည်ဖော်နေလေသည်။ အနီးကပ်ဆုံး ရင်းနှီးသူ ရဲဟိန်းသူကိုပင် အသိမပေး မတိုင်ပင်တော့ဘဲ သူ့ဗျူဟာနှင့်သူ စီစဉ်နေလေ၏။ မေရီဠျှန်နှင့် ကက်သရင်းကတော့ ကျောင်းချိန်ပင်မမှန်၊ အလုပ်တွေရှုပ်နေသည်။ မေရီဠျှန်က တီဗွီအစီအစဉ်တစ်ခုတွင် မော်ဒယ်တစ်ယောက်အနေနှင့် ပင်တိုင်ပါဝင်ခွင့်ရသွားသလို ကက်သရင်းက စီးရီး


www.burmeseclassic.com

www.burmeseclassic.com



တစ်ခွေထုတ်ဖို့ ပြင်ဆင်နေသည်။ ထက်အောင်တို့စုံတွဲကလည်း ကျောင်းပြီးလျှင် အလုပ်ရှာပြီး လက်ထပ်ဖို့သာ တွင်တွင်ပြောနေသည်။

လောလောဆယ်တော့ ပေါ့ပေါ့ပါးပါးရှိသူတွေက ရဲဟိန်းသူနှင့် ဇာခြည်စိမ့်ပင်။ ဝတ္ထုတစ်ပုဒ်ကို ဆွေးနွေးလိုက်၊ ကဗျာတစ်ပုဒ်ကို ဝေဖန်လိုက်နှင့် အချိန်တွေကုန်နေ၏။ ကျောင်းပြီးရန်လည်း ဘယ်လောက်မှ မလိုတော့ပေ။ ဇာခြည်စိမ့် ကဗျာတစ်ပုဒ်စ နှစ်ပုဒ်စလည်း မဂ္ဂဇင်းအချို့တွင် ပါဝင်နေပြီ။ ကဗျာရဲ့ အငွေ့အသက်ကြောင့် ရှင်သန်နေသော ဇာခြည်စိမ့်အား မြေတောင်မြှောက်ပေးသူ ရဲဟိန်းသူပင် ဝတ္ထုတိုလေးတွေ အရေးသွက်လာသည်။

ကင်တင်းတွင် ရဲဟိန်းသူနှင့် ဇာခြည်စိမ့် ထိုင်လျှင် စာအကြောင်း ပေအကြောင်းများသာ အဓိကပြောဖြစ်ကြသည်။ တစ်ယောက်က အဆိုတင်သွင်းလိုက် တစ်ယောက်ကချေပလိုက်နှင့် တကယ့်ဝါရင့်သမ္မာရင့် စာပေသမားကြီးတွေနှယ်။

'ရသစာပေက ရင်ဘတ်ထဲကလာတယ်၊ သုတစာပေက ဦးနှောက်နဲ့ အသိဉာဏ်ပိုင်း ဆိုင်ရာကလာတယ်၊ ရင်ဘတ်နဲ့ခံစားပြီး ဦးနှောက်ထဲ မှတ်သွင်းတာဟာ ရသအဆင့်ကနေ သုတအဆင့်ကို ကူးပြောင်းတာပဲ'

ရဲဟိန်းသူက ကြီးကြီးကျယ်ကျယ်တွေ ပြောနေသည်။

'နှာခေါင်းကနေ ရင်ဘတ်ထဲ ကူးပြောင်းလာတဲ့ အရာကျတော့ ဘယ်အမျိုးအစားထဲ ပါမလဲ၊ အချစ်ဝတ္ထုတွေကို ရည်ရွယ်ပြီး ဆွေးနွေးတာပါ'





'အပျော်ဖတ် အဆင့်တွေက ဘာသုတရသမှ မပေးနိုင်ဘူး အမိငယ်'

'နှာခေါင်းကနေစတဲ့ ကောင်တစ်ကောင်တွေ့ပြီ'

ဇာခြည်စိမ့်က လမ်းမပေါ် လက်ညှိုးထိုးပြသည်။ ရဲဟိန်းသူ ကြည့်ရာ သကောင့်သား ကျော်ဇင်ဝိုင်းက ကောင်မလေးတစ်ယောက်နဲ့ ယှဉ်တွဲလမ်းလျှောက်လျက်…

'ဟွန့်… ဒီကောင့်ပုံစံက လိုက်တွန်းနေတာပဲ နေမယ်'

'အစပျိုးကတည်းက မျက်ခွက်ပြောင်စပ်စပ်နဲ့'

ဇာခြည်စိမ့်က မှတ်ချက်ချသည်။

'ကောင်မလေး ကြည့်ရတာလည်း ကြွပ်ဆတ်ဆတ်နဲ့ အူတိုမဲ့သဘောရှိတယ်'

'ယောက်ျားလေးတစ်ယောက်ကို မယုံကြည်တဲ့သဘောတွေလည်း ဒီကောင်မလေးမျက်လုံးထဲမှာ တွေ့ရတယ်'

'ကျော်ဇင်ဝိုင်းကို သွားကလိရင် ကောင်းမလား'

ရဲဟိန်းသူက အရင်စပြောသည်။

'ငါ လုပ်မယ်၊ ဒီကောင့်ကို စကားလုံးတစ်လုံးတည်း၊ အမူအရာတစ်မျိုးတည်းနဲ့ ကမောက်ကမ ကသောင်းကနင်းဖြစ်အောင် လုပ်ပြမယ်'

'အလဲ့… တယ်ဟုတ်ပါလား ဇာခြည်စိမ့်ရယ်'

'နင်မယုံလို့လား၊ ငါ လုပ်ပြမယ်၊ ဒီကောင် ထိုင်ငိုချင်စိတ်တောင်ပေါက်သွားမယ်၊ သဘောပေါက်၊ ဒီကောင်မလေးမျက်နှာကြော



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်ကတည်းက ဘာမှပင်ပင်ပန်းပန်း ဝင်ရှုပ်စရာကို မလိုဘူး၊ နှင့်လူတော်တော်ဖြေရှင်းရခက်သွားအောင် ငါလုပ်ပြမယ်'

ဇာခြည်စိမ့်က ဆတ်ခနဲ ထသွားသည်။ ကျော်ဇင်ဝိုင်းတို့က ကင်တင်းရှိရာကို တဖြည်းဖြည်း လျှောက်လာသည်။ ဇာခြည်စိမ့်က သူ့ကျောပိုးအိတ်လေးကို ရင်မှာပိုက်၍ လေးလံနှေးကွေးသော ခြေလှမ်းများဖြင့် လျှောက်သွားသည်။ မျက်နှာထားမှာ တစ်စုံတစ်ခုအတွက် ဆုံးရှုံးကြေကွဲနေပုံ။

အပျော်တလွှန့်လွှန့်နဲ့ ကျော်ဇင်ဝိုင်းနှင့် ရှုသိုးသိုးကောင်မလေးက ဇာခြည်စိမ့်နဲ့ ထိပ်တိုက်တွေ့ပြီ။ ရဲဟိန်းသူလည်း ရင်သပ်ရှုမောကြည့်ရပြီ။

ဇာခြည်စိမ့်က ကျော်ဇင်ဝိုင်းတို့ အတွဲကို တွေ့သွားစဉ် တစ်ချက်ရပ်လိုက်သည်။ ရဲဟိန်းသူက ဇာခြည်စိမ့်ကို နောက်ကျောဘက်အနေအထားမှ မြင်ရသဖြင့် ဘာမှန်းမသိချေ။ ကျော်ဇင်ဝိုင်းနှင့် ကောင်မလေး အသီးသီး မျက်နှာပျက်သွားသည်ကိုတော့ တွေ့လိုက်ရသည်။ ဇာခြည်စိမ့်က ဟန်မပျက် ဆက်လျှောက်သွားသည်။

အခြေအနေက တစ်မျိုးပြောင်းလဲသွားသည်။ ကောင်မလေးက ကျော်ဇင်ဝိုင်းကို ခါးထောက်ရန်တွေ့ပြီး လက်ညှိုး ငေါက်ငေါက်ထိုးလေသည်။ ကျော်ဇင်ဝိုင်းမှာ သူခိုးလူမိသော မျက်နှာနှင့် လက်ဟန်ခြေဟန်တွေပါ ဖြေရှင်းရရှာသည်။ ကောင်မလေးမှာ စိတ်ကောက်သွားဟန်ဖြင့် ခြေလှမ်းကျဲကြီးများနှင့် ဘောက်ဆတ်ဘောက်ဆတ် ထွက်သွားသည်။ ဇာခြည်စိမ့်က အဝေးကနေ ရဲဟိန်းသူကို လက်ယပ်





ခေါ်နေ၏။ ကျော်ဇင်ဝိုင်းမှာ စိတ်ကောက်သွားသော ကောင်မလေးကို ချော့ရန် နောက်မှ ကသောကမျော အတင်းပြေးလိုက်သွားသည်။ ချစ်တီးသိမ်းသွားသော နွားကို လိုက်ယူရသော လယ်သမားလို။

ရဲဟိန်းသူလည်း လက်ဖက်ရည်ဖိုးရှင်းပြီး ဇာခြည်စိမ့်ရှိရာသို့ သိချင်ဇောဖြင့် ပြေးသွားသည်။

'ဟဲ့… ပိုင်လှချေလား၊ နင် ဘယ်လိုလုပ်လိုက်သလဲ'

'ပါးပါးလေးပါဟာ၊ ငါ တစ်ချက်ပဲ ကစားလိုက်တာပါ'

ဇာခြည်စိမ့်က လက်မထောင်၍ ပြောသည်။

'လင်းစမ်းပါဦး'

'ပထမ ငါ အသည်းကွဲတဲ့ ပုံစံနဲ့ ကြေကြေကွဲကွဲ လမ်းလျှောက်သွားတယ်၊ ကျော်ဇင်ဝိုင်းကို တွေ့တော့ ငါ့မျက်မှန်ကိုဆ၊ မျက်လုံးကလေးပြူးပြီး ရှင်လို့ တစ်လုံးပြောလိုက်တယ်၊ ပြီးမှ ဘေးက ကောင်မလေးကို ခပ်စွေစွေလေးတစ်ချက်ကြည့်ပြီး တောက်လို့တစ်လုံး ထပ်ပြောပြီး ထွက်သွားတာပဲ'

'ဟား… ဟား… ပိုင်တယ်ကွာ၊ ကျော်ဇင်ဝိုင်းတော့ ရှုံးသွားမှာပဲ'

ရဲဟိန်းသူက သဘောကျ၍ တဟားဟား ရယ်လေသည်။

'ငါတော့ အဆောင်ပြန်ရောက်ရင် နားငြီးတော့မှာပဲ'

'ကျော်ဇင်ဝိုင်းတော့ ငါ့ရဲ့ ရှင်… တောက် တိုက်ကွက်မှာ မရှုနိုင် မကယ်နိုင် ဖြစ်သွားရှာပြီ၊ ငါလည်း အကယ်ဒမီရှော့ပဲ ပစ်လိုက်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဇာခြည်စိမ့် နင် ဝင့်လည်မယ်နော်'

'လည်လည်ပေါ့၊ ဒါ အပျော်စတာပဲ၊ ဘာရည်ရွယ်ချက်မှ မပါဘူး၊ ကျော်ဇင်ဝိုင်းကို ကယ်တင်လိုက်တာ၊ သူသာ ဒီကောင်မလေးနဲ့ ရသွားရင် ဒင်းက လိုချင်တာပူဆာတာနဲ့ ကျော်ဇင်ဝိုင်း မရှိဆင်းရဲသား လုံးလုံးဖြစ်သွားမယ်'

'သြော်… နင်က စေတနာထားပြီး ဝင်နှောက်လိုက်တာပေါ့လေ'

'ဒါပေါ့၊ မဖြစ်သင့်တာ မဖြစ်ရအောင် ကြိုတင်ကာကွယ်ပေးထားတာလေ၊ နို့မို့ဆို နင့်ဘော်ဒါ အသည်းဟက်တက်ကွဲပြီး ငိုင်ချွေးဖြစ်ဦးမှာ၊ နင်ရော နင့်လူရော မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်ပုံ ချဉ်းကပ်နည်းကို မသိသေးဘူး'

'ဟ… ငါတို့က မြင်မြင်သမျှ မိန်းကလေးတွေပဲ လိုက်ကြောင်နေသလိုလိုနဲ့ နင်ပြောပုံကလည်း'

'အဲဒီသဘောမဟုတ်ပါဘူးကွာ၊ နင်ကလည်း…'

ဇာခြည်စိမ့်က ခပ်သဲ့သဲ့လေးရယ်မောလိုက်သည်။ ကျောင်းလမ်းမကြီးတစ်လျှောက်မှာ ထီးကလေးတွေကိုယ်စီနှင့် နှစ်ယောက်တစ်တွဲလေးတွေ စိတ်ကူးယဉ်ချင်တိုင်း ယဉ်နေကြသည်။ လေရူးကလည်း တစ်ချီတစ်ချက် ခပ်သော့သော့လေး ဝှေ့ဝဲတိုက်ခတ်နေ၏။

'ဟဲ့… ဇာခြည်စိမ့်၊ နင် အချစ်ကို ဘယ်လိုမြင်သလဲ'

'ဆရာ အော်ပီကျယ်ရဲ့ ကာတွန်းတစ်ကွက်လိုပေါ့၊ လူတစ်ယောက်ရင်ဘတ်ကနေ စကားထွက်လာတယ်၊ ချစ်တယ်၊ ခေါင်းကနေ





ပြန်ပြောတယ်၊ စဉ်းစားဦးတဲ့၊ နောက်ဆုံးအကွက်မှာ ဗိုက်ကအသံထွက်လာတယ်၊ စဉ်းစားမနေနဲ့ ကြာတယ်တဲ့၊ အချစ်ဆိုတာ ဒီလိုပါပဲ'

'နင်ပြောတာလည်း ဟုတ်တုတ်တုတ်'

'နင်ကရော ဘယ်လိုတွေးထားလို့လဲ'

'ငါလား မသိပါဘူးဟာ၊ ခုထိ အချစ်ဝတ္ထုတောင် မရေးတတ်တာ၊ အနက်အဓိပ္ပာယ်ကို ဘာသာပြန်မရသေးဘဲ နိုင်ငံခြားသတင်းစာထဲက ဓာတ်ပုံတွေကို ဝေဖန်တတ်တဲ့လူလိုပေါ့ဟာ'

ရဲဟိန်းသူက မထင်မရှား ဥပမာပေးရဲ့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

ရဲဟိန်းသူ စာမူပို့ရန် မြို့ထဲသို့ ထွက်လာခဲ့၏။ ပန်းဆိုးတန်းရှိ စာအုပ်အဟောင်းပုံထဲတွင် လိုချင်တာလေးများ ရှာဖွေကြည့်သည်။ စာအုပ်အဟောင်းတန်ဖိုးတွေကလည်း မြောက်လှ၏။ ရဲဟိန်းသူ စာအုပ်ရွေးနေစဉ်…

'ရဲဟိန်းသူ… ရဲဟိန်းသူ'

ခေါ်သံကြောင့် ရဲဟိန်းသူ နောက်သို့လှည့်ကြည့်မိသည်။ ရုပါဆလွန်းလေးတစ်စီးပေါ်မှ လက်ယပ်ခေါ်နေသူက ဘယ်သူမှန်းမသိ။ ရဲဟိန်းသူ ကားနားလျှောက်သွားမှ ကားပေါ်က ခေါ်သူသည် ကက်သရင်းဖြစ်နေသည်။

'ဟာ… ကက်သရင်း လူတောင်မှားတယ်ဟာ'

'လူမှားမနေနဲ့၊ နင် ငါနဲ့ခဏလိုက်ခဲ့ဟာ'

'ဘယ်ကိုလဲ၊ ငါ အဆောင်ပြန်ရမှာ၊ နောက်ကျနေပြီ'

'လိုက်မှာသာ လိုက်ခဲ့စမ်းပါဟာ'





'အေးဟာ၊ နင် တာဝန်ယူရင် ငါ လိုက်ရဲတယ်'

'ကောင်းစုတ်'

ရဲဟိန်းသူလည်း ရုပါဆလွန်းကားတံခါးဖွင့်၍ တက်ထိုင်သည်။ ကားလေးက ငြိမ့်ခနဲ ထွက်သွားသည်။ သွားသည့်နေရာကတော့ ရွှေတောင်ကြားထဲက အိမ်တစ်အိမ်ဆီသို့။ ရဲဟိန်းသူလည်း ဘာဘာညာညာ ပြန်မမေးတော့ဘဲ ကက်သရင်းခေါ်ရာကို လိုက်ခဲ့လေသည်။ အိမ်တစ်အိမ်ရှေ့တွင် ကားရပ်လိုက်သည်။ ကားကတော့ အိမ်ထဲမဝင်။ ကက်သရင်းက ကားပေါ်မှ ဆင်း၍ အိမ်ထဲဝင်သွားသည်။ ရဲဟိန်းသူလည်း ယောင်တောင်တောင်နဲ့ လိုက်ဝင်ရသည်။

အရေးထဲ ရဲဟိန်းသူ လက်သုပ်တွေ စားထားသဖြင့် ဗိုက်ကရစ်နေသည်။ အိမ်ထဲရောက်ရင် အိမ်သာအရင်မေးဦးမည်။ အိမ်လေးက သပ်သပ်ရပ်ရပ် သားသားနားနားပင်။

'ဟဲ့… ဟဲ့… ကက်သရင်း၊ ငါ ဗိုက်နာလာလို့'

'အရေးထဲ နင်ကလည်း သွား… သွား… ညာဘက်ထောင့်မှာ အိမ်သာရှိတယ်'

ရဲဟိန်းသူ တချိုးတည်းလစ်ချေပြီ။ ကက်သရင်းက ဧည့်ခန်းရှိ ဆိုဖာခုံပေါ်တွင် ထိုင်နေသည်။ ကောင်လေးတစ်ယောက် ဝင်လာသည်။

'မမ ရောက်နေပြီလား၊ အတော်ပဲ ဆရာ တော်ကြာပြန်လာတော့မယ်၊ ကျွန်တော် မြို့ထဲ အခွေသွားယူစရာရှိလို့'

'ဆရာက သူပြန်လာတဲ့အထိ စောင့်ပါတဲ့ မမ၊ အအေးသောက်ဦး'



www.burmeseclassic.com

www.burmeseclassic.com

ကောင်လေးက အချိုရည်ဗူးလေး လာချပေးသည်။

ကောင်လေး ထွက်သွားစဉ် ရဲဟိန်းသူလည်း အိမ်သာတက်ပြီး ပြန်ထွက်လာသည်။

'ဟဲ့··· ကက်သရင်း အိမ်က ကောင်းလှချည်လား၊ ဟိုလူကြီးအိမ်လား'

'ဟုတ်တယ်၊ စတူဒီယိုလည်း ရှိတယ်၊ လာ··· နင့်ကို ငါ လိုက်ပြမယ်'

ရဲဟိန်းသူက ကက်သရင်းခေါ်ရာကို လိုက်သွားသည်။ စတူဒီယိုအခန်းထဲတွင် ပစ္စည်းကိရိယာအစုံအလင်ရှိသည်။ ကက်သရင်းထုတ်မည့် အခွေပိုစတာတွေကိုလည်း တွေ့ရသည်။ အခွေနာမည်က ခုန်ဆွ ခုန်ဆွ။

'နင့်စီးရီး Title ကလည်း သားပိုက်ကောင်အကြောင်း ဆိုထားတာလား'

'နင်ကလည်း ပေါက်ကရပြောရှေ့မယ်'

'အခု နင့်လူကြီး ဘယ်လောက်လောက် ကုန်သွားပြီလဲ'

'ဘယ်လောက်ကုန်သလဲ မသိပါဘူးဟာ၊ ငါတောင် နှစ်ဆယ်လောက်မြောက်နေပြီ၊ ထားပါတော့ ဒါတွေ'

'နင့်အခွေက ဘယ်တော့ထွက်မှာလဲ'

'VCD ပါ တစ်ခါတည်းထွက်မှာဆိုတော့ ကြာဦးမှာ'

'ကောင်းပါတယ်ဟာ၊ နင့်လူကြီးက တော်တော်စေတနာကောင်းတာပဲ၊ နင့်ကိုလည်း တော်တော်ချစ်တာပဲ'





ကက်သရင်းက မခို့တရို့လေး ပြုံးနေသည်။ ရဲဟိန်းသူ စိတ်ထဲမှာတော့···

'ဒီသူတောင်းစားကြီးနဲ့ ကက်သရင်း တန်ကိုမတန်ဘူး၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ'

ကက်သရင်းက သူ့ပိုစတာအတွက် ရိုက်ထားသော ဓာတ်ပုံတွေ ထုတ်ပြသည်။ ရဲဟိန်းသူက ဓာတ်ပုံတွေ ကြည့်ရင်း···

'ငါ့ကို အအေးလေးတောင် မတိုက်တော့ဘူးလား'

'ဟာ··· ဆောရီး ငါ မေ့နေလို့၊ အတော်ပဲ၊ ဒီမှာ အချိုရည်ဗူးရှိတာပဲ'

ရဲဟိန်းသူလည်း ဖန်ခွက်အလာကိုတောင် မစောင့်တော့ဘဲ အချိုရည်ဗူးကို ဖွင့်၍ မော့သောက်လိုက်သည်။

'ကက်သရင်း ငါတို့ နွေရာသီကျရင် ချောင်းသာသွားမလို့၊ နင် လိုက်ခဲ့ပါလား'

'ငါလိုက်ဖြစ်မယ် မထင်ပါဘူးဟာ'

'အေးလေ နင်က အခွေထွက်နိုင်အောင် လုပ်ရဦးမှာ'

'နင်တို့နဲ့ လိုက်ဖြစ်အောင်တော့ ငါ ကြိုးစားဦးမယ်၊ ပျော်စရာကောင်းမှာဟ'

ကက်သရင်းက အားတက်သရော ပြောသည်။ နှစ်ယောက်သား စကားထိုင်ပြောနေကြသည်။ ရဲဟိန်းသူ စကားပြောရင်းနဲ့ တဝါးဝါး သမ်းနေသည်။

'ဟဲ့··· နင် ဘာဖြစ်နေတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မျက်စိတွေ ဝေဝါးပြီး အိပ်ချင်လာသလို့ပဲ၊ ငါ ဘာတက်စား မှ မစားထားပါဘူး ဝါး'

ရဲဟိန်းသူ အတော်လေးကို မျက်စိငေး လေးလံလာသည်။ ခေါင်းလည်း ငိုက်စိုက်စိုက်ဖြစ်လာသည်။ ကက်သရင်းက အခန်းထဲ တွင် သွားအိပ်နိုင်းသည်။ ရဲဟိန်းသူလည်း အားမနာနိုင်တော့ဘဲ ဝင် အိပ်လေသည်။

ကက်သရင်းသည် တစ်စုံတစ်ခုကို ရုတ်တရက်တွက်မိသည်။ သူတွက်မိသော အကြောင်းအချက်ကြောင့် သူ ခေါင်းကြီးသွားသည်။

'ဘုရားရေ… ငါ ထင်သလို ဖြစ်မှာလား၊ ဒါ… ဒါဆိုရင်'

ကက်သရင်းက အချိုရည်ဗူးလေးကို ကိုင်ကြည့်သည်။ သက် သေခံပစ္စည်းတစ်ခု ဖြစ်နေသလော။ ကက်သရင်းအဖြစ်အပျက်ရဲ့ အတိမ်အနက် ကွင်းဆက်ကို ခြေရာခံမိလေပြီ။

ထိုစဉ် ခြံထဲသို့ ကားတစ်စီး ဝင်လာသံ ကြားရသည်။ ကက် သရင်းလည်း အခြေအနေကို ရိပ်စားမိပြီမို့ တစ်နေရာမှ ကွယ်၍ ချောင်းကြည့်နေ၏။ သူမ၏ ကိုကြီးဒယ်ဒယိုင်ဖြင့် ဝင်လာသည်။ မျက်စိ ဟိုဒီကစားရာ လဲနေသော အချိုရည်ဗူးခွံနှင့် ကက်သရင်း၏ စလင်းဘက်အိတ်ကို တွေ့ရသည်။ ကိုကြီး အဆီပြန်သော မျက်နှာဖြင့် ပြုံးလိုက်သည်။ ကက်သရင်း အံကို တင်းတင်းကြိတ်ထားလိုက်၏။

ကိုကြီးမှာ တံခါးဟနေသော အခန်းထဲသို့ ဝင်သွားသည်။ ကက်သရင်းလည်း အိမ်ရှိ မိန်းခလုတ်ကို ချလိုက်ရာ တစ်အိမ်လုံး မှောင်မဲသွားသည်။





'ကလင်… ကလင်… ကလင်'

မှောင်မဲနေစဉ် ဟမ်းဖုန်းမြည်သံနှင့် မီးလေးလင်းလာသည်။

'ဟာ… ဂျူးလီလား၊ ကိုကြီး မနက်ဖြန်မှ လာခဲ့မယ်နော်'

'ဂျူးလီကလည်းကွာ၊ မဆိုးနဲ့လေ၊ ကိုကြီးလာရင် ဂျူးလီ အတွက် လက်ဆောင်တွေ ဝယ်လာမယ်၊ သိပ်ချစ်တာပေါ့၊ ဂျူးလီကို အမြဲတမ်း ကိုကြီး သတိရနေတာ၊ ကိုကြီးပေးတဲ့ အချစ်တွေကြောင့် ဂျူးလီ ဖွဲလမ်းသွားတာ ကိုကြီး သိတာပေါ့၊ စိတ်ချ၊ စိတ်ချ၊ မနက် ဖြန် ဂျူးလီ အလှပဆုံး ဝတ်ထားနော်၊ အိုကေ… အိုကေ… ဖုန်းထဲ ကနေ အနမ်းလေး ပေးပါရစေဦး'

ဖုန်းသံ တိတ်သွားတော့ သေးသေးလေးလင်းနေတဲ့ မီးရောင် မှိတ်သွားသည်။ တစ်ခန်းလုံး ပြန်မှောင်သွားသည်။

'အရေးထဲကွာ၊ ဒီမီးကလည်း'

ကိုကြီး အခန်းထဲဝင်သွားသည်။ အခန်းတံခါးပိတ်သံကို ကြားရသည်။ သိပ်မကြာခင် အခန်းထဲမှ အသံများ ထွက်လာသည်။

'အောင်မလေး'

'အား'

ကက်သရင်း မိန်းခလုတ်ကို ပြန်တင်ပြီး အခန်းထဲသို့ တံခါး ဖွင့်၍ ဝင်သွားသည်။ တံခါးဖွင့်သံမှာ အတော်ကျယ်သွားသည်။

'ဝုန်း'

အခန်းထဲတွင် ပြူးတူးပြဲတဲနဲ့ လန့်နေသော အိပ်ချင်မူးတူး ရဲဟိန်းသူနှင့် အဆီတဝင်းဝင်းထနေသော တဏှာရူး ကိုကြီးကို တွေ့ လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… ကက်သရင်း'

'ရှင့်အကြံ နောက်ထပ်ဘာကျန်သေးလဲ'

ကိုကြီးမှာ သူနိုးလူမိသွားခြင်းကြောင့်ခေတ္တငြိမ်ကျသွားသည်။

'ရှင် တော်တော်ယုတ်မာတဲ့ သူပဲ၊ ကျွန်မကို ပေါ့ပျက်ပျက် အပေါစားမိန်းမတစ်ယောက်ထင်နေလား၊ ဒီမှာ ဦးကိုကြီး ရှင် ကျွန်မရဲ့ အချစ်ကို လိမ်ညာဟန်ဆောင်ပြီး ကျွန်မ ဘဝကို ဖျက်ဆီးဖို့ ကြိုးစား ခဲ့တာပဲ၊ ကံကြမ္မာက ကျွန်မဘက်က ရှိနေလို့ ကံကောင်းစွာ ရှင့်လက် ထဲက လွတ်မြောက်ခဲ့ရတာပဲ'

'ကက်သရင်း ကိုကြီး ရှင်းပြပါရစေ'

'ရှင် ဆင်သေကို ဆွားသားရေနဲ့ ဖုံးဖို့ မကြိုးစားနဲ့တော့'

'ကက်သရင်း ဟဲ့… ဆိတ်သားရေပါ'

ရဲဟိန်းသူက စကားပုံအမှားကို စာရေးဆရာပီပီ ဝင်ထောက် လာသည်။

'ရဲဟိန်းသူ နင် ငါ့အစား စကားလုံးကောင်းကောင်းနဲ့ ဒီသေ နာကြီးကို နှိပ်ကွပ်ဟာ'

'နင် ငါ့ကို စာမူခပေးမှာလား'

'ဒီ ကျက်သရေတုံး အထိနာရင် နှစ်ဆပေးမယ်'

ရဲဟိန်းသူက အင်္ကျီလက်ခေါက်ကို ပင့်တင်လိုက်သည်။ ကက်သရင်းကတော့ မျက်လုံးထဲ မျက်ရည်တွေ ဝဲနေပြီ။

'ဟား… ဟား… ဟား… ဟား… ဟား'

ရဲဟိန်းသူက အသံနက်ကြီးဖြင့် ထရယ်သည်။





'ဒီမှာ ဦးကိုကြီး ခင်ဗျားဟာ ဒေါင်းယောင်ဆောင်တဲ့ ကျီး၊ သိုးရေခြုံထားတဲ့ ဝံပုလွေတစ်ကောင်ပဲ၊ တစ်နပ်စားအကြံနဲ့ မိန်းကလေး တွေကို စည်းရုံးဖျက်ဆီး ခွေးကျင့်ခွေးကြံ ကြံတဲ့ တဏှာရူးကြီးပဲ၊ ခင်ဗျားဟာ ငွေရှိတယ်၊ ဂုဏ်ရှိတယ်ဆိုပြီး နောက်ကွယ်မှာ ဖောက် ပြန်နေတဲ့ ကြောင်သူတော် ကြွက်သူခိုး အဆင့်အတန်းလုံးဝမရှိတဲ့ လူပဲ၊ တောက်… စကောလောက်မှ ဓောက်မနက် သူများသားပျို သမီးပျိုကို စော်ကားချင်တဲ့ ကာလနာကြီးပဲ၊ ဒါမျိုးတွေက ရုပ်ရှင်တွေ ထဲမှာပဲ လုပ်လို့ရမယ်၊ လမ်းဘေးမှာ သေကော့ပန်းသွားတဲ့ ခွေးဝဲ စားတစ်ကောင်လောက်တောင် ဣန္ဒြေမရှိတဲ့ ကောင်ကြီး၊ ငွေကိုလည်း ယူ၊ လူကိုလည်းသိမ်း၊ ခင်ဗျားဟာ အရင်းရှင်စနစ်ဆိုးရဲ့ လက်ဝေခံ လက်ကျန်ကာမကောင်ကြီးပဲ၊ တောက်… ဘုရားမှတ်လို့ ကိုးကွယ်မိ တယ်၊ ဖွတ်ထွက်မှ တောင်ပို့မှန်းသိရတော့တယ်၊ ပြောစမ်း၊ ခင်ဗျား ပြောစမ်း၊ ခင်ဗျားဘဝရဲ့နိဂုံးကို ကျုပ်ဖွမယ်၊ ကျုပ် စာနယ်ဇင်းကို ပြောမယ်၊ ခင်ဗျား မျက်နှာဖုံးကွာကျအောင် ကျုပ် လုပ်မယ်'

ရဲဟိန်းသူက လက်သီးခေါက်ခေါက်ထိုးပြီး ပက်ပက်စက် စက်ပြောသည်။ ကက်သရင်းက ရဲဟိန်းသူ ပြောပုံတွေကိုကြည့်၍ ငိုစရာမကောင်းတော့ဘဲ ရယ်ချင်နေမိသည်။ ဦးကိုကြီးကတော့ ဘာမှ ပြန်မပြောနိုင်တော့ဘဲ ခေါင်းငိုက်စိုက်နဲ့ ကျရှုံးနေလေရဲ့။

'ကက်သရင်း ဘယ်လိုလဲ အဆင်ပြေလား'

'ရပါပြီ၊ ဒီလူကြီးအတွက် ဒီလောက်နဲ့တင် လုံလောက်ပါ ပြီ၊ ပြောရမဲ့ စကားတွေကတန်ဖိုးရှိတယ်၊ အပြစ်တင်ခံရမဲ့သူဓ



www.burmeseclassic.com

www.burmeseclassic.com

ကျက်သရေမရှိဘူး၊ ငါတို့ သက်ဆိုင်ရာကပဲ စကားပြောကြမယ်'

'ကက်သရင်း သေချာစဉ်းစားပါဦး'

ဦးကိုကြီးက ချွေးပြန်သော မျက်နှာဖြင့် တိုးတိုးလေးပြောသည်။

'စဉ်းစားစရာ လိုမယ်မထင်တော့ဘူး ဦးကိုကြီး၊ မနက်ဖြန်ကျရင် ရှင် ဂျူးလီနဲ့ ချိန်းထားသေးတယ် မဟုတ်လား၊ ဒီနေ့ကိစ္စတွေကို မေ့ပစ်နိုင်မှာပါ'

ကက်သရင်း ခပ်ပြတ်ပြတ်ပြော၍ ထွက်လာခဲ့သည်။ ရဲဟိန်းသူလည်း ဦးကိုကြီးကို စပ်ဖြီးဖြီးနှင့် တာ့တာ ပြလေ၏။

ညက တော်တော်ညဉ့်နက်နေပြီ။ ကက်သရင်းအား အိမ်ပြန်ပို့ရန် တာဝန်ထပ်ရှိလေပြီ။ နာရီကြည့်တော့ ကိုးနာရီခွဲနေပြီ။ ကက်သရင်းအိမ်က ရန်ကင်းဘက်မှာ။ တက္ကစီ တစ်စီး ငှားလိုက်ရသည်။

'ကက်သရင်း ဘာမှတွေးမနေနဲ့တော့'

တက္ကစီ ဒရိုင်ဘာက အဓိပ္ပာယ်တစ်မျိုးဖြင့် ပြုံးသည်။

'မတွေးပါဘူးဟာ'

'လောကကြီးမှာ မတရားသူတွေက ငွေကြေးပြည့်စုံကြတယ်၊ ဒါကို အခွင့်ကောင်းယူပြီး ရိုးသားတဲ့သူတွေရဲ့ ဘဝကို နည်းမျိုးစုံနဲ့ ဖျက်ဆီးတတ်ကြတယ်၊ ကိုယ်က အသိမ္ဘာနဲ့ ဆင်ခြင်နိုင်မှတော်မယ်'

'ငါ တစ်ချက်သတိလစ်သွားတာပါ ရဲဟိန်းသူ'

'ငါလည်း တစ်ချက်မိုက်နဲ့ဖြစ်သွားတာ ကံကောင်းလို့၊ လူပျို ဘဝ မပျက်တယ်'





ကက်သရင်းက တဟားဟားနဲ့ ရယ်မောလေသည်။

ဘဝမှာ ပျော်ရွှင်စရာတွေချည်းပဲ ဖွဲ့စည်းထားလျှင် ဘယ်လောက်သာယာလိုက်မလဲ။

ကက်သရင်း အိမ်ရောက်တော့ ကက်သရင်းက သူ့မိဘတွေ ရှေ့မှာ ငိုလေသည်။ မိဘတွေက လူအေးတွေမို့ တရားသဘောနဲ့သာ ဖြေသိမ့်နေ၏။ ရဲဟိန်းသူလည်း ရင်ထဲဆို့နှင့်သွားသည်။

သူ့ကိုယ်သူ နောင်တရမိသည်။ သူ့ကြောင့် ရှယ်လီမိဘတွေရဲ့ အထင်လွဲခြင်းခံရသည်။ မေရီဂွန်ကလည်း သူ့ရည်းစား ရက်ပ်ပါဝလေးနှင့် ခွာပြဲခဲ့ရသည်။ ကက်သရင်းလည်း အခု သူ့ကြောင့် အခွေထုတ်မဲ့ စိမ်ကိန်း ပျက်သွားခဲ့ပြီ။

ဒါပေမဲ့ လူတစ်ယောက်ရဲ့ ဘဝကို ကယ်တင်ပေးခဲ့တာက လည်း မွန်မြတ်တဲ့ လက္ခဏာရပ်တစ်ခုမဟုတ်လား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၃)

နွေရာသီ ကျောင်းပိတ်ရက် ရောက်ချေပြီ။ သူငယ်ချင်းတွေ ချောင်းသာသွားမည့် အစီအစဉ်ကလည်း အဆင်ပြေပြီ။ သို့ပေမဲ့ လူအင်အားက မထင်မှတ်ဘဲ နည်းနေ၏။

ထက်အောင်တို့ စုတွဲ၊ ရဲဟိန်းသူနှင့် ဓာခြည်စိမ့်၊ ကျော်ဇင်ဝိုင်း ဤငါးယောက်သာရှိသည်။ နည်းနည်းတော့ ပျင်းစရာကောင်းပေလိမ့်မည်။

'ဟိုနှစ်ယောက်ကို ဘယ်လိုမှ ဆက်သွယ်လို့မရပါလား'

ဓာခြည်စိမ့်က စိတ်မရှည်လေဟန် ညည်းတွားနေ၏။

'လူနည်းတော့ ပျော်စရာမကောင်းဘူးဟာ'

'ဘာပဲဖြစ်ဖြစ် ငါကတော့ သွားမယ်ဆို သွားချင်တယ်ဟာ၊ စိတ်ပြေလက်ပျောက်ပေါ့၊ လူနည်းတော့ စရိတ်ပိုမကုန်ဘူးပေါ့'

'ငါကတော့ ကိုယ့်ဘာသာ ဆုံးဖြတ်ပြီး လိုက်တာကောင်းမယ်'





'မင်းကလည်း ဂျောင်ပဲ၊ ကိုယ်လိုက်တာပဲ ကိုယ့်ဘာသာ ကိုယ် မဆုံးဖြတ်လို့ မင်းအဖေက ဝင်ဆုံးဖြတ်ပေးရမှာလား'

'ငါကတော့ သွားတောင် မသွားချင်တော့ဘူး'

ထက်အောင်က ခေါင်းကုတ်နေ၏။ ကင်တင်းမှာ ငါးယောက်သား ခေါင်းချင်းဆိုင် ဆွေးနွေးနေကြသည်။ ချောင်းသာက ထက်အောင် ဦးလေးဆီ ဖုန်းဆက်ပြီးသွားပြီ။ ငွေရေးကြေးရေးကလည်း စုဆောင်းထားပြီးပြီ။ မေရီဌွန်နှင့် ကက်သရင်းကို ခေါ်ချင်ပေမဲ့အဆက်သွယ်တွေက ဝေးနေသည်။ ရဲဟိန်းသူတို့ထက် ကျော်ဇင်ဝိုင်းက ပိုတောင့်တနေ၏။

'ဘာပဲဖြစ်ဖြစ် ငါတို့ သွားတာတော့ သွားရမယ်'

'တကယ်သွားမှာလား'

ဖြန့်းခနဲမေးသံကြောင့် အားလုံးခေါင်းထောင်ထကြည့်ကြသည်။ မျက်မှန်နက်လေးကိုယ်စီနဲ့ ကောင်မလေးနှစ်ယောက်။

'ဟာ… ကက်သရင်းနဲ့ မေရီဌွန်'

အကုန်လုံး ဝမ်းသာသွားကြသည်။ သူငယ်ချင်းတွေ အခုမှ စုပေါင်းညီညွတ်ကြပြီ။ ချောင်းသာခရီးစဉ်က ပျော်ရွှင်စရာ အတော်ကောင်းနေပြီ။ ကျော်ဇင်ဝိုင်းကတော့ မှိုရတဲ့အချိန်မှာ ရွှေအိုးပဲတူးမိသလို ပျော်နေသည်။

'ဟော့… ညည်းတို့ အရှုပ်အရှင်း ကင်းရဲ့လား'

'အားလုံးပြီးဆုံးခဲ့ပြီ၊ ငါတို့နှစ်ယောက်က ရဲဟိန်းသူကို အရှုံးကျေးဇူးတင်နေတာ'



www.burmeseclassic.com

www.burmeseclassic.com



ကက်သရင်းက ဝမ်းသာအားရပြောသည်။ မေရီဂျွန်ကလည်း သူ့ရည်းစား ရက်ပ်ပါဆေးမှုနှင့် ထောင်ကျသွားကြောင်းပြော၏။ ဦးကိုကြီးလည်း လိမ်လည်မှုတွေနှင့် ထောင်ထဲရောက်သွားကြောင်း ကက်သရင်းက ပြောသည်။ လူမိုက်များ၏ သွားရာလမ်းသည် ဤအတိုင်းသာ ရှိပေတော့သည်။

'ဘဝမှာ အဆင်မပြေမှုတွေက ခဏပါ'

ရဲဟိန်းသူက ပြုံးပြုံးလေးပြောသည်။ ကျော်ဇင်ဝိုင်းက ခပ်ဇွေဇွေ ဘုကြည့်ကြည့်သည်။

'ကဲ… အားလုံးစုံပြီဆိုတော့ နောက်တစ်ပတ်လောက် ကားလက်မှတ်ဖြတ်ပြီး သွားကြမယ်'

ထက်အောင်က စိတ်အားတက်ကြွနေပုံရသည်။ ကျော်ဇင်ဝိုင်းကတော့ မေရီဂျွန်နှင့် ကက်သရင်းပါဝင်လာမှုအား ဝမ်းသာအားရဖြင့် တကျော့ပြန် ထိုးစစ်ဆင်နွဲရန် အားစမ်းနေချေသည်။

၉

ပြာလဲ့နေသော မိုးကောင်းကင်အောက်တွင် ပြာလွင့်နေသော ပင်လယ်သည် အနီရောင်နေဝန်းကြီးအား အတက်အကျမှတ်နေသည်။ လှိုင်းကြက်ခွပ်ကလေးသည် လွန့်ကာလူးကာဖြင့် တလိမ့်လိမ့်နှင့် ပင်လယ်သည် ကဗျာဆန်လှသည်။ မာယာများလှ၏။ ပင်လယ်သည် ပရိယာယ်ကြွယ်လှသည်။





ချောင်းသာရောက်ရောက်ချင်း ဟိုတယ်ရှေ့ ကားအဆိုက်တွင် ရဲဟိန်းသူတို့အုပ်စု ဒရောသောပါး ပြေးဆင်းကြသည်။ ပင်လယ်လေအား တရှိုက်မက်မက် ရှူရှိုက်ရန် ကမ်းစပ်ဆီသို့ အပြေးအလွှား။ ဖိနပ်ပေါက်နေသော ကျော်ဇင်ဝိုင်းကို အကုန်လုံး ကျော်တက်သွားကြသည်။

အပန်းဖြေသူတွေကလည်း ကက်သရင်းနှင့် မေရီဂျွန်အလှအပကို ပင်လယ်နဲ့ ရောယောင်ခံစားနေကြသည်။ ထက်အောင်တို့စုံတွဲကတော့ လက်တွဲပင်မဖြုတ်။ ဇာခြည်စိမ့်က ပင်လယ်နှင့်ပတ်သက်၍ သူသိသော ကဗျာအချို့ကို ရွတ်နေသည်။ ရဲဟိန်းသူက မြသန်းတင့်၏ ဓားတောင်ကိုကျော်၍ မီးပင်လယ်ကိုဖြတ်မည် ဝတ္ထုစာအုပ်အကြောင်း ပြောဖို့ အားသန်နေသည်။

ကျော်ဇင်ဝိုင်းကတော့ ကြောင်တက်သူပီပီ ရေကူးဝတ်စုံနှင့် ကောင်မလေးတွေကို ငမ်းကြောထနေ၏။ အကုန်လုံး ရေစပ်တွင် ပြေးလွှားရင်း စနောက်နေကြသည်။

တည်းခိုမည့် ဟိုတယ်သို့ ပြန်ကြပြီး သမုဒ္ဒရာဝမ်းတစ်ထွာကို ဖြည့်တင်းကြသည်။ အချင်းချင်း တစ်ယောက်တစ်ပေါက် ကိုယ်ပြောချင်ရာတွေ ပြောကြသည်။

'ညကျရင် ကမ်းခြေမှာ လမ်းလျှောက်မယ်'

'မနက်ဖြန် မီးပုံပွဲလုပ်မယ်'

'ထန်းရည်တွေ ဘာတွေရမလား'

'ဟား… ဟား… ဟား… ဟား'



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဇင်ဝိုင်း စကားကြောင့် အားလုံး ဝိုင်းရယ်ကြသည်။ ပင်လယ်ဘက်မှာ ဘယ်က ထန်းရည်က ရှိမှာလဲ။

'ပင်လယ်ကိုမျှား တပင်ရွှေထီးထန်းတောရှိမယ် ထင်လို့လား'

စာခြည်စိမ့်က ပြောပြောပြီး ရယ်နေသည်။ ကျော်ဇင်ဝိုင်းက ရှက်လည်းရှက်။ မှားလည်းမှားဆိုတော့ မချိသွားဖြဲလုပ်နေ၏။

ထိုစဉ် ကောင်မလေးတစ်ယောက်က နှင်းနှင်းငြိမ်းကို လာနှုတ်ဆက်သည်။

'ဟင်… မျိုးပါလား'

အရင်က သူတို့နဲ့ မျက်နှာကြောမတည့်သော မျိုးပပမောင်ဖြစ်နေသည်။ အခု မျက်နှာသေလေးနှင့် ဝတ်ကျေတန်းကျေလာနှုတ်ဆက်၏။

'မင်းသမီးပါလား၊ အေးဆေးပဲလား'

ရဲဟိန်းသူနှင့် ကျော်ဇင်ဝိုင်းက လှောင်သည်။ မျိုးပပမောင်က အားလုံးကို ကြည့်ပြီး မချိပြုံးလေး ပြုံးပြသည်။

'နှင်းနှင်း နင့်ကို ငါ တစ်ခုပြောစရာရှိတယ်၊ ခဏဟာ'

မျိုးပပမောင်က နှင်းနှင်းငြိမ်းကို ခဏခေါ်ထုတ်သည်။ ရဲဟိန်းသူနှင့် ကျော်ဇင်ဝိုင်း သံသယဖြစ်သွားသည်။

ဒီကောင်မလေးက ကတုံးကတိုက် ချန့်ပီယံလေးပင်။ အပျော်ခရီးသည် ဒင်းကြောင့် ပေါက်ကရတွေ မဖြစ်ဖို့ အရေးကြီးသည်။

ခဏကြာတော့ နှင်းနှင်းငြိမ်း ပြန်လာသည်။ သူ့ပုံစံက အရေးတကြီးပုံစံဖြစ်နေသည်။ အားလုံးကလည်း နှင်းနှင်းငြိမ်းကို စိတ်ဝင်တစားကြည့်နေ၏။





'ငါတို့ အေးအေးဆေးဆေး အခန်းထဲသွားရအောင်'

အကုန်လုံး ဒွိဟတွေနှင့် အခန်းထဲလိုက်ဝင်သည်။

'နှင်းနှင်း နင့်ကို ဟိုကောင်မ ဘာတွေကြပ်လိုက်သလဲ'

'ဘာမှမကြပ်ပါဘူး၊ မျိုးပပမောင်က အခု သူ ပြဿနာတက်နေတယ်တဲ့'

'ဘာပြဿနာလဲ၊ ငါတို့နဲ့ အဝေးကြီးပါ'

ကျော်ဇင်ဝိုင်းက လက်ကာပြသည်။ မေရီဠွန်က…

'နှင်းနှင်းစကားကို ဆုံးအောင်နားထောင်ပါဦး'

'ဒီလိုဟာ မျိုးပပမောင်နဲ့ တွဲနေတဲ့ မင်းသားရူးကောင်လေးကို သိတယ်မဟုတ်လား'

'သိတယ်လေ၊ သူလျှောသွားပြီလား'

ရဲဟိန်းသူက အမြင်ကတ်ကတ်နှင့် ပြောသည်။ ဒီကောင် ဒေါင့်မကျိုးလို့ ရဲဟိန်းသူတို့နဲ့ ကင်တင်းမှာ ပတ်လည်ငြိမ်းသည်။

'မဟုတ်ဘူး၊ အခုပြဿနာက အဲဒီမင်းသားရူးက သူ့ပိုက်ဆံတွေ အလိမ်ခံရလို့ စိတ်အခြေအနေက ပုံမှန်မရှိတော့ဘူး၊ နောက်ပြီး မျိုးပပမောင်ကို နာကျည်းနေလို့ နောက်ကနေတစ်ကောက်ကောက်လိုက်ပြီး သတ်မလို့ လုပ်နေတယ်'

'ဟာ'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါ... ဒါဆို ဒီကောင်က စိတ္တဇလူသတ်သမား'

'သေချာတယ် ကျော်ဇင်ပိုင်း၊ အခု သူ ချောင်းသာကို ရောက်နေတယ်တဲ့၊ မျိုးပပမောင်လည်း သတိဝီရိယနဲ့ နေနေရတယ်'

နှင်းနှင်းငြိမ်းက ရှင်းပြရာ အကုန်လုံး အပျော်တွေ ဆိတ်သုဉ်းကုန်၏။

ရုတ်တရက် စိုးရိမ်မှုနှင့် ကြောက်စိတ်တွေ ဝင်လာသည်။ အထူးသဖြင့် ရဲဟိန်းသူနှင့် ကျော်ဇင်ပိုင်းက ပိုဆိုးနေသည်။

'အခြေအနေက တော်တော်ဆိုးနေလား'

'မျိုးပပမောင် ပြောပြချက်အရဆိုရင်တော့ ပြဿနာက မသေးဘူးနော်၊ စိတ္တဇဆန်ဆန်ဖြစ်နေတာတဲ့၊ ဘာပဲပြောပြော ငါတို့ သတိဝီရိယတော့ ထားရမယ်၊ မြားဦးက ငါတို့ကို ပစ်မှတ်ဖြစ်သွားနိုင်တယ်'

ကျော်ဇင်ပိုင်းက တဖြည်းဖြည်း လူစုထဲ တိုးတိုးလာသည်။ ဓာခြည်စိမ့်ကတော့ သတ္တိခဲလေး။

'အောင်မာ ဒီကောင့်ဘာသာ စိတ္တဇလူသတ်သမားဖြစ်ဖြစ် ကြောင်ပဲဖြစ်ဖြစ် ငါတို့က လူအင်အားများတာပဲ၊ ဂရုစိုက်စရာမလိုပါဘူး'

'ဘာပဲပြောပြောလေ၊ သတိဝီရိယတော့ ထားရမယ်'

ထက်အောင်က သတိပေးသည်။

'ဒေါက်... ဒေါက်'

'အောင်မလေး'



သတ္တိအရှိဆုံး ကျော်ဇင်ပိုင်းက ထခုန်သည်။ ဖြုန်းခနဲ ဘယ်သူမှ တံခါးဆွဲမဖွင့်ရဲ။

ထက်အောင်က ထ၍ဖွင့်တော့ ဟိုတယ်ဝန်ထမ်း။

'အစ်ကိုတို့ကို လူတစ်ယောက်က စာပေးခိုင်းလို့'

အားလုံးစာကိုဖွင့်ဖောက်ဖတ်ရာ သွေးဖြင့်ရေးထားသော စာများကို တွေ့ရသည်။

'မင်းတို့အားလုံး ချောင်းသာကနေ အသက်ရှင်လျက်နဲ့ ပြန်ထွက်လို့ မရဘူး၊ ဒီအချိန်ဟာ ကလဲ့စားချေဖို့ အကောင်းဆုံးပဲ'

'ဟာ... ဒုက္ခပဲ၊ ဒုက္ခပဲ'

ကျော်ဇင်ပိုင်းက သွေးရူးသွေးတန်းထအော်သည်။ ရဲဟိန်းသူကတော့ ပက်လက်လှန်ချပြီး သက်ပြင်းတွေချနေသည်။ ထက်အောင်က မျက်မှောင်ကြုတ်နေသည်။

'ငါ... ငါတို့ စောစောစီးစီး ရဲတိုင်ထားရင် ကောင်းမလား'

မေရီဥ္ဆုန်က ပြောသည်။

'အဲဒါဆိုရင် ပိုဆိုးသွားဦးမယ်၊ မတိုင်နဲ့ဦး၊ ငါတို့ဖြေရှင်းလို့ရပါတယ်၊ ဘာမှမပူပါနဲ့'

ကက်သရင်းက စိတ်ဓာတ်မကျအောင် ဖေးဖေးမမပြောသည်။

'ငါတို့ စုစုစည်းစည်း ရှိနေရင် ဒီကောင်မလာရဲပါဘူး'

'ဒီကောင့်မှာ လက်နက်တွေပါလာနိုင်တယ်နော်'

ရဲဟိန်းသူကလည်း သွေးပျက်နေပြီ။

'ဘုရားရေ... ဝဋ်လည်ပြီဟ'



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဇင်ဝိုင်းက ဘုရားတနေပြီ။ အားလုံးရဲ့ အပျော်တွေသည် အကြောက်တရားဆီသို့ တမဟုတ်ချင်း ကူးပြောင်းသွားချေပြီ။ ထက်အောင်နှင့် နှင်းနှင်းငြိမ်းကလည်း ပူးကပ်စွာ ဖက်ထားလေပြီ။ အကွက်ဝင်ပါပေ့။

အားလုံး ရေသောနေရင်း မသက်ာစရာကောင်းတဲ့သူကို လိုက်လံရှာဖွေကြသည်။ ဘယ်သူမှလည်း မတွေ့။ ဒါပေမဲ့ တစ်စုံတစ်ယောက်က သူတို့ကို မမှတ်မသုံစောင့်ကြည့်နေ၏။

ညဘက်လည်း အပြင်မထွက်ရဲပေ။ လသာဆောင်တွင်သာ စုစုစည်းစည်း ထိုင်နေကြရသည်။ လူသတ်သမား ဘယ်ကလာမလဲ တွက်ဆနေကြ၏။

'အဂ်လိပ်ကားတွေထဲကလို ဖြစ်နေပြီ'

ကျော်ဇင်ဝိုင်းက တုန့်တုန့်ရီရီပြောသည်။ ဟိုတယ်ဝန်ထမ်းကောင်လေးနှစ်ယောက် ရောက်လာသည်။

'အစ်ကိုတို့ အခုည သောင်စပ်နားမှာ အမျိုးသမီး အလောင်းတစ်လောင်းတွေ့ရတယ်၊ ဒီည အပြင်မထွက်ကြပါနဲ့၊ ရဲတွေလည်း လိုက်စစ်ဆေးလိမ့်မယ်'

ကောင်လေးနှစ်ယောက် ထွက်သွားတော့ အားလုံးကြောက်စိတ်သည် အမြင့်ဆုံးဒီဂရီသို့ တိုးတက်သွားလေပြီ။

'သေတဲ့သူက မျိုးပပမောင်များလား မသိဘူး'

'ဖြစ်နိုင်တယ်၊ ဟုတ်မဟုတ်တော့ သေသေချာချာလည်း မသိဘူး'





'ဟာ… ဒါဆို မျိုးပပမောင်ကို မသတ်ခင် ငါတို့အကြောင်းတွေကို လူသတ်သမားက မေးမှာပဲ'

'ဒီမိန်းမက အကုန်ဖော်မှာနော်'

ကျော်ဇင်ဝိုင်းက ဓားချွေးတွေပါ ပြန်နေပြီ။

'ငါတော့ သေချာအောင် အဲဒီကို သွားကြည့်ချင်တယ်'

သတ္တိခဲမလေး ဇာခြည်စိမ့်က စုံထောက်ဟန်ဖြင့် ရဲရဲဝံ့ဝံ့ပြော၏။

'ဇာခြည် မသွားပါနဲ့ဟာ'

မေရီလွှန်တို့က အတင်းတားသည်။ ဇာခြည်စိမ့်က သွားကို သွားချင်နေ၏။

'ရဲဟိန်းသူ နင် ငါနဲ့လိုက်ခဲ့ဟာ၊ သေဆုံးသူ အမျိုးသမီးက မျိုးပပမောင် ဟုတ်မဟုတ် သွားကြည့်ရအောင်'

'ငါ… ငါ'

'နင်ကလည်း သတ္တိကြောင်မနေစမ်းပါနဲ့'

'ရဲဟိန်းသူ မင်း ဇာခြည်စိမ့်နဲ့ အဖော်လိုက်သွားပါကွာ'

ရဲဟိန်းသူလည်း မတတ်သာဘဲ ဇာခြည်စိမ့်နောက် လိုက်ဖို့ပြင်ရတော့သည်။

'ကျော်ဇင်ဝိုင်း မင်းလိုက်ဦးမလား'

'အောင်မလေး မလိုက်ဘူး၊ မလိုက်ဘူး'

အရင်ကဆို မိန်းကလေးတွေနဲ့ သွားချင်တဲ့ကောင်။ ခုတော့ သေတောင် မလိုက်တော့ဘူး။ ဒူးလည်း တုန်နေပြီ။


www.burmeseclassic.com

www.burmeseclassic.com



ရဲဟိန်းသူလည်း သူ့ရဲကောင်းသတ္တိမွေးကာ စူပါမင်း၏ မွေးစားသမီး၊ ဗန္ဓုလ၏ မြေးမလေး၊ ဂျင်ဂျစ်ခန်၏ တူမလေး ဇာခြည်စိမ့်နှင့် အခင်းဖြစ်ပွားရာသို့ ထွက်ခဲ့ကြသည်။ ညက လရောင်မရှိ။ ကြယ်တွေက တလက်လက်နှင့် ငိုက်နေကြသည်။

❀ ❀ ❀



## အခန်း(၁၄)

'အလကားပါ၊ ဟိုတယ်ဝန်ထမ်းတွေ လျှောက်ဖွနေတာ'

'ဟုတ်ပ၊ ဘာမှလည်း မဖြစ်ဘူး'

ရဲဟိန်းသူနှင့် ဇာခြည်စိမ့် အခင်းဖြစ်ပွားရာ နေရာကို သွားကြည့်ရာ ဘာမှမဖြစ်ကြောင်း သိရသည်။ ဇာခြည်စိမ့်က တစ်ခု စဉ်းစားမိသည်။

'ငါတို့ကို အပြင်ထွက်အောင် ပထုတ်တဲ့နည်းကို လူသတ်သမားက သုံးတာလား'

'ဟင်… ဇာခြည် နှင် ခန့်မှန်းတာ ဖြစ်နိုင်တယ်'

'လာ… ငါတို့ ဟိုတယ်ကို အမြန်သွားရအောင်'

နှစ်ယောက်သား ဟိုတယ်ကို ပြေးကြသည်။ ဟိုတယ်အခန်းက တိတ်ဆိတ်နေသည်။ မီးရောင်ကလည်း သိပ်မလင်း။ ရဲဟိန်းသူတို့ တံခါးကို တွန်းဖွင့်ပြီး ဝင်ရာ တစ်ခန်းလုံး ပွစာကျဲနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'လာ… အိပ်ခန်းထဲ ဝင်ကြည့်ရအောင်'

အခန်းထဲတွင် မြင်တွေ့ရသည့် မြင်ကွင်းက မကောင်းပေ။ နံရံကို မှီ၍ ဓားတန်းလန်းနှင့် သေနေသော မေရီဂွန်၊ ခုတင်ပေါ်တွင် မှောက်လျက်သား သေနေသော ကက်သရင်း၊ မျက်နှာတွင် ဖူးယောင်ပြီး ပုံလျက်သားမှေ့နေသော ထက်အောင်နှင့် နှင်းနှင်းငြိမ်း၊ ကြိုးဖြင့် အထပ်ထပ် တုတ်ခံထားရပြီး ပါးစပ်ကို ပလာစတာကပ်ထားခြင်းခံရသူက ကျော်ဇင်ဝိုင်း၊ အဝတ်အစားတွေလည်းမရှိ၊ နံငယ်ပိုင်းနှင့် ဘေးတွင်လည်း ဖန်ကာကြီးဖွင့်လျက်သား။

'ဟာ… သွားပြီ၊ ဒုက္ခပဲ'

'မင်းတို့နှစ်ယောက် ရောက်လာကြပြီလား'

ဇီရိုအကွယ်မှ ကုတ်အင်္ကျီအနက်နှင့် လူသတ်သမား ဓားမြှောင်တစ်လက်ကိုင်၍ ထွက်လာသည်။ မျိုးပပမောင်ရဲ့ ရည်းစား အရူးကောင်ပင်။

'ဟေ့ကောင်… မင်း…' မင်း ဘာအပြုံးနဲ့ ငါ့သူငယ်ချင်းတွေကို လိုက်သတ်နေရတာလဲ'

ရဲဟိန်းသူ စီဒီထစ်စွာနှင့်မေးသည်။

'ဟား… ဟား… ဟား… ဟား… အပြုံးရှိမှ သတ်ရမှာလား၊ မင်းတို့တတွေဟာ ငါ့ဘဝတစ်ခုလုံးကို အရှက်ခွဲခဲ့တာ၊ ငါ သေတောင် မှတ်မိတယ်'

'မင်း ကြောင်ပဲ'





'တိတ်စမ်း၊ မင်းတို့ မသေခင် လိုရာဆုတောင်းကြတော့'

လူသတ်သမားက ရှေ့တိုးလာသည်။ ရဲဟိန်းသူ နောက်တစ်လှမ်း ဆုတ်သွားသည်။

'စာခြည်… မင်း ပြေးတော့၊ ဒီကောင်ကို ငါ… ငါ… ခုခံမယ်'

'ဖြစ်ပါ့မလား'

'အရေးထဲ အချစ်အတွက် သတ္တိထွက်လာတဲ့ကောင်က ရှိသေးတယ်၊ မပူနဲ့၊ မင်းတို့နှစ်ယောက်စလုံးကို ငါသတ်မှာ'

ရဲဟိန်းသူက စာခြည်စိမ့်ကို ထွက်ပြေးခိုင်းသည်။

'ကြောင်… မင်းသတ္တိရှိရင် ငါ့ကိုလာသတ်လေ'

'မင်းကိုသတ်ပြီးမှ မင်းကောင်မလေးကို ဖြည်းဖြည်းချင်း ညှင်းဆဲပြီးမှ ဟား… ဟား… ဟား… ဟား'

'ဟေ့ကောင်… အဲဒါ ငါ့ချစ်သူကွ၊ ထိရဲရင် ထိကြည့်'

'ဟား… ဟား… ဟား… ဟား'

လူသတ်သမားရယ်သံက အများကြီး ပဲ့တင်ထပ်နေသည်။ အခန်းထဲတွင် မီးများလင်းထိန်လာသည်။ လက်ခုပ်သံနဲ့အတူ အဘိုးကြီးတစ်ယောက်နှင့် မျိုးပပမောင် ဝင်လာသည်။ သေနေသည့် သူတွေလည်း အသက်ရှင်လာသည်။ ထက်အောင်၊ နှင်းနှင်းငြိမ်း၊ မေရီဂွန်၊ ကက်သရင်းတို့ကလည်း လက်မလေးတွေ ထောင်ပြသည်။ ထက်အောင်က ကျော်ဇင်ဝိုင်းကို ကြိုးဖြေပေးသည်။ ရဲဟိန်းသူ သဘောပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

'သြော်… လက်စသတ်တော့ မင်းတို့က ပြဇာတ်တိုက်လိုက်တာကိုး'

'ဟုတ်ပါတယ်ဗျာ၊ ဒါက ဒါရိုက်တာကြီးဦးစိုးပိုင်ပါ၊ ကျွန်တော်တို့ ဒီမှာ ဗီဒီယိုလာရိုက်တာပါ'

'ဟုတ်ပါတယ်၊ ရန်ကုန်မှာရှိကတည်းက နှင်းနှင်းငြိမ်းက ချောင်းသာမှာ ဇာတ်လမ်းလေးတစ်ပုဒ် ဆင်ချင်လို့၊ မျိုးကိုလာ အကူအညီတောင်းတာနဲ့ ခုလိုဖြစ်သွားရတာပဲ'

မျိုးပပမောင်က ရှင်းပြသည်။

'ဟုတ်ပါတယ်၊ ငါ့ရဲ့ဆန္ဒက နင့်ကို ချစ်သူတစ်ယောက်ရအောင် ကူညီပေးချင်တာပဲ၊ နင်နဲ့ သင့်တော်မဲ့သူကလည်း ဇာခြည်စိမ့်တစ်ယောက်ပဲ ရှိပါတယ်၊ ဇာခြည်စိမ့်ကလည်း နင့်အပေါ် အမြဲနားလည်ပေးသူပဲ၊ ဒါကြောင့် ငါရယ်၊ ထက်အောင်ရယ်၊ မေရီဂွန်တို့ ပူးပေါင်းပြီး ဒီစိတ္တဇလူသတ်သမားဇာတ်ကို ထွင်လိုက်ရတာပဲ'

နှင်းနှင်းငြိမ်းက သူ့အစီအစဉ်ကို ပြောပြသည်။

'ရဲဟိန်းသူ အခု နင်အကျဉ်းအကြပ်ထဲ ရောက်တော့ ဝန်ခံသွားပြီပေါ့'

'ဟုတ်ပ၊ အရင်က မချစ်တတ်တာကျနေတာပဲ'

မေရီဂွန်နှင့် ကက်သရင်းက အရွှန်းဖောက်သည်။ ခုမှ ဇာတ်လမ်းက ရေလည်သွားခဲ့ပြီ။

'ကလေးတွေအားလုံး သရုပ်ဆောင်ကောင်းကြပါတယ်၊ ဒါပေမဲ့ လှည့်စားခံလိုက်ရတဲ့ နှစ်ယောက်ရဲ့ သရုပ်ဆောင်မှုက တကယ့်





ဖီလင်အပြည့်ပဲ၊ Mood လည်း အရမ်းပါတယ်၊ မထင်မှတ်ထားတာတွေ ဖြစ်သွားတော့ ပိုအသက်ဝင်သွားတာပေါ့'

ဒါရိုက်တာကြီးက ချီးကျူးသည်။

'နှင်းနှင်းငြိမ်း ဒီကိစ္စ ငါတောင်မသိဘူး'

'နင်က ပါးစပ်မှမလုံတာ၊ အသိပေးလို့ ဘယ်ရမလဲ'

'ငါ့ကို အအေးပတ်အောင် ကြံစည်ကြတာ ဟီး… ဟီး'

ကျော်ဇင်ပိုင်း ချမ်းနေပြီ။ မျိုးပပမောင်က…

'ကဲ… ကဲ… မနက်ဖြန်ကျရင် ဒါရိုက်တာကြီးက သောင်စပ်မှာ မီးပုံပွဲလုပ်ပေးမယ်၊ အားလုံးလာကြနော်'

'ဟေး… ဟေး'

ခုကျတော့ ပျော်စရာကောင်းလှပါသည်။ ဇာခြည်စိမ့် ကဗျာဆရာမလေးက အရင်နှုတ်သွက်သလောက် အခု ရှက်ရှုံငြိမ်သက်နေသည်။

ရဲဟိန်းသူမှာ ပျော်လည်းပျော်၊ ရှက်လည်းရှက် ခွကျနေသည်။

'ကဲ… မင်းသားနဲ့ မင်းသမီး Love ဆင်းလေးကို ရှောင်ပေးကြပါဦး'

ဒါရိုက်တာကြီးက သတိပေးသည်။ မင်းသားနှင့်မျိုးပပမောင်က အရင်ထွက်သွားကြသည်။

'ဒီတစ်ခါ ဘာမှကြောက်စရာမရှိတော့ဘူး'

ဒါရိုက်တာကြီးလည်း ထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

မေရီဂျွန်နှင့် ကက်သရင်းက ဇာခြည်စိမ့်ကို စ၍ထွက်သွားကြသည်။

'ကိုင်းကွဲ… ဒါဟာ ပင်ကိုရေး ကဗျာတစ်ပုဒ်နော်'

'စာသားတွေကို သူများခိုးမချစေနဲ့'

'ကောင်စုတ်မတွေ'

ထက်အောင်နှင့် နှင်းနှင်းငြိမ်းကလည်း…

'ငါ့သူငယ်ချင်းလေး ထာဝရ လက်တွဲနိုင်ပါစေ'

'မင်္ဂလာကတော့ ငါတို့ဦးအောင်ဆောင်မှာနော်'

ကျော်ဇင်ပိုင်းကတော့ တုန်တုန်ရီရီနှင့်…

'ရဲဟိန်းသူ မင်း ငါ့ထက်ကျော်သွားပြန်ပြီ၊ တွေ့မယ်၊ တွေ့မယ်'

အခန်းထဲတွင် ရဲဟိန်းသူနှင့် ဇာခြည်စိမ့်သာ ကျန်ရစ်ခဲ့တော့သည်။ သူတို့ရင်ထဲမှာ ရင်ခုန်သံတွေ ဖလန်းဖလန်းဖြစ်နေပြီ။ နှလုံးသားဆုဝေပွက်ထနေ၏။

'ဇာခြည်'

'ဘာလဲ'

'ကျွန်တော် ချစ်တာကို အသိအမှတ်ပြုမှာလား'

ဇာခြည်စိမ့် ဘာမှပြန်မပြော။

'ကျွန်တော် ဇာခြည့်ကို အရမ်းချစ်တယ်'

ဇာခြည်စိမ့် စကားသံထွက်မလာ။

'ဇာခြည် ကျွန်တော့်ကို တစ်ခုခု ပြန်ပြောဦးလေ'





ဇာခြည်စိမ့် ခေါင်းကလေးငုံ့သွားသည်။ နှုတ်ခမ်းလေးဖွင့်ဟပြီး…

'တေးသံများ၊ အလင်းရောင်များ၊ လေ၊ အတို့အထိနဲ့ ခံစားချက်ထဲမှာ ပျောက်ကွယ်နေတဲ့ကမ္ဘာကို တို့နှစ်ယောက် ဖန်တီးကြမယ်'

'ဟွဲ… ဂုံခါးရဲ့၊ ငါ ငြိမ်နေတာ ကဗျာစာသားနဲ့ အဖြေပေးမလို့ စဉ်းစားနေတာ၊ အလိုက်ကမ်းဆိုးမသိ၊ အမြဲ တလွဲ… တချော်'

***ရယ်မောခြင်းဖြင့် ရင်ကိုအေးမြစေမယ့်…***

တန်ခူးလေပြေ


BURMESE CLASSIC .com
www.burmeseclassic.com